
# ရှာလုံ

မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်၊
သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်

# SHALOM Magazine 2015-2016



# ဥယျောဇဥ်



သန့်ရှင်းသောကားတိုင် ဓမ္မတက္ကသိုလ် ၊ ၂၀၁၅–၁၆ စာသင်နှစ်၏ ရှာလုပ်စာစောင်ကို ထုတ်ဝေနိုင်သည့်အတွက် ဘုရားသခင်ကိုချီးမွမ်းလျက်၊ ဝိုင်းဝန်းကူညီ ဖေးမသူတစ်ဦးစီအား ကျေးဇူးအထူးတင်ရှိပါသည်။ ယခုစာသင်နှစ်အတွင်း ''ဝိညာဉ်တော်ဘုရားထဲ၌တည်ဆောက်စေပါ''ဟူသည့်အချက်ကို ခွန်အားယူဦးတည်လျက် ဘုရားသခင်၏ အမှုတော်မြတ်၌ အတူတကွပါဝင်လျက်ရှိပါသည်။ မိမိတို့၏ ကိုယ်စွမ်း၊ ဉာဏ်စွမ်းကိုသာ အမှီပြုခြင်းထက် ဘုရားသခင်၏ ကူညီဖေးမမှု၊ ဦးဆောင်မှုဖြစ်သည့် ဝိညာဉ်တော်ဘုရား၏ တန်ခိုးအားဖြင့် မိမိတို့ဦးတည်သည့် အမှုတော်မြတ်ဆိုင်ရာ ပန်းတိုင်အသီးသီးကို ရောက်ရှိအောင်မြင်နိုင်မည်ဟု ခံယူနားလည်ခြင်းဖြစ်ပါသည်။ အကောင်းဘက်သို့ရွေ့ရှူနေသည့် အမိမြန်မာနိုင်ငံတော်၏ အခြေအနေအရပ်ရပ်သည်လည်း ဘုရားသခင်၏ ပြုပြင်လုပ်ဆောင်မှု၊ အုပ်စိုးမှုများကို သက်သေပြနေသည်ဟု သုံးသပ်မိပါသည်။

ကောင်းမွန်သော ပြောင်းလဲခြင်းသို့ဦးတည်နေသည့် လူမှုအသိုင်းအဝန်းအတွင်း စစ်မှန်သည့် ပြောင်းလဲခြင်း၏ အရှင်ဖြစ်သည့် သခင်ခရစ်တော်၏ နောက်လိုက်တပည့်တော်စစ်များအဖြစ် အလင်းပေးလျက် ဘုရားသခင်၏ အလိုတော်ကို အမိမြန်မာနိုင်ငံတော်၌ ပြည့်ဝစုံလင်နိုင်စေရန် ပါဝင်ကြပါစို့။

စာဖတ်ပရိသတ်များနှင့်တကွ၊ ဓမ္မတက္ကသိုလ်အား အဖက်ဖက်မှ ဝိုင်းဝန်းကူညီဖေးမသူအားလုံးအပေါ် ဘုရားသခင်ထံတော်မှ ကောင်းချီးမင်္ဂလာနှင့် ငြိမ်သက်ခြင်းသက်ရောက်တည်ရှိပါစေသော်။။ အာမင်။

ကျေးဇူးတင်လျက်၊

**ဘုန်းတော်ကြီး ရှမွေလစံမြတ်ရွှေ**
**ကျောင်းအုပ်ကြီး**



Rev. Dr. Samuel San Myat Shwe
(B.Th, Ph.D)
Principal



Rev. Dr. Paul Myint Htet Htin Ya
(B.A, M.Div, M.Th, D.Th)
Dean of Studies



Rev. Wai Moo
(B.Th, M.A.T.S, M.Th
Dean of Student



Rev. Dr. Andrew Zaw Lwin
(B.A, M.Div, Th.M, D.Min)



Sayarma Saga Hkawng Tawng
(B.Sc, B.R.E, M.A.C.E)



Rev. Salai David
(B.A, B.Th, M.A.C.S)



Deacon Enoka
(B.Th, M.Div)



Sayarma Mary Hninn Hninn Aye
(B.Th, B.Sc, M.T.S, M.Th)



Rev. Saw John Thet Lwin
(Librarian in charge)



Naw Myat Su Mon
(B.Sc, B.Th, M.T.S, D.Th (candidate)



Naw Lwin Thida Myint
(B.Sc, B.Th, M.T.S, M.Th (Candidate)



Rev. Moses Kaser Htaw
(B.Th, M.Div, M.Th (Candidate)







Rev. Canon.Dr. Mark Saw Maung
Doe (B.A, B.D, MTS, Ph.D)



Rev. Dr. Simon Be Bin Htu
(B.Sc, M.Div, M.Th, D.Min)



Dr. U Aung Hla Tun
(E.Enn; (Met), M.E; (Met), D.D)



Rev. Allan Kyaw Myo Naing
(B.Th, M.Div, D.Min (Candidate)



Rev. Winston Aung Myo Tun
(B.Th, B.A, M.A.C.S)



Sayar Joshua Myat Zaw



Sayama Daw Wai Wai Myint
(B.A, M.T.S) Assistant Librarian



Sayama Naw Mercy See Sein Soe
(B.A, M.Res, MACS) Assistant Librarian



Sayarma Naw Sheba Movin
(B.A)



Saya Saw Khalay Saw
(B.Th, M.Div (Candidate)



Deacon Saw Klo Htoo Wah
(B.Th, M.Div (Candidate)



Saya John Brang Aung
(B.Th, M.Div (Candidate)



Rev. Smith Ngut Za Thawng
( B.Sc, B.R.E, M.Th (F.D.CS)



Grace Mee Bya
B.Sc; M.Div.;M.Th.; D.Min.



Dr. Daw Khin Thida yunt
B.Sc; B.R.R.; M.Th.; D.Min.



Daw Joy Hla Gyaw



U San Lin



U Naw Aung



Nant Yin Yin Win
Cook



U Saw Myat Thin
Maintenance



U Saw David
Gardener



Nant Thandar Win
Office Assistant (project staff)



Sayama Naw Martha
(B.A, B.Th, MACS) Head of Office



Nant San Phaung Bwa
Accountant (project staff)




Ma Po Po Myint Maung
B.Th, (Tutor)








B.Th I



M.Min class of 2016



B.Th II



Special Students



B.Th III



B.Th IV



SHALOM MAGAZINE

# ၂၀၁၄-၁၅ ပညာသင်နှစ် ဘွဲ့နှင်းသဘင်



ပညာရည်ချွန်ဆုပေးခြင်းနှင့် အမှုတော်ဆောင် သက်တမ်း ၃၀ နှစ်နှင့်
အထက်ရှိ ကျောင်းသားဟောင်းများအား ...



မန္တလေးသာသနာပိုင်နယ်မှ ကျောင်းသားများ



မြစ်ကြီးနားသာသနာပိုင်နယ်မှ ကျောင်းသူ/ သားများ



ရန်ကုန်သာသနာပိုင်နယ်မှ ကျောင်းသူ/ သားများ



ဘားအံသာသနာပိုင်နယ်မှ ကျောင်းသူ/ သားများ




စစ်တွေသာသနာပိုင်နယ်မှ ကျောင်းသူ/ သားများ



တောင်ငူသာသနာပိုင်နယ်မှ ကျောင်းသူ/ သားများ



ကျောင်းသားကောင်စီ










# အယ်ဒီတာ့စကား

ကျေးဇူးတော် ...... ဘုရားရှင်၏ ကျေးဇူးတော်ကို အလွန်ချီးမွမ်းပါသည်။
ကျေးဇူးတော် ...... အပူအပင်များကြားမှ ရှာလုမ်မဂ္ဂဇင်း ထွက်ရှိခဲ့ပါပြီ။
ကျေးဇူးတော် ...... ကျေးဇူးတော်ကြောင့် ရှာလုမ်မဂ္ဂဇင်း ဖတ်ရှုခွင့်ရခြင်း ဖြစ်ပါသည်။
ကျေးဇူးတော် ...... ကျေးဇူးတော်ကြောင့် ဤမဂ္ဂဇင်းမှ ခွန်အားရရှိမည်ဟုလည်း မျှော်လင့်ပါသည်။
ကျေးဇူးတော် ...... ကျေးဇူးတော်ကြောင့်သာမဟုတ်ခဲ့လျှင် ယခုကဲ့သို့ ချီးမွမ်းနိုင်မည်မထင်ပါ။
ကျေးဇူးတော်မှတစ်ပါး အခြားသောမဂ်လာ ကျွန်ုပ်၌မရှိပါ။
လူတို့ကြံစည်၍ မမှီနိုင်သော ဘုရားသခင်၏ ငြိမ်သက်ခြင်းကျေးဇူးတော်သည် စာဖတ်သူများ၊ ကူညီကြသောသူ တစ်ယောက်စီတိုင်းအပေါ် အစဉ်အမြဲတည်ရှိပါစေသော ....... ရှာလုမ် ...

တာဝန်ခံစာတည်း

၂၀၁၄–၂၀၁၅ ခုနှစ်ထုတ်မဂ္ဂဇင်းတွင် ပါရှိခဲ့သောအမှားအယွင်းများအတွက် စာရေးသူ ဆရာ၊ဆရာမ အားလုံးနှင့် စာဖတ်သူများအားလုံးကို အနူးအညွတ်တောင်းပန်အပ်ပါသည်။

ရှာလုမ်စာတည်းအဖွဲ့

# ရှာလုမ်မဂ္ဂဇင်းကော်မတီ

## (၂၀၁၅–၂၀၁၆)

| | |
|---|---|
| နာယက | |
| အကြံပေးနှင့် စာမူစိစစ်ရေး | – ဘုန်းတော်ကြီး ပါမောက္ခဒေါက်တာရှမွေလစံမြတ်ရွှေ |
| | – ဘုန်းတော်ကြီး ဝင်စတန်အောင်မျိုးထွန်း |
| | – ဘုန်းတော်ကြီး စောရစ်ချက်ဝေမူး |
| | – ဆရာရှမွေလစောခလေးစော |
| တာဝန်ခံစာတည်း | – ဆရာဘရန်အောင် |
| တွဲဖက်တာဝန်ခံစာတည်း | – စောဘုန်းကျော်လင်း |
| သဘာပတိ | – အောင်လင်းထွန်း |
| ဘဏ္ဍာထိန်း | – စောကပေါ်စိုး |
| စာမူစုဆောင်းရေးတာဝန်ခံများ | – ကျော်ဘိုဘိုဟန် |
| | – စောဖိုးကျော်မြ၊ စောအယ်ဒိုစိုး၊ အယ်လီမန်၊ ရှိုင်းနင်းမွန်း မိုက်ကယ်ပြည့်ဖြိုးဟန်၊ တူးခေါင်၊ အောင်လင်းထွန်း၊ ဆွတ်ထိန်မွန်အောန်း |
| ဖြန့်ချီရေးမှူးများ | – (က) ရန်ကုန်သာသနာပိုင်နယ် မျိုးဇော်ထွန်း (ရန်ကုန်) ကျော်ရဲ (ပြည်) နော်ဒေင်လိုုင်း (မြစ်ဝကျွန်းပေါ်) |
| | (ခ) ဘားအံသာသနာပိုင်နယ် စောဘာဘလုထူး |
| | (ဂ) တောင်ငူသာသနာပိုင်နယ် စောလူဗွေဒို |
| | (ဃ) စစ်တွေသာသနာပိုင်နယ် ဖရန်စစ်ယဲလ်ထင် |
| | (င) မန္တလေးသာသနာပိုင်နယ် မြင့်မိုရ်ဝင်း |
| | (စ) မြစ်ကြီးနားသာသနာပိုင်နယ် ဆိုင်းအောင် |





# ကျေးဇူးတင်စကား

၂၀၁၅–၁၆ ပညာသင်နှစ်၊ ရှာလုမ်မဂ္ဂဇင်းကို ထုတ်ဝေနိုင်ရန် ခွန်အားပေးသည့် ဘုရားသခင်ကို ကျေးဇူးတင်လျက်ပါ။ ရှာလုမ်မဂ္ဂဇင်းဖြစ်မြောက်ဖို့ရန် ပါဝင်ရေးသားပေးကြသည့် ခရစ်တော်၌ ညီအစ်ကိုမောင်နှမများ အားလုံးကိုလည်း အသိအမှတ်ပြုသောအားဖြင့် အားလုံးကို ကျေးဇူးတင်ကြောင်း ပြောပါရစေ။

ရှာလုမ်မဂ္ဂဇင်းအားဖြင့် ဘုရားသခင်၏အမှုတော်ကို ထမ်းဆောင်နေသည့် ကျွန်တော်ကျွန်မတို့အားလုံးသည် ကျွန်တော်တို့ရဲ့ ခွန်အားပေးခြင်း၊ နှစ်သိမ့်ပေးခြင်း၊ သတိပေးခြင်းတို့သည် သူတစ်ပါးအတွက် ခွန်အားနှင့် နှစ်သိမ့်မှု တစ်ခုခုကို ရရှိနိုင်ရန်နှင့် သတိပေးခြင်းတို့ကို သိရှိ၍ သတိပြုမိနိုင်ရန်အတွက် ကျွန်တော်တို့၏ အစေခံခြင်းပုံစံနှင့် ပါဝင်ဆက်ကပ်ခြင်းပုံစံအပေါ်၌ များစွာ မူတည်နေပါသည်။

အမှုတော်ဆောင်ရန် ပြင်ဆင်နေလျက်ရှိကြသော ကျွန်တော်တို့သည် ရှာလုမ်မဂ္ဂဇင်းထုတ်ဝေခြင်း၌ ပါဝင်ဆက်ကပ်ခြင်းအားဖြင့် ဘုရားသခင်၏အမှုတော်ကို ထမ်းဆောင်နိုင်သည့် နည်းလမ်းနှင့် အခွင့်အလမ်းတစ်ခုဖြစ်ပါသည်။ ကျွန်တော်တို့၏ ပါဝင်ဆက်ကပ်မှုများကို ဘုရားသခင်အလိုရှိသကဲ့သို့ ရှာလုမ်မဂ္ဂဇင်းမှ တာဝန်ယူလျက်ရှိကြသော သူများကိုလည်း အမြဲတမ်းပင် ကြိုဆိုလျက်ရှိ၏။ သို့သော်လည်း ကျွန်တော်ကျွန်မတို့၏ ပါဝင်ဆက်ကပ်မှု အားနည်းနေရခြင်းသည် စဉ်းစားစရာဖြစ်လာပါသည်။

ရှာလုမ်မဂ္ဂဇင်းအပြင် မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်မှ ထုတ်ဝေသော အခြားသော စာစောင်များကိုလည်း ပါဝင်ရေးသားခြင်းအားဖြင့် ဘုရားသခင်၏အမှုတော်ကို ထမ်းဆောင်နိုင်ရန်အတွက် ကြိုးစားအားထုတ်ကြရန် တိုက်တွန်း လိုပါသည်။

ကျွန်တော်တို့ခံစားရသော ကောင်းချီးမင်္ဂလာများ၊ အခက်အခဲများနှင့် သူတစ်ပါးကို ခွန်အားပေးလို့သည့် အရာများနှင့် အကြံပြုပေးလိုသည့်အရာများ စသည့် နှလုံးသားထဲ၌ သိမ်းထားလျက်ရှိသော ခံစားချက်များတို့ကို ရှာလုမ်မဂ္ဂဇင်းအားဖြင့်သော်လည်းကောင်း၊ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်မှ ထုတ်ဝေလျက်ရှိသော သတင်းစာစောင်များ အားဖြင့်သော်လည်းကောင်း ရင်ဖွင့်၍ အမှုတော်ထမ်းဆောင်နိုင်ကြစေရန် ဖိတ်ခေါ်လျက်ရှိပါ၏။

ဤထက်ပို၍ ပါဝင်ဆက်ကပ်နိုင်ရန်နှင့် အားလုံးကို အတူတကွပါဝင်ဆက်ကပ်နိုင်ရန်

ဘုရားသခင်ကောင်းချီးပေးပါစေကြောင်း

အားလုံးဝိုင်းဝန်းဆုတောင်းပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

(စောကပေါ်စိုး)

SHALOM MAGAZINE

# မာတိကာ


| | | |
|---|---|---|
| ဘုန်းတော်ကြီးဒေါက်တာစံမြတ်ရွှေ (ကျောင်းအုပ်ကြီး) | ၀၀၁ | ဥယျောဇဉ် |
| | ၀၀၂ | ဓါတ်ပုံစာမျက်နှာများ |
| စောဘုန်းကျော်လင်း | ၀၀၉ | အယ်ဒီတာ့စကား |
| စောကပေါ်စိုး | ၀၁၁ | ကျေးဇူးတင်စကား |
| | ၀၁၀ | ရှာလုမ်မဂ္ဂဇင်းကော်မတီ |
| | | ၂၀၁၅-၂၀၁၆ ပညာသင်နှစ် |
| ဒေါ်ရှိုင်းနင်းထွန်း | ၀၁၄ | အဆိုအမိန့်များ စုစည်းမှု |
| ကိုယ်တော်မျိုး | ၀၁၅ | အသက်တာအပ်နှံခြင်း (ကဗျာ) |
| ရှင်သန်ခြင်း | ၀၁၆ | ကြယ်စင် (ကဗျာ) |
| ဆလိုင်းလူလု | ၀၁၇ | အသဲခွဲသူသို့ (ကဗျာ) |
| ကိုမက် (သန်လျင်) | ၀၁၈ | ကားတိုင်လမ်း (ကဗျာ) |
| ကိုမိုက် (သန်လျင်) | ၀၁၈ | ကိုယ်တော်ပါရင် (ကဗျာ) |
| ဥာဏ်ကြီး | ၀၁၉ | ဇရာအသိ သညာမရှိ (ကဗျာ) |
| ဒေးဗစ်လေး၊ မောင်ကောင်းကြီး | ၀၂၀ | ကာတွန်း |
| ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်၊ နောက်ဆုံးနှစ်၊ အထူးကျောင်းသား | ၀၂၃ | ရင်တွင်းစကား |
| | ၀၃၅ | ဆရာ/မ၊ ကျောင်းသူ/သားဝန်ထမ်း |
| | | အင်အား (၂၀၁၅-၁၆) |
| ဖိုးသုည | ၀၃၇ | တစ်လုံးတစ်ဝ (ကဗျာ) |
| ကလောသားလေး | ၀၃၈ | ယာယီတဲ (ကဗျာ) |
| ဆလိုင်းလူလု | ၀၃၉ | အိပ်မက်လု (ကဗျာ) |
| ဒုတိယနှစ်ကျောင်းသူ/သားများ | ၀၄၀ | နွေရာသီ အမှုတော်ဆောင်ခြင်းဆိုင် |
| | | ရာကွင်းဆင်းလေ့လာခြင်းခရီးစဉ် |
| ဆရာမနော်လွင်သီတာမြင့် | ၀၄၂ | ပေးစာ |
| ပထမနှစ် ကျောင်းသူ/သားများ | ၀၄၄ | နွေရာသီ အမှုတော်ဆောင်ခြင်းဆိုင် |
| | | ရာကွင်းဆင်းလေ့လာခြင်းခရီးစဉ် |
| | ၀၄၆ | သန့်ရှင်းသောကားတိုင် ဓမ္မတက္က |
| | | သိုလ် ကျောင်းအုပ်ကြီးနှင့် |
| | | တွေ့ဆုံမေးမြန်းခြင်း |
| ပါဒရီအက်စ်ထန်အုပ် | ၀၅၂ | သခင်ယေရှု၏ လုပ်သားကောင်း |
| ဘုန်းတော်ကြီးဒေါက်တာအဖြူးမန်းဇော်လွင် | ၀၅၆ | ထူးခြားသောနောက်လိုက်တပည့်တော် |
| အင်္ဂလိကန်အသင်းသားတစ်ဦး | ၀၅၉ | အသင်းတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အ |
| | | လှူငွေပေးခြင်း |
| ဆဲဗင်းမွန်း | ၀၆၆ | အပြီးသတ်သင်ကြားမှ တပည့်တိုင်း |
| | | ဆရာကဲ့သို့ဖြစ် လိမ့်မည် |
| | ၀၆၉ | အသင်းတော်အတွက် အမာခံအလင်း |
| | | ဆောင်သူ တေးရေး/ဆို ဆရာ |
| | | စောဂျွန်ကညောစေး |
| | | နှင့် တွေ့ဆုံမေးမြန်းခြင်း |
| ဆရာကြီးဒေါက်တာဦးအောင်လှထွန်း | ၀၇၄ | ပေးကမ်းလှူဒါန်းခြင်းကို စိုက်ပျိုးရိတ် |
| | | သိမ်းခြင်းပြုသကဲ့သို့ ကျင့်သုံးခြင်း |
| ဆရာမနော်မြတ်ဆုမွန် | ၀၇၉ | ပေးစာ |
| ဒေါ်စည်စည်လျာဘိုးကဲ | ၀၈၂ | ခရစ်ယာန်လူငယ်များတို့ ယေရှုကား |
| | | တိုင်နောက်သို့ စစ်ချီတက်ကြလော့ |
| မေရီဒေဗ်လိုင်း | ၀၈၅ | ဘုရားအလိုတော်နားလည်လာတဲ့ . . |
| ဂျွန်ကြယ်စင် | ၀၈၈ | ဒုတိယကျေးဇူးတော် – |
| မောင်ကောင်းကြီး | ၀၉၄ | ခရစ္စမတ်လက်ဆောင် |
| ကျောင်းသားအမှုဆောင်အဖွဲ့ | ၁၀၁ | ကျေးဇူးတင်လွှာ |
| တတိယနှစ်ကျောင်းသူ/သားများ | ၁၀၂ | Internship ခရီးစဉ် |
| ဆလိုင်းကျော်ရဲ (ငွမြောင်) | ၁၀၄ | ဘုရားသခင် ကျေးဇူးတော်၏တန်ဖိုး |
| ကိုမျိုး (ပြည်) | ၁၀၆ | ဖိနပ်ချုပ်သမား၏ ဆန္ဒ |
| ဆရာအိုက်ဇေနောကာ | ၁၀၉ | ကျွန်ုပ်တို့အတွက် |
| | | ဘုရားသခင့်ငြိမ်သက်ခြင်း |
| နောင်တော်ကြီး | ၁၁၃ | ဘုရားရှင်၏ ရူပါရုံ |
| ပုံနှိပ်မှတ်တမ်း | ၁၁၅ | |


SHALOM MAGAZINE

# အဆိုအမိန့်များ

စုစည်းတင်ပြသူ ။ ဒေါ်ရှိုင်းနင်းထွန်း (သန့်ရှင်းသောကားတိုင်အသင်းတော်)

၁။ အမှုတော်ဆောင်ခြင်းတွင် သစ္စာရှိခြင်းနှင့် အသီးသီးခြင်း ရှိကိုရှိရမည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ထံမှ နှစ်ခုစလုံးကို မျှော်လင့်တော်မူသည်။

ရစ်ခ်ဝါရင်

၂။ ဘုရားသခင်ထံမှ ကြီးမားသောအရာတို့ကို မျှော်လင့်ပါ။ ဘုရားသခင်အတွက် ကြီးမားသောအရာတို့ကို ကြိုးစားလုပ်ဆောင်ပါ။

ဝီလျံကယ်ရီ

၃။ လူ့လောက၌ တစ်ခုတည်းသော လုပ်စရာအလုပ်မှာ ပျောက်ဆုံးဝိညာဉ် ဖမ်းဆီးရေးဖြစ်သည်။

ဂျွန်ဝက်စလီ

၄။ သေးငယ်သောကိစ္စဟာ သေးငယ်တဲ့ကိစ္စဘဲ။ ဒါပေမယ့် သေးငယ်တဲ့ကိစ္စတွေမှာ သစ္စာရှိရင် ကြီးမားတဲ့အလုပ်တွေကို ဘုရားသခင်ပေးအပ်လိမ့်မည်။

ဟတ်ဆင်တေလာ

၅။ ဘုရားသခင်၏ တန်ခိုးတော်အတွက် ကြီးလွန်းသောအရာဟူ၍ မရှိပါ။ သူ၏ချစ်ခြင်းမေတ္တာတော်အတွက် သေးငယ်လွန်းသောအရာ ဟူ၍လည်းမရှိပါ။

မစ္စစ်ယောနဟန်ဂိုးဖို့ဒ်

၆။ လူတွေရဲ့အခြေအနေကို အကဲခတ်ကြည့်နေမယ်ဆိုရင် မေတ္တာထားဖို့အချိန် ရမှာမဟုတ်ပါ။

မာသာထရီဇာ

၇။ ကျေးဇူးတော်ဟူသော စကားလုံးထက် ကြွယ်ဝသော ဝေါဟာရမရှိပါ။ ထိုစကားလုံးထဲတွင် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာ သယ်ဆောင်သော သားတော်ပါရှိသည်။

အေ၊တီ၊ရောဘတ်ဆင်

၈။ မိမိကိုယ်ကို ဆန်းစစ်မည်ဆိုလျှင် ခရစ်တော်ကို ဆယ်ကြိမ်ဆယ်ခါ အရင်ကြည့်ပါ။

ရောဘတ်မူရေးမက်ချေနီ

၉။ လူကောင်းအား ရှာဖွေရွေးချယ်နေမည့်အစား၊ လူများကို ကယ်တင်၍ ဖြောင့်မတ်စင်ကြယ်အောင်လုပ်ပါ။

စကူးဖီးလ်

၁၀။ ဘုရားသခင်သည် သဘောပေါက်ရန် မဖြစ်နိုင်သလို၊ နားလည်ရန်လည်း မဖြစ်နိုင်ဟူ၍ တွေ့ရှိသောသူသည် ဘုရားသခင်ကို အမှန်တကယ် သိကျွမ်းသောသူဖြစ်သည်။

ရစ်ချဒ်ရိုလေ








# အသက်တာအပ်နှံခြင်း

ကိုယ်တော်မျိုး



ညဦးကလည်း နက်ပါဘိသကွဲ့
ဘဝကလည်း ခက်လှချည်ရဲ့လို့
ရှုပ်ထွေးတဲ့ ပြဿနာတွေအကြား
ညည်းညူသံများ။

မှောင်လွန်းတဲ့ အသက်တာလမ်းပေါ်
ရတက်ဗျာပွေ ပူကာနှောင့်ပါလို့
မူယာမာယာ များလှတယ်
လောကကြီးရယ်။

အဆုံးမဲ့ မဆုံးတဲ့လွန်ဝေးတဲ့ခရီး
ရထားစီးခရီးသွားကြသည့်ပမာ
တက်တစ်ယောက် ဆင်းတစ်ယောက်
ခရီးတစ်ထောက်မှာ ခဏနား။

ညဦးနက်နက်မှာ ဘဝမခက်ရအောင်လို့
မာယာလှည့်စား ကင်းဝေးရအောင်လို့
ခရီးလည်း မထောက်ရအောင်ပေါ့
ဝန်တွေလည်းပေါ့ပါး
အမှောင်တွေလည်း လင်းသွားအောင် ဆိုရင်တော့
ကဲ... ခရစ်တော်အရှင်မင်းထံ
ယုံကြည်စွာ အသက်တာအပ်နှံလို့
ဒူးထောက်ခစား .......



# ရှင်သန်ခြင်း

ကြယ်စင်




မင်းအကြိမ်ကြိမ် လဲကျနေခဲ့လည်း
ပြန်ထပါ ( ငါလည်းလဲကျခဲ့ဖူးပါတယ်)
ချော်လဲရောထိုင်တော့
ဘာကြောင့်လုပ်နေရဦးမှာလဲ
(လဲကျတာ ရှက်စရာမဟုတ်ပါ
မထနိုင်တာ ရှက်စရာ)

မာနက သင့်ကိုပြန်ထဖို့
ခွင့်မပြုဘူးလား .....
(မမှားခဲ့ဖူးသူ မရှိ)
ပြန်ထဖို့ လေးလံစေတဲ့
အရာအားလုံး ခွာချခဲ့ပါ

သခင် သင့်ကိုထူမဖို့ အဆင်သင့်ရှိနေတယ်
ကမ်းလက်ကို ဖမ်းဆုပ်လိုက်ပါ
မင်းဘယ်နှစ်ကြိမ် လဲခဲ့လဲ
ပြန်ထလိုက်ပါ။







# အသည်းခွဲသူသို့

ဆလိုင်းလူလှ


မင်းခွဲတဲ့အသည်း ကွဲခဲ့လေပြီ
မချိမဆံ့နဲ့ ငါခံစားရင်း ကွဲပြဲနေပြီ
ကဗျာတွေထဲက အသည်းကွဲပုံရိပ်
တေးသွားထဲက အသည်းကွဲစာသား
ငါ့အသည်းပေါ်မှာ ထင်ဟပ်ခဲ့ပြီ

ဟူး.. လေပူကို မှုတ်ထုတ်
အတွေးတွေကို မောင်းထုတ်
ခံစားချက်တွေကို ကြိုးတုပ်လို့
ကျမ်းစာအုပ်ကို ဖုန်သုပ်ပြီး
ငါမှတ်ကြိုးတော့မယ် နှုတ်ကပါတ်တော်
ငါတွေ့ခဲ့ပြီအသည်းကွဲ ပုဂ္ဂိုလ်

အို .. သခင် .. သခင်
နံ့ဘေးတော် လှံနဲ့ထိုးသော်
သွေးတော် ရေသို့ပြောင်းချေပြီ
အသည်းကွဲဒီဂရီ နှိုင်းဆမမီပြီ
ကဗျာမပီ တေးမသီပြီ
သခင့်အသည်း ငါခွဲခဲ့ပြီ
ငါ့အသည်းကွဲခြင်း ရှက်ဖွယ်ပေတည်း ....။

# ကားတိုင်လမ်း

ကိုမိုက် (သန်လျင်မြေ)



ဝေဒနာလမ်းမထက်
ဆူးခက်တွေ မြေမှာချနင်း
ပူပြင်းတဲ့ အရိပ်အောက်ဝယ်
မုန်တိုင်းတွေက မလတ်ဆတ်
ခါးသီးတဲ့ လောကစံကြားမှာ
ခရစ်တော်ရှေ့ ဒူးထောက်ရင်း
ကားတိုင်လမ်းကို ဆက်လျှောက်မယ်



# ကိုယ်တော်ပါရင်

နဂါးတွေနဲ့ ခြင်္သေ့တွေလား
မီးလျှံတွေနဲ့ လုံ့သွားတွေလား
ဘာတွေလာလာ ငါမကြောက်ဘူး
ကိုယ်တော်ပါရင် သေမင်းချိုင့်ဝှမ်း
မရဏလမ်းကို ငါလျှောက်ရလဲ
တစ်ဖက်ကမ်းကို ငါအရောက်လှမ်းခဲ့မယ်။





# ဇရာအသိ သညာမရှိ

ဥာဏ်ကြီး




ငယ်ရွယ်ခြင်းကို လက်တစ်ဆုံးနှိုက်ကြည့်တယ်
ဖြူစင်မှုတွေ လက်အပြည့်ဘဲ
အမှားအမှန်မသိမရှိ အသက်ရှင်ခဲ့တယ်
ချစ်ခြင်းမေတ္တာ မခွဲမခွာဘဲ
အဖော်များလည်း အလွှာပေါင်းစုံခဲ့တယ်
ကစားဖော်အဖြစ်နဲ့ဘဲ
အသိပညာ ဗလာ နတ္ထိနဲ့
မိဘဆရာသမားများအတွက် ခေါင်းညိမ့်ခဲ့တယ်

ပတ်ဝန်းကျင်ရဲ့ သတ်မှတ်စံနှုန်းနဲ့
ကလေးအရွယ်ကျော်လွန်ခဲ့တယ်
ဒီအရွယ်ကို လက်လှမ်းမီသလောက် နှိုက်ကြည့်တယ်
အဖြူရောင် တစ်ချို့တစ်ဝက် ပျောက်ဆုံးခဲ့ပြီ
ပုလင်းတူဘူးစို့ခွဲခြားရင်း
လူတကာနဲ့ လက်ချင်းမချိတ်တော့ပေ
ငယ်ရွယ်စဉ်က သင်ကြားခဲ့ရသမျှ
ခေါင်းညိမ့်ပြီး မယုံတတ်တော့ပေ

ပစ္စုပ္ပန်အရွယ်မှာ ခေတ်ကိုရင်ဘောင်တန်းရင်း
ငယ်ရုပ်လည်းပျောက်ခဲ့ပြီ
အမှန်တရားကိုဦးတည်ရင်း ဖြူစင်ခြင်းပျောက်ရှခဲ့ပြီ
နှလုံးသားကို ဦးကျောက်က လမ်းပြရင်း
ယုံလွယ်မှုလည်း အကြွင်းအကျန်မျှသာရှိတော့တယ်
ဒီနေ့လည်း မနေ့ကလိုဘဲ
မနက်ဖြန်လည်း ဒီနေ့လိုဘဲ တွေးရင်း ခေါင်းခါရင်း အသက်ရှင်ရင်း .....

# ကာတွန်း ကဏ္ဍ



David Lay


လာပြန်ပြီ ဆုတောင်းစာအုပ်ဖိုး
ဘယ်နှစ်အုပ်ဝယ်ရမှာတုန်း မနှစ်ကလည်း
တစ်အုပ်ဝယ်ပြီးပြီမဟုတ်လား






ကျွန်တော်တို့ ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ၊
ဒုက္ခရောက်သည်ဖြစ်စေ၊ အရာရာတိုင်းမှာ ဘုရားရှင်၏ နာ-
မတော်ကို အမြဲချီးမွမ်းကြရအောင် . . .ဟာလေလုယာ
အာမင်
ဟာလေလုယာ
အာမင်
ဟာလေလုယာ
ဒေးဗစ်လေး


ကောင်းကင်နိုင်ငံကို
တစ်ခါလောက်ရောက်ဖူး
ချင်လိုက်တာ
အဲဒီမှာရှိတဲ့
သစ်ပင်တွေအရမ်း
ကောင်းတယ်ဆိုလို့ . . .
မောင်ကောင်းကြီး











# ရင်တွင်းစကား

## ပထမနှစ်



အမည် – မောင်ဌေးလွင်
မွေးသက္ကရာဇ် – ၁၀ ⋅ ၄ ⋅ ၈၄
လူမျိုး – ချင်း (အရှို)
ဘုန်းကြီးပိုင်နယ် – ကြာအင်း ( ရှင်ပေါလု )
သာသနာပိုင်နယ် – ရန်ကုန်သာသနာပိုင်
ရင်တွင်းစကား – အတွေ့အကြုံအခက်အခဲအားဖြင့် ရင့်ကျက်မှုဖြစ်ပါစေ။




အမည် – စောအယ်ဒီစိုး
မွေးသက္ကရာဇ် – ၂၅ ⋅ ၆ ⋅ ၉၅
လူမျိုး – ကရင်
ဘုန်းကြီးပိုင်နယ် – ရှင်ပေတရုကသီဒြယ်
သာသနာပိုင်နယ် – ဘားအံသာသနာပိုင်နယ်
ရင်တွင်းစကား – ခွန်အားရှိသရွေ့ ကိုယ်တော်၏အမှုကိုဆောင်နေပါမည်။




အမည် – မောင်ဂျာလု
မွေးသက္ကရာဇ် – ၂၈ ⋅ ၁၀ ⋅ ၉၆
လူမျိုး – ကချင်
ဘုန်းကြီးပိုင်နယ် – ရှင်ပေါလု ( ဆားမော် )
သာသနာပိုင်နယ် – မြစ်ကြီးနားသာသနာပိုင်နယ်
ရင်တွင်းစကား – ယခုဘဝအတွက် ခရစ်တော်အတွက်လုပ်ဆောင်သောအမှုအတွက် နောင်ဘဝ၌ ဆုချီးမြင့်ခြင်းခံရမည်။



အမည် – စောဘာဘလုထူး
မွေးသက္ကရာဇ် – ၁၉⋅ ၁၂⋅ ၁၉၉၁
လူမျိုး – ကရင်
ဘုန်းကြီးပိုင်နယ် – ရှင်ပေတရု ကသီဒြယ်
သာသနာပိုင်နယ် – ဘားအံသာသနာပိုင်နယ်
ရင်တွင်းစကား – ရှိသမျှကို စွန့်လွှတ်လိုက်ပြီ၊ ဘယ်သူ့မျက်နှာမှမထောက်ဘဲ ဘုရား၏မျက်နှာကို ထောက်ပြီး ခရစ်တော်နောက်သို့လိုက်မယ် ။



အမည် – မိုးဇက်မြင့်မိုရ်ဝင်း
မွေးသက္ကရာဇ် – ၂၀ ‌. ၁၁ . ၉၃
လူမျိုး – ဗမာ
ဘုန်းကြီးပိုင်နယ် – သန့်ရှင်းသူအပေါင်း ( ရွှေဘို )
သာသနာပိုင်နယ် – မန္တလေးသာသနာပိုင်နယ်
ရင်တွင်းစကား – ဘဝခရီးလမ်းမည်မျှပင် ကြမ်းတမ်းသော်လည်း ခရစ်တော်၌ရှိ လျှင် သက်သာခြင်းသို့ရောက်ကြသည်။



အမည် – စောအယ်မူးဝါး
မွေးသက္ကရာဇ် – ၁၀ . ၁၂ . ၉၆
လူမျိုး – ကရင်
ဘုန်းကြီးပိုင်နယ် – ရှင်အန္ဒြေအသင်းတော် ( ကွမ်ဘီ )
သာသနာပိုင်နယ် – ဘားအံသာသနာပိုင်နယ်
ရင်တွင်းစကား – မျှော်လင့်ခြင်းရှိ၍ အားယူပြီး ရဲရင့်ကြလော့ ။



အမည် – ဖိလစ် ဆိန်ဂေါန်ခွမ်
မွေးသက္ကရာဇ် – ၂၆ . ၉ . ၉၅
လူမျိုး – ကချင်
ဘုန်းကြီးပိုင်နယ် – ရှင်အန္ဒြေအသင်းတော် ( တနိုင်း )
သာသနာပိုင်နယ် – မြစ်ကြီးနား သာသနာပိုင်နယ်
ရင်တွင်းစကား – ကျွန်ုပ်အပြစ်ကို ခံဆောင်ပေးခဲ့သောခရစ်တော်ထံ ကျွန်ုပ်အသက်တာ အပ်နှံ လိုက်ပြီ။




အမည် – နော်မေရီ အယ်ဂျူလင်း
မွေးသက္ကရာဇ် – ၂ . ၃ . ၉၅
လူမျိုး – ကရင်
ဘုန်းကြီးပိုင်နယ် – ရှင်ယောဟန်အသင်းတော် ( ဒေါနဲ )
ဘုန်းကြီးပိုင်နယ် – ဘားအံသာနာပိုင်နယ်
ရင်တွင်းစကား – သခင်ဘုရား၌ အစဉ်မပြတ် ဝမ်းမြောက်ခြင်းရှိကြလော့။






# ဒုတိယနှစ်



အမည် – မောင်ပီတာလင်းကိုကို
မွေးသက္ကရာဇ် – ၂၆ . ၉ . ၁၉၉၁
လူမျိုး – တရုတ် + ရှမ်း
ဘုန်းကြီးပိုင်နယ် – ဘီလူးမြို့ (ရှင်လုကာ)
သာသနာပိုင်နယ် – မြစ်ကြီးနား
ရင်တွင်းစကား – သင်သည် ကံထူးခြင်းတစ်ခုကြောင့် အမြင့်နေရာတစ်ခုပေါ်ရောက်နေလျှင် သင်နေသောနေရာသည် ခြတောင်ဘို့မျှသာဖြစ်သည်ကို သတိပြုပါ။



အမည် – မောင်တီမောသေဆိုင်းအောင်
မွေးသက္ကရာဇ် – ၂၇ . ၁၁ . ၉၄
လူမျိုး – ကချင်
ဘုန်းကြီးပိုင်နယ် – ရှင်မဿဲ (နမ္မတီး)
သာသနာပိုင်နယ် – မြစ်ကြီးနား
ရင်တွင်းစကား – တစ်ယောက်ကိုတစ်ယောက် ခွင့်လွှတ်ခြင်းတရားရှိကြပါ။



အမည် – သောမတ်စ်ဆိုင်းတူးဂျိုင်
မွေးသက္ကရာဇ် – ၂၂ . ၃ . ၁၉၉၆
လူမျိုး – ကချင်
ဘုန်းကြီးပိုင်နယ် – ခရစ်တော်ဘုရင်မင်းဘွဲ့ခံ (ကသီဒြယ်)
သာသနာပိုင်နယ် – မြစ်ကြီးနား
ရင်တွင်းစကား – ကျေးဇူးတင်ပါတယ်။



အမည် – ဒေးဗစ်ဆေးငမ်
မွေးသက္ကရာဇ် – ၄ . ၈ . ၁၉၈၅
လူမျိုး – ချင်း
ဘုန်းကြီးပိုင်နယ် – တမူးဘုန်းကြီးပိုင်နယ်
သာသနာပိုင်နယ် – မန္တလေး
ရင်တွင်းစကား –ယနေ့အတွက် ကျေးဇူးတော်သည် ပြည့်လျှံလျက်ရှိ၏။ မနက်ဖြန်အတွက် ‌ကျေးဇူးတော်သည် သာ၍ ပြည့်လျှံလျက်ရှိ၏။



အမည် - ဆလိုင်းကျော်ဘိုဘိုဟန်
မွေးသက္ကရာဇ် - ၂၃ • ၄ • ၁၉၈၄
လူမျိုး - ချင်း (အရှို)
ဘုန်းကြီးပိုင်နယ် - ပြည် (ရှင်မာကု)
သာသနာပိုင်နယ် - ရန်ကုန်
ရင်တွင်းစကား - ဘုရားရဲ့အမှုတော်ကို ပို၍ထမ်းဆောင်နိုင်ပြီး လိုအပ်သော အရာများကို ချပေးတော်မူပါ။



အမည် - ဆလိုင်းမျိုးဇော်ထွန်း
မွေးသက္ကရာဇ် - ၂၂ • ၇ • ၁၉၉၄
လူမျိုး - ချင်း (အရှို)
ဘုန်းကြီးပိုင်နယ် - ရှင်မာရီ၊ ညောင်လံတိုး
သာသနာပိုင်နယ် - ရန်ကုန်
ရင်တွင်းစကား - ငါးများဖို့ရန်အတွက် ငါးစာရှာနေပါတယ်။



အမည် - မောင်အိုက်ဘူး
မွေးသက္ကရာဇ် - ၂၃ • ၅ • ၁၉၉၀
လူမျိုး - ဒိုင် ချင်း
ဘုန်းကြီးပိုင်နယ် - ရှင်လုကာ (ပုံဒွေး)
သာသနာပိုင်နယ် - စစ်တွေ
ရင်တွင်းစကား - ကွဲပြားတယ်လို့ ထင်နေရသော်လည်း ဆုံမှတ်က တစ်ခုပဲရှိတယ်။ ဘယ်နည်း၊ ဘယ်လမ်းဖြစ်နေပါစေ ဆုံမှတ်ကိုရောက်အောင် လာခဲ့ပါ။



အမည် - ဒေးဗစ်အောင်လင်းထွန်း
မွေးသက္ကရာဇ် - ၉ • ၁၂ • ၉၂
လူမျိုး - ချင်း
ဘုန်းကြီးပိုင်နယ် - ရှင်ပေတရု၊ ပိန္နဲတပင်
သာသနာပိုင်နယ် - စစ်တွေ
ရင်တွင်းစကား - ကျွန်တော်သွားသောလမ်းသည် ဖြောင့်သောလမ်း၊ ၄င်းလမ်းသည် ခက်ခဲကြမ်းတမ်းသည်။ သို့သော် အခက်အခဲကို ရင်ဝယ်ပိုက်ပြီး အသက်တာအသစ်ဖြင့် ရှေ့ဆက်လျှောက်လှမ်းနေသည်။







အမည် - ဆလိုင်းသောမတ်စ်ကျော်ရဲ
မွေးသက္ကရာဇ် - ၂၈ • ၇ • ၁၉၉၅
လူမျိုး - ချင်း
ဘုန်းကြီးပိုင်နယ် - ရှင်မာကု၊ ဂွမြောင်
သာသနာပိုင်နယ် - ရန်ကုန်
ရင်တွင်းစကား - သည်အချိန်ထိတိုင်အောင် ပို့ဆောင်ပေးသောကြောင့် ကျေးဇူးတော်ချီးမွမ်း သကဲ့သို့ ဝိညာဉ်ခွန်အား တိုးပွားစေရန်လည်း မစတော်မူပါ။




အမည် - Isaac Bawn Ying
မွေးသက္ကရာဇ် - ၂ • ၁၂ • ၁၉၉၃
လူမျိုး - ကချင်
ဘုန်းကြီးပိုင်နယ် - ကသီဒြယ်
သာသနာပိုင်နယ် - မြစ်ကြီးနား
ရင်တွင်းစကား - ငါစိုးရိမ်နေသည်၊ ငါပူပန်နေသည်။ သို့သော် ထိုစိုးရိမ်ပူပန်ခြင်းအားဖြင့် ငါဘာမှ လုပ်နိုင်စွမ်းမရှိပါ။




အမည် - Jum Roi Roi Aung
မွေးသက္ကရာဇ် - ၂၇ • ၁၁ • ၉၅
လူမျိုး - ကချင်
ဘုန်းကြီးပိုင်နယ် - ရှင်အန္ဒြေ၊ တနိုင်း
သာသနာပိုင်နယ် - မြစ်ကြီးနား
ရင်တွင်းစကား - ချစ်ခြင်းမေတ္တာသည် သင်၏အမြင့်ဆုံး ပန်းတိုင်ရည်မှန်းချက်ဖြစ်ပါစေ ။




အမည် - မောင်ဂွမ်ဆန်အောင်
မွေးသက္ကရာဇ် - ၃ • ၈ • ၉၄
လူမျိုး - ကချင်
ဘုန်းကြီးပိုင်နယ် - တနိုင်း၊ ရှင်အန္ဒြေ။
သာသနာပိုင်နယ် - မြစ်ကြီးနား
ရင်တွင်းစကား - ဝမ်းသာပါတယ်။




အမည် – စောပြည့်စုံ
မွေးသက္ကရာဇ် – ၁၁ . ၂ . ၁၉၉၁
လူမျိုး – ကရင်
ဘုန်းကြီးပိုင်နယ် – ရှင်ဂျော့ဂျ်
သာသနာပိုင်နယ်– တောင်ငူ
ရင်တွင်းစကား – တစ်ချိန်ကပျောက်ဆုံးခဲ့သည်။ သို့သော် ယခုတွေ့ပြီ။



အမည် – မောင်ဖရန်စစ်ယဲလ်ထင်
မွေးသက္ကရာဇ် – ၃၀ . ၁၀ . ၁၉၉၃
လူမျိုး – ချင်း
ဘုန်းကြီးပိုင်နယ် – ရှင်ယောဟန်
သာသနာပိုင်နယ်– စစ်တွေ
ရင်တွင်းစကား – အလိုတော်အတိုင်း ပြုမူဆောင်ရွက်နိုင်ရန် နေ့စဉ်ခွန်အားပေးပါ။



အမည် – စောသာစေး
မွေးသက္ကရာဇ် – ၂၆ . ၇ . ၁၉၈၂
လူမျိုး – ကရင်
ဘုန်းကြီးပိုင်နယ် – ကလော (ရှင်ကက်သရင်း)
သာသနာပိုင်နယ်– မန္တလေး
ရင်တွင်းစကား – အလိုတော်ကို သက်ဆုံးတိုင် ဝန်ခံလိုက်လျှောက်နိုင်ဖို့ ဝိညာဉ်ခွန်အားပေး သနားလိုက်ပါဘုရား ။ ။



အမည် – စောဖိလစ်ဘုန်းကျော်လင်း
မွေးသက္ကရာဇ် – ၃၀ . ၇ . ၁၉၈၀
လူမျိုး – ကရင်
ဘုန်းကြီးပိုင်နယ် – ရှင်ပေတရု (ကသီဒြယ်)
သာသနာပိုင်နယ်– ဘားအံ
ရင်တွင်းစကား – အရှင့်ကိုချစ်၍ အစဉ်ကိုးကွယ်သူတစ်ဦးဖြစ်စေပါ။






## တတိယနှစ်




အမည် – နော်ချယ်းလာ (ခ) နော်မြစန္ဒာ
မွေးသက္ကရာဇ် – ၁၃ . ၂ . ၁၉၉၀
လူမျိုး – ကရင်
ဘုန်းကြီးပိုင်နယ် – ကပ္ပလီ၊ ရှင်မာရိအသင်းတော်
သာသနာပိုင်နယ်– ဘားအံသာသနာပိုင်နယ်
ရင်တွင်းစကား –စုံစမ်းခြင်းတွေပြည့်နက်နေတဲ့ အမှုတော်ဆောင်ဖို့ ပြင်ဆင်နေတဲ့အချိန်မှာ ဘုရား၏ ကျွန်မ ကျွန်ုပ်ကို လမ်းပြမှုပါ။ ဘုရားသာလျှင် ကျွန်မ၏ – – – – –။



အမည် – မိုက်ကယ်ပြည့်ဖြိုးဟန်
မွေးသက္ကရာဇ် – ၁၂ . ၉ . ၁၉၉၁
လူမျိုး – ဗမာ
ဘုန်းကြီးပိုင်နယ် – ရှင်ပြန်ထမြောက်ခြင်းအသင်းတော် ၊သန်လျင်
သာသနာပိုင်နယ်– ရန်ကုန်သာသနာပိုင်နယ်
ရင်တွင်းစကား – ကမ္ဘာမြေ ငြိမ်းချမ်းပါစေ။



အမည် – ပီတာဟင်ရာတင်ထန်
မွေးသက္ကရာဇ် – ၂၈ . ၈ . ၁၉၈၉
လူမျိုး – ချင်း (ခူမီး)
ဘုန်းကြီးပိုင်နယ် – မောနွေလအသင်းတော် ၊မိုဒွန်ပိုင်
သာသနာပိုင်နယ်– မန္တလေးသာသနာပိုင်နယ်
ရင်တွင်းစကား – ဘုရားသခင်အမှုတော်ကို ဆောင်ဖို့ရန် ပြင်ဆင်နေသောအချိန်တွင် စုံစမ်းခြင်းများ အနှောက်အယှက်များကို ကြုံတွေ့သောအခါ အကောင်းဆုံးကျော်လွှားနိုင်ဖို့ရန် ခွန်အားပေးမှုပါ။



အမည် – ဒေးဗစ်ဝင်းမြင့်စိုး
မွေးသက္ကရာဇ် – ၁၇ . ၄ . ၁၉၈၃
လူမျိုး – ကရင်၊ ဘုန်း/ပိုင်နယ် – ရှင်မာရိ
သာသနာပိုင်နယ်– မန္တလေး
ရင်တွင်းစကား – ကြုံတွေ့သမျှအရာတွေကို လက်ခံတတ်ပြီး၊ ကျေးဇူးတော်ချီးမွမ်းနိုင်အောင် ကြိုးစားနေပါသည်။



အမည် – ပေါလုစိုးလင်းအောင် (ခ) အိုက်စိုး
မွေးသက္ကရာဇ် – ၂၅ • ၁ • ၁၉၉၃
လူမျိုး – ချင်း (ခူမီး)
ဘုန်းကြီးပိုင်နယ် – ရှင်အန္ဒြေ
သာသနာပိုင်နယ် – စစ်တွေသာသနာပိုင်နယ်
ရင်တွင်းစကား – ယနေ့အချိန်အထိ နားလည်နေသည့်အရာမှာ ဘုရားသခင်သည် ကျွန်ုပ်ကို ချစ်နေဆဲ။



အမည် – မောင်ဆွတ်ထိန်မှန်အောန်း
မွေးသက္ကရာဇ် – ၆ • ၁ • ၁၉၉၆
လူမျိုး – ကချင်
ဘုန်းကြီးပိုင်နယ် – တြိနတိအသင်းတော်၊ ဆိပ်မူ
သာသနာပိုင်နယ် – မြစ်ကြီးနား
ရင်တွင်းစကား – ကျွန်တော်သွားတဲ့ အမှုတော်ဆောင် ဘဝလမ်းခရီးမှာ ခရစ်တော်ကိုသာ စံနမူနာထားပြီး၊ လုပ်ဆောင်နိုင်ဖို့ အသုံးချတော်မူပါကိုယ်တော်။



အမည် – ယောသပ်ဒန်အောင်
မွေးသက္ကရာဇ် – ၂၀ • ၁၀ • ၁၉၉၄
လူမျိုး – ကချင်
ဘုန်းကြီးပိုင်နယ် – ရှင်အန္ဒြေအသင်းတော်၊ တနိုင်း
သာသနာပိုင်နယ် – မြစ်ကြီးနားသာသနာပိုင်နယ်
ရင်တွင်းစကား – အိုအဖ • • ကျွန်ုပ်၏ ခန္ဓာ၊ စိတ်၊ ဝိညာဉ် သုံးပါးစလုံးသည် ကိုယ်တော်၏ ရှေ့တော်တွင် လက်ခံပူဇော်ဖွယ်ရာဖြစ်စေတော်မူပါ။ အာမင်။



အမည် – မောင်နော်အောင်ဒီး
မွေးသက္ကရာဇ် – ၂၂ • ၁၁ • ၁၉၉၃
လူမျိုး – လီဆူး + ကချင်
ဘုန်းကြီးပိုင်နယ် – ခရစ်တော်ဘုရင်မင်းဘွဲ့ခံ ကသီဒြယ် ၊ မြစ်ကြီးနား
သာသနာပိုင်နယ် – မြစ်ကြီးနားသာသနာပိုင်နယ်
ရင်တွင်းစကား – ခရစ်တော်၏ အစေခံတစ်ဦးဖြစ်ခွင့်ရသည့်အတွက် အလွန်ဝမ်းမြောက် ဂုဏ်ယူမိပါသည်။







အမည် – David Tu Hkawng
မွေးသက္ကရာဇ် – ၉ • ၇ • ၁၉၉၄
လူမျိုး – ကချင်
ဘုန်းကြီးပိုင်နယ် – ခရစ်တော်ဘုရင်မင်းဘွဲ့ခံကသီဒြယ် ၊ မြစ်ကြီးနား
သာသနာပိုင်နယ် – မြစ်ကြီးနားသာသနာပိုင်နယ်
ရင်တွင်းစကား – လူသားဆန်သော လူဖြစ်ပါစေ။



အမည် – Joshua Eh Lee
မွေးသက္ကရာဇ် – ၃၁• ၁၂ • ၁၉၉၀
လူမျိုး – ချင်း
ဘုန်းကြီးပိုင်နယ် – ရှင်ပေါလု
သာသနာပိုင်နယ် – စစ်တွေ
ရင်တွင်းစကား – အစေခံခြင်းနည်းသည် ခရစ်တော်ကို သိကျွမ်းခြင်းအားဖြင့် သင်ယူနိုင်သည်။

## နောက်ဆုံးနှစ်



အမည် – George Lin Lin Htet
မွေးသက္ကရာဇ် – ၃၀ • ၆ • ၁၉၉၃
လူမျိုး – ရှမ်းတရုတ်+ကရင်
ဘုန်းကြီးပိုင်နယ် – သန့်ရှင်းသောကားတိုင် (ကမာရွတ်)
သာသနာပိုင်နယ် – ရန်ကုန်သာသနာပိုင်နယ်
ရင်တွင်းစကား – ယနေ့အချိန်ထိတိုင်အောင် ရပ်တည်နိုင်ရန် ခွန်အားများကို ပေးသနားတော်မူသောကြောင့် ကျေးဇူးတော်ကို ချီးမွမ်းပါသည်။



အမည် – စောပီတာမျိုးအောင်
မွေးသက္ကရာဇ် – ၃၀ • ၁ • ၁၉၉၂
လူမျိုး – ကရင်
ဘုန်းကြီးပိုင်နယ် – သန့်ရှင်းသောတြိနတိ (ပဲခူး)
သာသနာပိုင်နယ် – ရန်ကုန်သာသနာပိုင်နယ်
ရင်တွင်းစကား –ကျွန်ုပ်၏အသက်တာမှာ ဘုရားသခင်က အကြောင်းအရာတစ်ခုခုအားဖြင့် ကျွန်ုပ်တို့ကို နေ့စဉ်စကားပြောနေ ပါသည်။ ဒါကြောင့် ဝိညာဉ်နား၊ ဝိညာဉ်မျက်စိများဖွင့်ကာ ဘုရားသခင်၏စကားသံကို နားထောင်တတ်ဖို့ လိုသည်။



အမည် – Saw D Yuda
မွေးသက္ကရာဇ် – ၈ ၊ ၂ ၊ ၉၀
လူမျိုး – ကရင်
ဘုန်းကြီးပိုင်နယ် – ရှင်ပေါလုကသီဒြယ်
သာသနာပိုင်နယ် – တောင်ငူသာသနာပိုင်နယ်
ရင်တွင်းစကား – ကိုယ်က ထမင်းစားဖို့ လုပ်နေတဲ့အလုပ်မှာ ကိုယ်ပျော်ရင် အကောင်းဆုံးပါပဲ၊ ဆိုတဲ့ ဆရာတိုက်စိုးရဲ့ စကားအတိုင်းပဲ အမှုတော်ဆောင်ခြင်းလုပ်ငန်းမှာလည်း နှစ်သက်ပျော်ရွှင်ခြင်းနှင့် ထမ်းဆောင်နိုင်ဖို့က အရေးကြီးဆုံးပါပဲ။



အမည် – မောင်ယောဟန်အင်ဘာဆိုင်းလော့
မွေးသက္ကရာဇ် – ၁၀ ၊ ၁၁ ၊ ၈၇
လူမျိုး – ကချင်
ဘုန်းကြီးပိုင်နယ် – ရှင်ပေါလု ၊လိုင်ဇာအသင်းတော်
သာသနာပိုင်နယ် – မြစ်ကြီးနားသာသနာပိုင်နယ်
ရင်တွင်းစကား – လူသားတိုင်း၌ ဘုရားပေးထားသော အစွမ်းအစ၊ ဆုကျေးဇူးကောင်းကြီး မင်္ဂလာရှိကြ၏။ ၎င်းကို မိမိဘ၀ အသက်တာ၌ အသုံးတော်ခံတတ်ရန်လို၏။



အမည် – စောဖိုးကျော်မြ
မွေးသက္ကရာဇ် – ၁၉ ၊ ၁ ၊ ၉၀
လူမျိုး – ကရင်
ဘုန်းကြီးပိုင်နယ် – ရှင်ပေါလု (ကသီဒြယ်)
သာသနာပိုင်နယ် – တောင်ငူသာသနာပိုင်နယ်
ရင်တွင်းစကား – ခပ်သိမ်းသောအမှုတိုင်းအတွက် အလိုတော်ကို ၀န်ခံနိုင်ဖို့ ကြိုးစားစို့။



အမည် – ဥာဏ်စိုးထက်
မွေးသက္ကရာဇ် – ၁၄ ၊ ၁ ၊ ၉၂
လူမျိုး – ကရင်
ဘုန်းကြီးပိုင်နယ် – ရှင်မိကွေလ
သာသနာပိုင်နယ် – ရန်ကုန်သာသနာပိုင်နယ်
ရင်တွင်းစကား – ဘုရားသခင်အတွက် အကြီးဆုံးတွေ လုပ်ပေးချင်ပေမဲ့ လုပ်နိုင်ခဲ့တာ သေး သေးလေးတွေပါပဲ။



SHALOM MAGAZINE



အမည် – Samuel Saw Naydoh Kabawsoe
မွေးသက္ကရာဇ် – ၁၆ ၊ ၁ ၊ ၁၉၉၃
လူမျိုး – ကရင်
ဘုန်းကြီးပိုင်နယ် – ထီးကပော်၊ မောနွေလအသင်းတော်
သာသနာပိုင်နယ် – ဘားအံသာသနာပိုင်နယ်
ရင်တွင်းစကား – ကျွန်ုပ်၏အားနည်းချက်၊ လိုအပ်ချက်များစွာရှိသေးသော်လည်း အမှုတော်ဆောင်ကွင်းထဲသို့ မကြာမီ အချိန်လေးမှာ စတင်လျှောက်လှမ်းရတော့မည်ဖြစ်၍ ကျွန်တော်ကို နေ့စဉ် အမျှ လမ်းပြ၍ သွန်သင်တော်မူပါ ၊ ၊ ၊ အဖဘုရားသခင်။



အမည် – စောကပေါ်စိုး
မွေးသက္ကရာဇ် – ၁၅ ၊ ၁၁ ၊ ၁၉၉၄
လူမျိုး – ကရင်
ဘုန်းကြီးပိုင်နယ် – ရှင်အန္ဒြေအသင်းတော်၊ ကွမ်ဘီ
သာသနာပိုင်နယ် – ဘားအံသာသနာပိုင်နယ်
ရင်တွင်းစကား – ကျွန်တော်၏ မှားယွင်းမှုများနှင့် ရင်ဆိုင်ခဲ့ရသော အခက်အခဲများကို တစ်ချိန်ချိန်မှာ ကျွန်တော်၏ မိတ်ဆွေ သူငယ်ချင်းများအတွက် ရယ်မောဖွယ်ရာ ဟာသတစ်ပုဒ်ဖြစ်ပါစေ။ သို့သော် ကျွန်တော်၏ ၀မ်းမြောက်မှု၊ ပျော်ရွှင်မှုတို့သည် မိတ်ဆွေသူငယ်ချင်းများအတွက် ထိခိုက်နစ်နာခြင်းမရှိစေရန် ကြိုးစား၍ အသက်ရှင်လျက်ပါ။



အမည် – မောင်နို၀ယ်မျိုးသူရ
မွေးသက္ကရာဇ် – ၃၀ ၊ ၉ ၊ ၁၉၉၄
လူမျိုး – ဗမာ
ဘုန်းကြီးပိုင်နယ် – ရွှေဘို
သာသနာပိုင်နယ် – မန္တလေး
ရင်တွင်းစကား – ကျွန်တော့်ဆီမှာ ရှာလေဝေးလေ ဘုရားပုံရိပ်တွေ။



အမည် – စောနေမျိုးစေး
မွေးသက္ကရာဇ် – ၁၉ ၊ ၁၂ ၊ ၁၉၉၀
လူမျိုး – ကရင် (ဘွဲ့)
ဘုန်းကြီးပိုင်နယ် – ရှင်ဂျော့ဂျက်ဘုန်းကြီးပိုင်နယ်
သာသနာပိုင်နယ် – တောင်ငူသာသနာပိုင်နယ်
ရင်တွင်းစကား – ဖြည်းဖြည်းသွားနေသည်ကို မကြောက်ဘဲ။ ဘယ်အရာမျှမလုပ်ဘဲ ရပ်နေသည်ကိုသာကြောက်ပါ။



အမည် – မေရီဒေင်လှိုင်း
မွေးသက္ကရာဇ် – ၆ ۰ ၁၁ ۰ ၁၉၉၂
လူမျိုး – ကရင်
ဘုန်းကြီးပိုင်နယ် – ရှင်ပေါလု (ရေလဲကြီး)
သာသနာပိုင်နယ် – ရန်ကုန်သာသနာပိုင်နယ်
ရင်တွင်းစကား – ရှေ့ဆက်အသက်တာတွေ တွေ့ကြုံရမည့်ပျော်ရွှင်ခြင်းနှင့် အခက်အခဲများအားဖြင့် ဘုရားသခင်ကို ယုံကြည်ခြင်း၌ ပိုမို၍ ခိုင်မာသောသူ ဖြစ်စေလိုပါသည်။



အမည် – Hana မေယုခင်
မွေးသက္ကရာဇ် – ၅ ۰ ၆ ۰ ၁၉၉၄
လူမျိုး – ချင်း
ဘုန်းကြီးပိုင်နယ် – ရှင်ပေတရု
သာသနာပိုင်နယ် – စစ်တွေသာသနာပိုင်နယ်
ရင်တွင်းစကား – ချစ်ခြင်းမေတ္တာ မြဲစွဲကိုင်လျှက် ကမ္ဘာလောကကြီးကို အလှဆင်ကြပါစို့။

## အထူးကျောင်းသား



အမည် – စောရှိုင်းနှင်းမွန်း
မွေးသက္ကရာဇ် – ၆ ۰ ၇ ۰ ၁၉၉၀
လူမျိုး – ကရင်+ဗမာ
ဘုန်းကြီးပိုင်နယ် – ရှင်ပေါလုအသင်းတော်၊ လှိုင်ကော်
သာသနာပိုင်နယ် – တောင်ငူသာသနာပိုင်နယ်
ရင်တွင်းစကား – "စေလိုရာစေ ခရစ်တော်ဘုရားအတွက်လေ"



အမည် – စောလူဘွေးဒို
မွေးသက္ကရာဇ် – ၈ ۰ ၆ ۰ ၁၉၉၀
လူမျိုး – ကရင်
ဘုန်းကြီးပိုင်နယ် – ရှင်ပေတရုအသင်းတော်၊ ကလေပူတောင်ပိုင်းဘုန်းကြီးပိုင်နယ်
သာသနာပိုင်နယ် – တောင်ငူသာသနာပိုင်နယ်
ရင်တွင်းစကား – "အပြောသက်သက်မဟုတ်ဘဲ လက်တွေ့အသက်ရှင်မှု၊ လုပ်ဆောင်မှုများကို ဘုရားသခင်အလိုတော်နှင့်အညီ .........."





## ဆရာ/ဆရာမ၊ ကျောင်းသူကျောင်းသား၊ ဝန်ထမ်းအင်အား (၂၀၁၅–၂၀၁၆)

**အချိန်ပြည့်ဆရာ၊ ဆရာမများ**

၁။ ပါမောက္ခဒေါက်တာစံမြတ်ရွှေ – ကျောင်းအုပ်ကြီး၊ Head of Theological Dept:
၂။ ပါမောက္ခဒေါက်တာပေါလ်မြင့်ထက်ထင်ရ – သင်ကြားရေးတာဝန်ခံ၊ Head of Biblical Dept:
၃။ ဘုန်းတော်ကြီး ရစ်ချက်ဝေမူး – ကျောင်းသားရေးရာတာဝန်ခံ
၄။ ပါမောက္ခ ဒေါက်တာအန္တြူးမန်းဇော်လွင် – ပါမောက္ခ၊ Head of Practical Dept:
၅။ ဘုန်းတော်ကြီး ဆလိုင်းဒါဝိဒ် – လက်ထောက်ကထိက
၆။ ဆရာမ မေရီနှင်းနှင်းအေး – ကထိက
၇။ ဆရာမ ဆဂခေါ်နဲ့တောင် – ကထိက
၈။ သင်းထောက် အိုက်နေဘာ – လက်ထောက်ကထိက

**အချိန်ပိုင်းဆရာ၊ ဆရာမများ**

၁။ ဘုန်းတော်ကြီး ကင်နွန်ဒေါက်တာမာကုစောမောင်ဒို
၂။ ဘုန်းတော်ကြီး ဒေါက်တာရှိမုန်ဘီဘင်ထူး
၃။ ဘုန်းတော်ကြီး ဝင်စတန်အောင်မျိုးထွန်း
၄။ ဘုန်းတော်ကြီး အယ်လင်ကျော်မျိုးနိုင်
၅။ ဆရာမကြီး နော်ရှီဘာမူးဗင်း
၆။ ဆရာကြီး ဒေါက်တာဦးအောင်လှထွန်း (အထွေထွေအကျိုးဆောင်အချိန်ပြည့်)
၇။ ဆရာ ယောရှုမြတ်ဇော် ၈။ ဆရာဦးနော်အောင် ၉။ ဆရာ ဦးစံလင်း
၁၀။ ဆရာမ အန်တီဂျိူင်းလှကျော် ၁၁။ ဆရာမ ဒေါက်တာဒေါ်ခင်သီတာညွန့်
၁၂။ Grace Mee Bya ၁၃။ Rev. Smith Ngut Za Thawng

**စာကြည့်တိုက်**

၁။ ဘုန်းတော်ကြီး စောဂျွန်သက်လွင် – စာကြည့်တိုက်မှူး
၂။ ဆရာမ ဒေါ်ဝေဝေမြင့် – လက်ထောက်စာကြည့်တိုက်မှူး
၃။ နော်မားစီစည်းစိမ်စိုး – လက်ထောက်စာကြည့်တိုက်မှူး

**ရုံးဝန်ထမ်းများ**

၁။ ဆရာမဒေါ်မာသ – ရုံးအုပ်
၂။ နန့်သန္တာဝင်း – ရုံးအကူ
၃။ နန့်ဆန်းဖောင်ဘွား – စာရင်းကိုင်အကူ

**အခြားဝန်ထမ်းများ**

၁။ ဦးစောမြသင်း – ပြုပြင်ထိန်းသိမ်းရေးတာဝန်ခံ
၂။ ဦးစောဒေးဗစ် – ဥယျာဉ်မှူး
၃။ နန့်ရှီရှီဝင်း – ထမင်းချက်

SHALOM MAGAZINE

**ကျောင်းသား၊ ကျောင်းသူများစာရင်း (၂၀၁၄-၂၀၁၅)**

| သာသနာပိုင်နယ် | ကျား | မ | စုစုပေါင်း |
|---|---|---|---|
| ရန်ကုန် | ၈ | ၁ | ၉ |
| မန္တလေး | ၅ | - | ၅ |
| တောင်ငူ | ၆ | - | ၆ |
| စစ်တွေ | ၅ | ၁ | ၆ |
| ဘားအံ | ၆ | ၂ | ၈ |
| မြစ်ကြီးနား | ၁၀ | ၁ | ၁၁ |
| စုစုပေါင်း | ၄၀ | ၅ | ၄၅ |

**အတန်းလိုက် ကျောင်းသား၊ ကျောင်းသူများစာရင်း**

| အတန်း | ကျား | မ | စုစုပေါင်း |
|---|---|---|---|
| ပထမနှစ် | ၇ | ၁ | ၈ |
| ဒုတိယနှစ် | ၁၄ | ၁ | ၁၅ |
| တတိယနှစ် | ၉ | ၁ | ၁၀ |
| စတုတ္ထနှစ် | ၁၀ | ၂ | ၁၂ |
| စုစုပေါင်း | ၄၀ | ၅ | ၄၅ |

**အမှုတော်ဆောင်ခြင်းဆိုင်ရာ မဟာဘွဲ့သင်သန်းသူ/သားများ (၂၀၁၄ - )**

၁။ ဘုန်းတော်ကြီး စစ်ကျော်၊ တောင်ငူ
၂။ ဂိုဏ်းထောက်ကြီး ခွန်ဖျူးအောင်လင်းထင်၊ ရန်ကုန်
၃။ ဘုန်းတော်ကြီး စတေးဖာ၊ တောင်ငူ
၄။ ဘုန်းတော်ကြီး ဂျိုးဇက်ဇော်သူရ ၊ ရန်ကုန်
၅။ ဆရာမ ခရစ္စတီးနာတကူဖော၊ တောင်ငူ
၆။ ဆရာမ မိုင်သန္တာမြင့်၊ ရန်ကုန်

**အထူးကျောင်းသားများစာရင်း**

၁။ စောလူဘွေးဒို
၂။ စောရှိုင်းနင်းမွန်း

**ဆရာ၊ ဆရာမများ အရည်အချင်းမြှင့်တင်ရေးအစီအစဉ်**


၁။ ဘုန်းတော်ကြီး မိုးဇက်ကစိုထော - M.Thcandidate(Singapore,Trinity College)
၂။ ဆရာမနော်မြတ်စုမွန် - Th.D candidate (LTS, Hong Kong)
၃။ ဆရာနော်လွှင်သီတာမြင့် - M.Th candidate(Ridley College, Australia)
၄။ ဆရာစောခလေးစော - နည်းပြ M.Div candidate (MIT)
၅။ သင်းထောက်စောကလိုထူးဝါး - နည်းပြ M.Div candidate (MIT)
၆။ ဆရာဘရန်အောင် - နည်းပြ M.Div candidate (MIT)
၇။ ဆရာမ ပိုပိုမြင့်မောင် - နည်းပြ M.Div candidate (MIT)



SHALOM MAGAZINE

# တစ်လုံးတစ်ဝ

မိုးသုည




လက်ညှိုးထိုးမယ့်အစား လက်ခုပ်တီးလိုက်ပါလား
လက်ပိုက်ကြည့်မယ့်အစား လက်ကမ်းလိုက်ပါလား
ကြည့်တတ်ရင် မြင်ပါတယ် ခံစားတတ်ရင်လည်း
နာပါလိမ့်မယ် ......

ပြောင်းလဲချိန်လည်း တန်ခဲ့ပြီ
ဂိုဏ်းဂဏစွဲလည်း ချန်သင့်ပြီ
လူမျိုးစွဲလည်း ဘေးချိတ်ထားလို့
တစ်လုံးတစ်ဝတည်း ခေါင်းစဉ်ကြီးနဲ့
ကမ္ဘာကြီးထဲ သခင်ရဲ့မေတ္တာ
မျှဝေရအောင်လား ...

# ယာယီတဲ

ကလောသားလေး



ဖန်ဆင်းခြင်းကြောင့် လူလားမြောက်
လောကမှာ ကျင်လည်ရင်းနဲ့
ဘာဆိုဘာမှ အလေးအနက်မထား
သင်ဖြစ်တည်ရာ "အစ" က ဘာလဲ ...

လူ့ဘဝဟာ တကယ်တော့ခဏပါ
အခိုးအငွေ့လိုဘဲ ပျောက်ကွယ်သွားမှာ
မြေမှုန့်မှလာ မြေမှုန့်သို့ပြန်သွား
ခန္ဓာ၊ ဝိညာဉ် ကင်းကွာချိန်
နားခိုရာက ဘယ်မှာလဲ .....

ယာယီစံရာ ခန္ဓာတဲလေး
လဲပြိုမသွားမီ အချိန်ရှိခိုက်
ယုံကြည်ကာ အပ်နှံလိုက်ပါ
ခိုနားရာ ... အရိပ်စစ်ကို
ရှာဖွေကြပါစို့ ....





# အိပ်မက်လူ

ဆလိုင်းလူလှ



အတိတ်ကို ခင်းပြီး
အနာဂါတ်ကို ခြုံ
ပစ္စုပ္ပန်ကို ခေါင်းအုံးပြီး
လူ့ဘဝဆိုတဲ့ တစ်ညတာမှာ ငါအိပ်စက်ခဲ့တယ်
နာရီလက်တံတွေ အလုပ်မပျက်
ငါသည်လည်းဘဲ မလှုပ်မယှက်
အိပ်မက်တွေက မပီပြင် တစ်ပိုင်းတစ်စ
မှုန်ဝါးနေတဲ့ အိပ်မက်လမ်းထဲ လျှောက်နေချိန်
အိပ်မက်ဆိုးတွေနဲ့ လမ်းပျောက်ခဲ့ပြီ
ဆက်အိပ်၍မရတော့ ငါနိုးထခဲ့ပြီ
ခင်းထားတဲ့အတိတ် တွန့်ကြေခဲ့ပြီ
ခြုံထားတဲ့အနာဂါတ် ကွာကျကုန်ပြီ
ခေါင်းအုံးထားတဲ့ပစ္စုပ္ပန်ပြားချပ်နေပြီ
ငါ.... ဘာဆက်လုပ်ရမလဲ
သေချာတာတစ်ခုက ....
ငါ ..... နိုးနေပြီ။

# ဒုတိယနှစ်ကျောင်းသူကျောင်းသားများ၏ နွေရာသီ



## အမှုတော်ဆောင်ခြင်းဆိုင်ရာ လက်တွေ့ကွင်းဆင်းလေ့လာခြင်းခရီးစဉ်

၂၀၁၄/၂၀၁၅ ပညာသင်နှစ်အတွင်း ကျွန်တော်တို့ ဒုတိယနှစ်အဖွဲ့သားများသည် နွေရာသီ သာသနာပြုခရီးစဉ်ကို တောင်ငူသာ သနာပိုင်နယ်၊ အနောက်တောင်ဘုန်းကြီးပိုင်နယ်၊ သပြေကုန်းကျေးရွာသို့ သွားရောက်ခဲ့ကြပါသည်။ သာသနာပြုခရီးစဉ်အတွက် ကျွန်တော်တို့ အတန်းသားများသည် ကျောင်းစဖွင့်ကတည်းကပင် ဆွေးနွေးတိုင်ပင်မှုများပြုလုပ်ခဲ့ပြီး၊ ဘုန်းကြီးပိုင်နယ်၏ ဘုန်းတော်ကြီးဖြစ်သော ကျောင်းထိုင်ဆရာတော် ဘုန်းတော်ကြီးသာဂလယ်နှင့် တွေ့ ဆုံခြင်း၊ လိုအပ်မည့် အရာများအတွက် ကြိုတင်ပြင်ဆင်ခြင်းများကို စာသင်နှစ်တစ်လျှောက်လုံးတွင် ပြုလုပ်ခဲ့ကြပါသည်။

အန္ဒြူး

၁၄. ၃. ၂၀၁၅ ရက်နေ့တွင် ကျွန်တော်တို့အတန်းသားများသည် ကျောင်းတော်ကြီးမှနေ၍ တောင်ငူမြို့သို့ စတင်ထွက်ခွာခဲ့ကြပါသည်။ တောင်ငူမြို့သို့ နေ့လည်တွင်ရောက်ရှိခဲ့ပြီး ထိုမှတဆင့် သပြေကုန်းကျေးရွာသို့သွားရောက်ခဲ့ပါသည်။ သပြေကုန်းကျေးရွာတွင် ကျွန်တော်တို့သည် ဓမ္မပညာကလေးများအား သင်တန်းပေးခြင်း၊ အသင်းသူ၊ အသင်းသားများနှင့် မိဿဟာရဖွဲ့ခြင်း၊ ညီအစ်ကို အသင်းတော်ဖြစ်သော နှစ်ခြင်းအသင်းတော်မှ လူငယ်များနှင့် မိဿဟာရဖွဲ့ခြင်းများပြုလုပ်ခဲ့ကြပါသည်။ ၂၀. ၃. ၂၀၁၅တွင် ဘုတလတ်ကျေးရွာသို့ ထွက်ခွာခဲ့ရာ ညနေပိုင်းတွင်ရောက်ရှိခဲ့ပါသည်။ ဘုတလတ်ကျေးရွာတွင်ရှိသော အသင်းသူ၊ အသင်းသားများနှင့် နေအိမ်များသို့ လှည့်လည် ဝတ်ပြုကိုးကွယ်ခြင်းနှင့် ညပိုင်းတွင် မိဿဟာရ အစီအစဉ်များ ပြုလုပ်ခဲ့ပါသည်။ ၂၃. ၃. ၂၀၁၅ တွင် သပြေကုန်းကျေးရွာသို့ ပြန်လည်ရောက်ရှိခဲ့ပြီး ၂၈ရက်နေ့အထိ ဓမ္မပညာသင်တန်းကို ပြုလုပ် ခဲ့ပါသည်။ ၂. ၄. ၂၀၁၅တွင် အီစတာပွဲကျင်းပပြု လုပ်မည့် သိုးကြီးကျေးရွာသို့ သွားရောက်ခဲ့ပါသည်။ သိုးကြီးကျေးရွာတွင် ပြုလုပ်သော အီစတာပွဲတော်တွင် စကားတော်ကြီး(၇) ခွန်းကို ကျောင်းသူ၊ ကျောင်းသားများမှ တစ်ယောက်ချင်းဝေ မျှခွင့် ရရှိခဲ့ပြီး လိုအပ်သောနေရာများတွင် ပါဝင်ခဲ့ကြပါသည်။ ထို့နောက် ကျန်းမာရေးမကောင်းသော အိမ်ထောင်မိသားစုများထံ သွားရောက်ဆုတောင်းမေတ္တာပြခဲ့ကြပါသည်။ ၅. ၄. ၂၀၁၅တွင် သပြေကုန်း ကျေးရွာသို့ပြန်လည်ရောက်ရှိခဲ့ပြီး ၇. ၄. ၂၀၁၅ တွင် ကလေးများအတွက် အင်္ဂလိပ်စာသဒ္ဒါသင်တန်းကို ပြုလုပ်ပေးနိုင်ခဲ့ပါသည်။ ၁၀. ၄. ၂၀၁၅တွင် နှစ်ခြင်းအသင်းတော်မှ ဖိတ်ကြားသော မင်္ဂလာဆောင် ပွဲတွင် သံစုံသီချင်းဖြင့် ပါဝင်ခဲ့ကြပါသည်။

၁၁. ၄. ၂၀၁၅တွင် အင်းဝိုင်းကျေးရွာသို့သွားရောက်ခဲ့ပြီး အသင်းသူ၊အသင်းသားများ၊ လူငယ်များနှင့် မိဿဟာရ အစီအစဉ်များ၊ ဝတ်ပြုကိုးကွယ်ခြင်းအစီအစဉ်တို့တွင် ပါဝင်ခဲ့ပါသည်။ ၁၂. ၄. ၂၀၁၅ တွင် အင်းဝိုင်းကျေးရွာမှ သပြေကုန်းကျေးရွာသို့ပြန်လည်ရောက်ရှိခဲ့ပါသည်။ ၁၈ ရက်နေ့ တွင် နှစ်ခြင်းအသင်းတော်မှ လူငယ်များနှင့်အတူ နော်မူဘောတောင်သို့ လေ့လာရေးခရီး အဖြစ်သွား ရောက်ခဲ့ကြပါသည်။ ၁၉. ၄. ၂၀၁၅ တွင် အင်္ဂလိပ်သဒ္ဒါသင်တန်းဆင်းပွဲ နှင့် ကျွန်တော်တို့ ကျောင်းသူ၊ ကျောင်းသားများအတွက် နှုတ်ဆက်ပွဲကို ပူးတွဲကျင်းပခဲ့ပါသည်။ ထိုအစီ အစဉ်အပြီးတွင် တင်ဆက်ခြင်း များပြုလုပ်ခဲ့ကြပါ သည်။ ၂၀. ၄. ၂၀၁၅တွင် သပြေကုန်းကျေးရွာမှ ထွက်ခွာခဲ့ပြီး တောင်ငူမြို့ရှိ ဘုန်းတော်ကြီး သာဂလယ်နေအိမ်၌ တောင်ငူနယ်စီး သာသနာပိုင် ကြီး ဆရာတော် ဒေါက်တာဂျွန်ဝေးလ်မီနှင့် အတူညစာစားခဲ့ပြီး ခရီးစဉ်အကြောင်းတင်ပြ ဆွေး နွေး ခဲ့ကြပါသည်။ ၂၁. ၄. ၂၀၁၄တွင် တောင်ငူ မှပြန်လည်ထွက်ခွာခဲ့ကြပြီး အမိသန့်ရှင်းသောကားတိုင် ဓမ္မတက္ကသိုလ်သို့ မွန်းလွဲ ၂နာရီခန့်တွင် ပြန်လည်ရောက်ရှိခဲ့ပါသည်။

ကျွန်တော်တို့ ဒုတိယနှစ်ကျောင်းသူ၊ ကျောင်းသားများ၏ ခရီးစဉ်ကို သတိရဆုတောင်းပေးကြသော ညီအစ်ကို မောင်နှမများ၊ အလှူရှင်များအားလုံးအပေါ်သို့ ဘုရားရှင်၏ကြွယ်ဝသော ကောင်းချီးမင်္ဂလာများ ခံစားရရှိပါစေမည့်အကြောင်း ဤခရီးစဉ်မှတ်တမ်းဖြင့် ဂါရဝပြုအပ်ပါသည်။ ❐




သို့

**ချစ်ခင်လေးစားရပါသော**

**ဘဝတူ ကျောင်းသူ၊ ကျောင်းသားများ**

သတိရခြင်းများစွာနဲ့ စာရေးလိုက်ပါတယ်။ ဓမ္မပညာရပ်များကို ပြည်တွင်းနဲ့ ပြည်ပနိုင်ငံတွေမှာ ဆည်းပူးလေ့လာ နေကြတဲ့ ဆရာ၊ဆရာမများအတွက် အစဉ်ဆုတောင်းပေးနေကြတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ပို့သတဲ့မေတ္တာကြောင့် စာတမ်းရေးသားမှုကလည်း ယခုအချိန်အထိတော့ လမ်းကြောင်းပေါ်မှာ ရှိနေဆဲပါ။ ဒါပေမယ့် နိုင်ငံတကာပညာရေးစနစ်နဲ့အမှီ သူတို့သတ်မှတ်ထားတဲ့အဆင့်မီအောင် တွေးခေါ်ပြီး ကျောင်းစာကို သစ္စာရှိရှိ၊ မှန်မှန်ကန်ကန် ရေးသားတင်ပြနိုင်ဖို့အတွက် တော်တော်လေး ကြိုးစားရပါတယ်။ တစ်ခါတစ်ရံ ကိုယ့်ကိုကိုယ် အားမရတာတွေ၊ အားငယ်တာတွေတော့ ရှိတာပေါ့။ တစ်ဖက်မှာလည်း ဝိညာဉ်ရေးနဲ့ ပြည့်ဝတဲ့ စာတမ်းကြီးကြပ်ပေးသူ စိတ်မပျက်သွားရလေအောင် ဆုတောင်းခြင်းနဲ့အတူ ကြိုးစား အားထုတ်ရပါတယ်။ စာတမ်းပြီးမြောက်အောင် ကြိုးစားအားထုတ်ရင်း စာတမ်းကြီးကြပ်သူဆီကနေ စာတမ်းပြုစုတဲ့ ကျောင်းသားတွေကို ဘယ်လိုကြီးကြပ်မှုတွေပေးသလဲ ဆိုတာနဲ့ စာတမ်းကြီးကြပ်သူကောင်းတစ်ယောက်ရဲ့ အရည်အသွေးကိုလည်း ( Hidden Course ) အနေနဲ့ သင်ယူရရှိပါတယ်။

စာတမ်းရေးသားခြင်းအပြင် ကိုယ့်နိုင်ငံရဲ့ ရေခံမြေခံနဲ့အညီ အသင်းတော်နဲ့ ဧဝံဂေလိသတင်းတော်နှံ့ပြားရေးမှာ ပြန်ပြီးအသုံးပြုနိုင်မယ့် အသိအမြင်၊ ဗဟုသုတတွေကိုလည်း အလျင်းသင့်သလို လေ့လာမှတ်သားခွင့် ရတဲ့အတွက် ဘုရားရှင်ကို ကျေးဇူးတော်ချီးမွမ်းရပါတယ်။

တစ်ခါတစ်ရံမှာ စိတ်ဓါတ်ကတော့ ကျသွားလိုက်၊ ပြန်ကောက်ထည့်လိုက်ပါဘဲ။ ကျန်းမာရေးအတွက်ကတော့ မနက်တိုင်းနီးပါး အနီးအနားက ပန်းခြံမှာ အပြေးလေ့ကျင့်ဖြစ်တယ်။ အကျိုးရလဒ်အ





နေနဲ့ အတွေးရှင်းပြီး အပြုသဘောဆောင်တဲ့ အတွေးအခေါ် ဆုံးဖြတ်ချက်တွေကို အရင်ကထက်လုပ်ဆောင်နိုင်တယ်လို့ ထင်တာပါဘဲ။ အစားအသောက်ကတော့ ဒီလိုဘဲ အဆင်ပြေအောင် ကိုယ်တိုင်ချက်စားလိုက်၊ ဒီကဘိုစာတွေကို ဘိုတွေနဲ့ အတူစားလိုက်နဲ့ ဒီလိုပါဘဲ။

တံခါးခေါက်ပြီး စားစရာဘာရှိသေးလဲဆိုပြီး သွားရမယ့် ဆရာ၊ဆရာမအိမ်တွေ ဘယ်မှာရှိမှန်းမသိပါဘူး။ ကိုယ့်မွေးနေ့၊ သင်္ကြန်နဲ့ ခရစ္စမတ်အချိန်တွေကတော့ မြန်မာပြည်ကို အလွမ်းဆုံးအချိန်တွေပေါ့။

ဘာပဲဖြစ်ဖြစ်လေ ကျွန်မကတော့ နှင်းဆီဖြစ်လိုက်၊ မဗေဒါဖြစ်လိုက်၊ ရှာလုမ်အရပ်က တောပန်းဖြစ်လိုက်နဲ့။ ဒါပေမယ့် သေချာတာကတော့ ကျွန်မဟာ မြန်မာနိုင်ငံမှာ အမှုတော်ဆောင်မယ့်သူဆိုတာပါပဲ . . .။

ဘဝတူ ကျောင်းသူ၊ကျောင်းသားများလည်းပဲ ဘုရားရှင်နဲ့သော်လည်းကောင်း၊ လူလူချင်းနဲ့သော်လည်းကောင်း၊ ဆက်ဆံရေး ဖြောင့်မတ်မှန်ကန်ပြီး အမှုတော်ဆောင်ကောင်းများ ဖြစ်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်။

ရှာလုမ်

သတိရခြင်းများစွာဖြင့်

လွင်သီတာမြင့်
(ခေတ္တ မဲလ်ဘုန်းမြို့)

□□□

# ပထမနှစ်ကျောင်းသူ ကျောင်းသားများ၏ နွေရာသီ



## အမှုတော်ဆောင်ခြင်းဆိုင်ရာ လက်တွေ့ကွင်းဆင်းလေ့လာခြင်းခရီးစဉ်

ရှေးဦးစွာ ဘုရားသခင်၏ကျေးဇူးတော်ကို ချီးမွမ်းပါသည်။ ကျွန်တော်တို့ပထမနှစ်ကျောင်းသား၊သူများသည်နွေရာသီကွင်းဆင်းလေ့လာခြင်း ခရီးစဉ်ကို နှစ်ဖွဲ့ခွဲကာ ရန်ကုန်သာသနာပိုင်နယ်၊ ပြည်ဂိုဏ်းထောက်နယ်တွင်ရှိသော ဘုန်းကြီးပိုင်နယ်များသို့ သွားရောက်ခဲ့ပါသည်။ ကျွန်တော်တို့သည် ခရီးစဉ်မသွားရောက်မီ ကျောင်းတော်ကြီးတွင်ရှိနေစဉ် ခရီးစဉ်အတွက် အပတ်စဉ် ဆွေးနွေးခြင်း၊ ဆုတောင်းခြင်း၊ ပြင်ဆင်ခြင်းများနှင့် မိမိတို့သင်ကြားရမည့်သင်ခန်းစာများအတွက် တာဝန်ခွဲဝေခြင်း များနှင့်အတူ အကများ၊ သီချင်းများကိုပါ လေ့ကျင့်သွားခဲ့ပါသည်။

ပထမတစ်ဖွဲ့မှာ ဆရာစောခလေးစော၏ ဦးဆောင်မှုဖြင့် ပြည်ဂိုဏ်းထောက်နယ်တွင်ရှိသော ဒိုးနွယ်(ဗတ္တိဇံဆရာ ရှင်ယောဟန်) အသင်းတော်သို့ သွားရောက်ခဲ့ပါသည်။ ကျောင်းတော်ကြီးမှ (၁၃. ၃. ၁၅) နံနက် (၆း၀၀) အချိန်တွင် ထွက်ခွာပြီး၊ (၃၀. ၃. ၁၅) ညနေ (၂း၃၀) အချိန်တွင် ကျောင်းတော်ကြီးသို့ပြန်လည် ရောက်ရှိခဲ့ပါသည်။ ကျွန်တော်တို့အဖွဲ့သည် ဒိုးနွယ်ကျေးရွာသို့ရောက်သောအခါ ကျေးရွာတွင်ရှိသော အသင်းသူ၊ သားများက နွေးထွေးပျူငှာစွာ ကြိုဆိုခဲ့ပါသည်။ ဒိုးနွယ်ကျေးရွာတွင် နှစ်ပတ်တာဓမ္မပညာသင်တန်းကို ပြုလုပ်ပေးခဲ့ပါသည်။ ပထမတစ်ပတ်တွင် ဓမ္မပညာသင်တန်းကို သီးသန့်ပြုလုပ်ပေးပြီး ဒုတိယတစ်ပတ်တွင် လက်တင်မင်္ဂလာခံယူမည့်အတန်းကိုပါ ပေါင်းပြီး သင်တန်းပြုလုပ်ပေးခဲ့ပါသည်။ ထို့အပြင် နေ့လယ်ခင်း အချိန်များတွင် အင်္ဂလိပ်စာအခြေခံများကိုလည်း သင်ကြားပေးခဲ့ပါသည်။ ထိုသင်တန်းတွင် အသင်းတော်တွင်ရှိသော ဓမ္မပညာကလေးများသာမက အခြားသောအသင်းတော်မှ ကလေးသူငယ်များနှင့် ခရစ်ယာန်ဘာသာဝင်မဟုတ် သောသူကလေးများပါ တက်ကြွစွာ ပါဝင်တက်ရောက်ကြသည်ကို တွေ့ရပါသည်။ ထို့အပြင် ဘုန်းတော်ကြီးနေအိမ်ဆောက်လုပ်ရန်အတွက် မြေတူးခြင်းများ၊ သဲတင်သဲတိုက်ခြင်းများ၊ အုတ်သယ်ခြင်းများ၊ မြေကြီးသယ်ခြင်းများ လုပ်ဆောင်ခြင်းအားဖြင့်လည်း လုပ်အားပေးခဲ့ပါသည်။ ဒိုးနွယ်ကျေးရွာတွင်ရှိသော အသင်းသူ၊ သားများအိမ်သို့ မိသဟာယဖွဲ့ဆုတောင်းခြင်းများ၊ အိမ်လှည့်ဆုတောင်းခြင်းများ ပြုလုပ်ခဲ့ပြီး ဒိုးနွယ်ရွာသစ်တွင် ရှိသော အသင်းသူ၊ သားများအိမ်သို့လည်း ထိုကဲ့သို့ မိသဟာယဖွဲ့ခြင်း များ ပြုလုပ်ခဲ့ပါသည်။

ဒုတိယတစ်ဖွဲ့မှာ ဆရာစောကလိုထူးဝါး၏ ဦးဆောင်မှုဖြင့် ပြည်ဂိုဏ်းထောက်နယ် ကြာအင်းရွာတွင်ရှိသော (ရှင်ပေါလု) အသင်းတော်သို့ သွားရောက်ခဲ့ပါသည်။ ကျောင်းတော်ကြီးမှ (၁၃း၃. ၂၀၁၅) ညနေ (၆း၃၀) တွင် စတင်ထွက်ခွာပြီး (၂၇. ၃. ၁၅) နေ့တွင် ကျောင်းတော်ကြီးသို့ ပြန်လည်ရောက်ရှိခဲ့ပါသည်။ ကျွန်တော်တို့သည် ကြာအင်းရှင်ပေါလု အသင်းတော်တွင် ဆယ်ရက်တာဓမ္မပညာသင်တန်းကို ပြုလုပ်ပေးခဲ့ပါသည်။ ထိုသင်တန်းတွင် ကလေးသူငယ်များသည် တက်ကြွစွာတက်ရောက်ခဲ့ကြသည်ကိုလည်း တွေ့ရပါသည်။ သင်တန်းတွင် သီချင်းသင်ကြားခြင်းများ၊ လက်မှုသင်ကြားခြင်းများ၊ ညနေပိုင်းအချိန်များတွင် တင်ဆက်ခြင်းအစီစဉ်များကိုလည်း ကလေးသူငယ်များနှင့်အတူ လုပ်ဆောင်ခဲ့ကြပါသည်။ ဘုရားသခင်၏ကျေးဇူးတော်ကြောင့် ဆယ်ရက်တာသင်တန်းအချိန်တွင် မည်သည့်အခက်အခဲမျှ မတွေ့ကြုံဘဲ ကောင်းမွန်စွာ သင်ကြား၊ပေးခွင့်ကို ရရှိခဲ့ပါသည်။

ခရီးစဉ်တွင် ကျွန်တော်တို့အတွက် အတွေ့အကြုံများရှိသကဲ့သို့ အဖွဲ့သားအချင်းချင်းလည်း စည်းလုံးမှုများ ပိုမိုရရှိခဲ့ပါသည်။ ဒေသခံအသင်းသားများ၏ စိတ်ရင်းဖြူစင်မှုနှင့် လက်ခံကြိုဆိုမှုကို ရရှိသည့်အတွက်လည်း များစွာအားရဝမ်းသာမိပါသည်။ ကျွန်တော်တို့ ပထမနှစ်ကျောင်းသား၊သူများသည် ခရီးစဉ်တစ်လျှောက်လုံးတွင် အမှုတော်ဆောင်ရန် ဘဝအသက်တာအတွက် မေ့မရသောအတွေ့အကြုံများ၊ သင်ခန်းစာများ ရရှိခဲ့ပါသည်။ ခရီးစဉ်တစ်လျှောက်လုံးတွင် ဘုရားသခင်၏လမ်းပြပို့ဆောင်မှုဖြင့် အရာရာကိုကျော်လွှားနိုင်ခဲ့ပါသည်။ ခရီးစဉ်အား သွားရောက်လေ့လာရန် စီစဉ်ပေးခဲ့သည့် ကျောင်းအုပ်ကြီးနှင့်တကွ ကျောင်းတော်ကြီးမှဆရာ၊ ဆရာမများကိုလည်းကောင်း ခရီးစဉ်တွင် ကျွန်တော်တို့အား လက်ခံကြိုဆိုကြသော ဘုန်းတော်ကြီးပီတာနှင့်အတူ ဒိုးနွယ်ကျေးရွာတွင်ရှိသော အသင်းသူ၊ အသင်းသားများ အားလုံးအား လည်းကောင်း၊ ဘုန်းတော်ကြီးမြင့်ဇော်နှင့်အတူ ကြာအင်းရှင်ပေါလုအသင်းတော်တွင်ရှိသော အသင်းသူ၊ အသင်းသားများအားလုံးအားလည်းကောင်း၊ ငွေကြေးအားဖြင့် ပါဝင်လှူဒါန်းကြသောသူများနှင့်၊ ဆုတောင်းခြင်းဖြင့်ပါဝင်ကူညီကြသော ခရစ်တော်၌ ညီအစ်ကို မောင်နှမအားလုံးတို့အား အထူးပင် ကျေးဇူးတင် ကြောင်း ဖော်ပြလိုပါသည်။ ❑



# သန့်ရှင်းသောကားတိုင် ဓမ္မတက္ကသိုလ်
## ကျောင်းအုပ်ကြီးနှင့် တွေ့ဆုံမေးမြန်းခြင်း

**ရှာလုမ်** ။ ။ ဆရာမင်္ဂလာပါ။

**ဆရာကြီး** ။ ။ မင်္ဂလာပါ။

**ရှာလုမ်** ။ ။ဆရာ့ကြီးရဲ့ ဇာတိနဲ့မိခင် အသင်းတော်ကို သိပါရစေ။

**ဆရာကြီး** ။ ။ ဇာတိကတော့ ရန်ကုန်မှာပဲ မွေးပါတယ်။ မိခင်အသင်းတော်ကတော့ သန့်ရှင်းသောကားတိုင်အသင်းတော် ဖြစ်ပါတယ်။

**ရှာလုမ်** ။ ။ ဆရာကြီးရဲ့ လူငယ်ဘဝ အသင်းတော်တွင်းလှုပ်ရှားမှုနဲ့ အ. လ. င. သ အကြောင်းကို အနည်းငယ်သိချင်ပါတယ်ဆရာ။

**ဆရာကြီး**။ ။လူငယ်ဘဝတုန်းကတော့ တော်တော်များများ ပါဝင်ဖြစ်ပါတယ်။ အဓိကကတော့ ဆန်းဒေးစကူးမှာ ကောင်းကောင်းအခြေခံရခဲ့တဲ့အတွက် လူငယ်မှာ လည်းကောင်းကောင်းမွန်မွန်ပါဝင်ဖြစ်တယ်။ ကိုယ်ကလည်း အမှုတော်ဆောင် သားတစ်ဦးဖြစ်တဲ့အခါကျတော့ အလိုလိုနေရင်းပါဖြစ်တာပေါ့။ လူငယ်ဘဝမှာ ကျွန်တော်တို့ တွေ့ကြုံရတဲ့ အတွေ့အကြုံကတော့ လူကြီးတွေကကျွန်တော်တို့ကို ယုံကြည်စိတ်ချစွာနဲ့ လူငယ်လုပ်ငန်းတွေလုပ်ဖို့ အခွင့်အလမ်းပေးတယ်လို့မြင်တယ်။နောက်ကျွန်တော်တို့ အချိန်နဲ့ အခုအချိန်နဲ့တော့ မတူဘူးပေါ့။ လူငယ်တွေနဲ့ ပတ်သက်တဲ့ အခြားဆွဲဆောင်တဲ့အရာတွေကလည်း အခုခေတ်လောက်မများသေးဘူး ပေါ့။ အဲ့ဒါကြောင့် ဘုရားကျောင်းမှာ ပိုပြီးပျော်ပျော် ရွှင်ရွှင်နဲ့ အချိန်ပေးပြီးတော့ လူငယ်လုပ်ငန်း လုပ်နိုင်ခဲ့တာဘဲဖြစ်ပါတယ်။ နောက်ပြီး ကျွန်တော် တဖြည်းဖြည်းနှင့် အရွယ်ရလာတဲ့အခါမှာ နယ်တွေဘာတွေခရီးထွက်ပြီးတော့ ဧဝံဂေလိခရီးစဉ်တွေသွားတဲ့အထိ အရွယ်ရလာခဲ့တယ်ပေါ့။

အ. လ. င. သ ကတော့ အသင်းတော်မဏ္ဍိုင်ကြီးလေးခုရှိတဲ့အထဲမှာ အင်မတန်မှ သမိုင်းအရထူးခြားပြီး ကောင်းမွန်တဲ့အဖွဲ့ဖြစ်ပါတယ်။ ဆိုတော့ အထူးသဖြင့် ကိုယ့်အသင်းတော်ထဲ မှာ ကိုယ်ဟာကိုယ် စုဝေးကြတယ်။ နောက်ပြီးတော့ အသင်းတော်အချင်းချင်း စုဝေးတယ်။ ဒီထက်မက တစ်နိုင်ငံလုံး အတိုင်းအတာနှင့် စုဝေးတယ်ဆိုတာ အင်မတန်မှ ကောင်းတဲ့ အမွေအနှစ်တစ်ခုဖြစ်ပါတယ်။ ကျွန်တော်ထင်တယ် အဓိကအရေးကြီးတာ ကတော့ ဒီလူငယ်အသင်းအားဖြင့် ခေတ်ကာလတစ်ခုစီတိုင်းမှာ လူငယ်တွေ ကြုံတွေ့ရတဲ့ စိန်ခေါ်မှုတွေက မတူတဲ့အခါမှာ စိန်ခေါ်တဲ့အရာတွေကို တုန့်ပြန်နိုင်ဖို့ လူငယ်တွေကိုဝိုင်းဝန်းကူညီပေးဖို့နဲ့. လူငယ်တွေကို ဆက်ပြီးတော့ ဦးဆောင်လမ်းပြနိုင်ဖို့ အရေးကြီးတယ် လို့ထင်ပါတယ်။

**ရှာလုမ်** ။ ။ အမှုတော်ဆောင်ဘဝထဲသို့ ရောက်လာဖို့ ဘယ်အရာတွေကတွန်းအားဖြစ်ခဲ့ပါသလဲ။

**ဆရာကြီး** ။ ။ ကျွန်တော်အမှုတော် ဆောင်ဖြစ်လာဖို့ စတင်ခဲ့တဲ့အရာကတော့ ဓမ္မပညာကို သိချင်ပြီးတော့ လေ့လာဆည်းပူးချင်တဲ့စိတ်ကနေပြီးတော့ အစပြုခဲ့ပါတယ်။ ကျွန်တော်တို့ လူငယ်အရွယ်တုန်းကအခြေအနေကလည်းပဲ အစိုးရကျောင်းတွေက ပိတ်တဲ့အချိန်တော်တော်များတယ်ပေါ့။ ဒီလိုအချိန်မှာ ဓမ္မပညာကို လေ့လာသင်ယူမယ်ဆိုတဲ့စိတ်က ရှိတဲ့အခါမှာ အဲ့ဒီနည်းနဲ့ အမှုတော်ဆောင်ဖြစ်ဖို့ စတင်လာပါတယ်။ ကိုယ်ရဲ့ ယုံကြည်ချက်ကလည်း တဖြည်းဖြည်းခိုင်မာလာပါတယ်။ ဘုရားသခင် အမှုတော်ဆောင်ရွက်ဖို့ ဘုရားကို သိရှိခံယူလာတဲ့အခါမှာ အမှုတော်ဆောင်ဖြစ်ဖို့ ပိုခိုင်မာလာတဲ့ သဘောမှာ ရှိပါတယ်။

**ရှာလုမ်** ။ ။ ဆရာကြီးဓမ္မပညာတွေကို လေ့လာသင်ယူပြီး၊ ရရှိထားတဲ့ဘွဲ့တွေကိုသိပါရစေ။

**ဆရာကြီး** ။ ။ ကျွန်တော်ကတော့ B.Th ကိုရရှိထားပါတယ်။ နောက်ပိုင်း မှာ Master တက်ရင်းနဲ့ Doctrate ဘွဲ့ကို ယူလို့ရတဲ့အခါမှာ ဂျာမဏီနိုင်ငံ၊ ရီကန်စပေါ့ ယူနီဗာစတီမှာ တက်ပြီးတော့ Ph.D ရရှိခဲ့ပါတယ်။ တက္ကသိုလ်တွေလည်း ပိတ်နေတဲ့အချိန်ဆိုတော့ တက္ကသိုလ်တော့ မတက်ခဲ့ ရပါဘူး။ ဒီကြားထဲမှာလည်းဘဲ အဝေးသင်တက္ကသိုလ်တော့ တက်ခဲ့ပါတယ်။ ဒါပေမယ့် ဓမ္မအတွေးအခေါ် ပညာတွေကိုဘဲ ပိုပြီးအချိန်ပေးမယ်လို့ စဉ်းစားခဲ့တဲ့အခါမှာ Secular ဘွဲ့တွေတော့ ကျွန်တော်ပြီး ဆုံးအောင် မတက်ဖြစ်ခဲ့ဘူးပေါ့။

**ရှာလုမ်** ။ ။ ဆရာကြီးရဲ့ အမှုတော်စတင်ဆောင်တဲ့ခုနှစ်နဲ့ အမှုတော်ဆောင်ခဲ့ပုံအဆင့်ဆင့်ကို သိပါရစေဆရာ။

**ဆရာကြီး** ။ ။ ၁၉၉၇ဖြစ်မယ်ထင်တယ်။ သင်းထောက်သိက္ခာကို အရင်ဆုံး ရတဲ့အချိန်ဖြစ်ပါတယ်။နောက်ပိုင်း ကျွန်တော် နိုင်ငံရပ်ခြားက ပြန်လာတဲ့အခါမှာ ၂၀၀၅ ခုနှစ်မှာ ဘုန်းတော်ကြီးသိက္ခာကို ရရှိခဲ့ပါတယ်။ အရင်ဆုံးနေနှင့် ကျွန်တော် စိန့်မိုက်ကယ် (St.Michael) မှာ သင်းထောက်လုပ်ဖြစ်ပါတယ်။ အဓိကကတော့ လူငယ်လုပ်ငန်းတွေနဲ့ အသင်းတော်ကြည့်ရှုခြင်းလုပ်ငန်းတွေကိုလုပ်ဖြစ်ပါတယ်။ ကျွန်တော် အဲ့ဒီကနေတစ်ဆင့် နိုင်ငံရပ်ခြားတွေမှာ ဓမ္မပညာရပ်တွေကို သင်ကြားပြီးပြန်လာတဲ့အခါကျတော့ Holy Cross Church မှာလက်ထောက်အကူဘုန်းတော်ကြီးအဖြစ် တာဝန်ထမ်းဆောင်ပါတယ်။ နောက်တော့ ၂၀၁၀ ဝန်းကျင်မှာ သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်မှာ ကျောင်းအုပ်ကြီးအဖြစ်နဲ့ တစ်ဖက်မှာ အသင်းတော်ရဲ့ကျောင်းထိုင်ဘုန်းတော်ကြီးတာဝန်ကို ထမ်းဆောင်ခဲ့တာ ယနေ့အထိဖြစ်ပါတယ်။

**ရှာလုမ်** ။ ။ လက်တွေ့အမှုတော်ဆောင်ဘဝကိုရောက်ရှိသွားတဲ့ အချိန်မှာ ဆရာ့အတွက် စိန်ခေါ်မှုတွေကဘယ်အရာတွေများ ဖြစ်ခဲ့ပါသလဲ။

**ဆရာကြီး** ။ ။ စိန်ခေါ်မှုကတော့ အမှုတော်ဆောင်ခဲ့ရတဲ့ အချိန်ကာလ တစ်ခုနဲ့တစ်ခုတော့ မတူဘူးလို့မြင်ပါတယ်။ အစပိုင်းမှာတော့ ကိုယ်ကငယ်ရွယ်တဲ့အချိန် အတွေ့အကြုံ နုသေးတဲ့အချိန်ဆိုတော့ လေ့လာသင်ယူစရာက ပိုပြီးတော့ များပါတယ်။ ဒါပေမယ့် တဖြည်းဖြည်းနဲ့ တာဝန်ပိုပြီးတော့ယူလာရတဲ့ အချိန်၊ အတွေ့အကြုံလည်း နည်းနည်းရလာတဲ့ အချိန်မှာတော့ တခြားစိန်ခေါ်မှုတွေက အရင်တုန်းကနဲ့မတူတဲ့ အခြေအနေလည်းပဲ ရှိနိုင်ပါတယ်။ အမှုတော်ဆောင်တွေအတွက် အဓိကစိန်ခေါ်မှုကတော့ ဘုရားအလုပ်ကိုလုပ်တဲ့အခါမှာ ဘုရားနဲ့ ကင်းကွာသွားလို့ မရပါဘူး။ပြီးတဲ့အခါမှာ ဘုရားအလုပ် လုပ်တဲ့အခါမှာ သခင်ခရစ်တော် စံနမူနာယူပြီးတော့ မလုပ်လို့ မရပါဘူးလို့ထင်တယ်။ အဲ့လိုမလုပ်ရင်တော့ အမှုတော်ဆောင်ရတာ ခက်ခဲတဲ့အနေအထား ရှိနိုင်ပါတယ်။

**ရှာလုမ်** ။ ။ ဆရာကြီး စံထားရတဲ့ ပုဂ္ဂိုလ်နှင့်ဆရာ့အပေါ် လွှမ်းမိုးမှုရှိတဲ့ အတွေးအခေါ်များကိုသိချင်ပါတယ်ဆရာ။

**ဆရာကြီး** ။ ။ ကျွန်တော့်အသက်တာမှာ ပုံသွင်းပေးတဲ့၊ လွှမ်းမိုးတဲ့ပုဂ္ဂိုလ်တွေတော်တော်များများ ရှိခဲ့ပါတယ်။ တချို့ဆိုရင် ဆန်းဒေးစကူးဆရာ၊ ဆရာမတွေဖြစ်မယ်၊ ဘုန်းတော်ကြီး၊ သာသနာပိုင် အစရှိသဖြင့် ပုဂ္ဂိုလ်အမျိုးမျိုးရှိခဲ့မယ်လို့ ယုံကြည်ပါတယ်။ လေ့လာစရာသင်ယူစရာများလည်း အများကြီးရှိသေးတယ်လို့ မြင်ပါတယ်။ အထူးသဖြင့် ခေတ်တစ်ခေတ်နဲ့တစ်ခေတ်မှာ အမှုတော်ဆောင်ရတာ၊ ခေါင်းဆောင်ရတာ သဘောသဘာဝမတူတဲ့အခါမှာ ပုဂ္ဂိုလ် အမျိုးမျိုးတွေဆီက မတူညီတဲ့အတွေ့ အကြုံအမျိုးမျိုးနှင့် လေ့လာသင်ယူခဲ့ရတယ်လို့ နားလည်ပါတယ်။

**ရှာလုမ်** ။ ။ ဆရာကြီးအနေနဲ့ သိုးထိန်းကောင်းတစ်ဦးကို ဘယ်လိုမြင်ပါသလဲ။

**ဆရာကြီး** ။ ။ သိုးထိန်းကောင်းလို့ ပြောတဲ့အခါမှာ ကျွန်တော်တို့ဟာ ခရစ်တော်ကိုယ်စားကိုယ့်ကိုတာဝန်ပေးထားတဲ့လူတွေကို ကြည့်ရှုရတယ်လို့မြင်ပါတယ်။ ကြည့်ရှုတဲ့အခါမှာလည်း ခရစ်တော်ဆိုတဲ့သိုးထိန်းကြီးရဲ့ သဘောသဘာဝ အရည်အသွေးတွေကို အခြေခံပြီးတော့ လုပ်ဆောင်ဖို့က အင်မတန်မှအရေးကြီးတယ် လို့မြင်မိပါတယ်။ ပြီးတဲ့အခါမှာ ကိုယ်ခွန်အား၊ စွမ်းအားတစ်ခုတည်းကိုဘဲ မှီခိုလို့မရဘူးလို့ ထင်ပါတယ်။ အဓိကကတော့ ဘုရားကိုလုံးဝယုံကြည် ကိုးစားပုံအပ်ပြီး လုပ်ဆောင်ဖို့ အရေးကြီးတယ်လို့ ထင်မြင်မိပါတယ်။ ပြီးတော့ ကိုယ့်သိုးတွေမှာ ဘယ်သိုးဘဲဖြစ်ဖြစ် အယုတ်၊အလပ်၊ အမြတ်မရွေးဘဲ ကျွန်တော်တို့က အားလုံးကို ကိုယ်တက်စွမ်းသမျှ ကြည့်ရှုဖေးမရမယ်လို့ ယုံကြည်ပါတယ်။ သိုးထိန်းလို့ ပြောသော်လည်း အဓိကက ကျွန်တော်တို့ကို သခင်ခရစ်တော်အစေခံတဲ့အရာဟာ လူတွေကို အစေခံဖို့အတွက် အဓိကကျတယ်လို့ နားလည်ပါတယ်။

**ရှာလုမ်** ။ ။ ဆရာကြီးရဲ့ ယခုအချိန်ထိ ကိုင်စွဲထားသော ဆောင်ပုဒ် (သို့) အမြဲတမ်းခံယူထားတဲ့ ကျမ်းပိုဒ် တစ်ခုခုကိုသိပါရစေ။

**ဆရာကြီး** ။ ။ အဓိကကတော့ ဘုရားအမှုတော်ကို ဆောင်ရွက်တဲ့အခါမှာ ဘုရားပေးတဲ့ခွန်အားနဲ့ ဘုရားတင်တဲ့ ထမ်းဘိုးကို ဆောင်ရွက်ဖို့ဖြစ်ပါတယ်။ သခင်ခရစ်တော် ဖော်ပြခဲ့သလိုဘဲ ခမည်းတော်ဘုရားသခင်ဖြစ်စေချင်တဲ့အရာကို အဓိကထားပြီးတော့ အသက်တာကို အသုံးခံရမယ်လို့မြင်ပါတယ်။ ကျမ်းချက်အနေနှင့်ကတော့ ရှင်ယောဟန်ကျမ်းထဲမှာ သခင်ခရစ်တော်ပြောသလို ကျွန်တော်တို့ဟာ အမှုတော်ဆောင်တွေဖြစ်တဲ့ အခါမှာ ဘုရားကကိုယ့်ကိုရွေးခြင်းဖြစ်တယ်၊ ကိုယ်ကရွေးချယ်တာထက် ဘုရားကလူကို ရွေးချယ်တယ်ဆိုတဲ့အချက်က ဘုရားအလုပ်လုပ်တဲ့အခါမှာ ပိုပြီးတော့ မှန်ကန်တဲ့သဘောသဘာဝရှိဖို့ အများကြီး အထောက်အကူခွန် အားဖြစ်စေပါ တယ်။

**ရှာလုမ်** ။ ။ အခက်ခဲပြဿနာတွေကို မည်ကဲ့သို့ ဖြေရှင်းလေ့ရှိပါသလဲဆိုတာ သိချင်ပါတယ်။

**ဆရာကြီး** ။ ။ အခက်အခဲတွေကြုံတဲ့အခါမှာ အဓိကကတော့ အတွေ့အကြုံအရ ဘယ်လိုဖြေရှင်းမလဲစဉ်းစားဖို့လို အပ်ပါတယ်။ ဘုရားကကိုယ့်ကို ဒီပြဿနာတွေအပေါ်မှာ ဘယ်လိုဖြေရှင်းစေချင်သလဲဆိုတာ နားထောင်ဖို့ လိုအပ်ပါတယ်။ ပြီးတဲ့အခါမှာ တစ်ခြားသူတွေနဲ့ စကားပြောပြီး ဒီကိစ္စနဲ့ပတ်သက်ပြီး အကြံဉာဏ်တောင်းပြီး ဖြေရှင်းဖို့လိုတယ်လို့မြင်ပါတယ်။ ဘာဘဲဖြစ်ဖြစ် ကျွန်တော်ထင်တယ် အခက်အခဲတွေကြုံလာတဲ့ အခါမှာလည်းဘဲ ဘုရားပေးတဲ့ ကိုယ်စွမ်း ဉာဏ်စွမ်းနဲ့ ရင်ဆိုင်ဖြေရှင်းပြီးတဲ့အခါမှာ အောင်မြင်တာလည်း ရှိရင်ရှိမယ်၊ အကယ်၍ အဆင်မပြေတာလည်း ရှိရင်ရှိမယ် ဘယ်လိုအခြေအနေမှာ ဘဲဖြစ်ဖြစ် ဘုရားကိုယုံကြည်အားကိုးတဲ့ အရာမှာတော့ မစွန့်လွှတ်ဘဲနဲ့ ရင်ဆိုင်ဖြေရှင်းဖို့ဖြစ်ပါတယ်။

**ရှာလုမ်** ။ ။ တိုးတက်လာတဲ့ ခေတ်စနစ်များအပေါ်တွင် အသင်းတော်အပေါ်ရှုမြင်ပုံကိုလည်း ပြောပြပေးပါဦး။

**ဆရာကြီး**။ ။ ခေတ်ပြောင်းလာတာနဲ့အမျှ အသင်းတော်လည်း ခေတ်ရဲ့လွှမ်းမိုးမှုနှင့် ပုံသွင်းမှုတွေက အနည်းနှင့်အများ ရှိမှာဖြစ်ပါတယ်။ ဒီခေတ်ဒီ အချိန်မှာကတော့ ကျွန်တော်တို့အတွက် အခွင့်အလမ်းတွေကအများကြီးရှိသလို တစ်ဖက်


ဘုန်းတော်ကြီး ဒေါက်တာစံမြတ်ရွှေ မိသားစု

မှာ လည်း ကျွန်တော်တို့ သတိပြုရမယ့်အရာတွေ အများကြီးရှိတယ်လို့ ယုံကြည်ပါတယ်။ အဓိက အသင်းတော်အတွက် အရေးကြီး တာကတော့ ကိုယ့်ယုံကြည်ခြင်းက ခိုင်မာတဲ့ မြဲမြံတဲ့ယုံကြည်ခြင်း ရှိဖို့၊ ဒီလောကထဲမှာရှိတဲ့အခါမှာ ဒါကို ကျွန်တော်တို့ သတိပြုပြီးတော့ဆက်လက်ပြီးတော့ လုပ်ဆောင်ဖို့လို အပ်မှာဖြစ်ပါတယ်။ တစ်ဖက်မှာလည်း လောကမှာကြုံတွေ့ရ တဲ့စိန်ခေါ်မှုတွေ ရှိမယ်၊ ကိုယ်နဲ့ဆက်နွယ်တဲ့အရာတွေရှိမယ် ဒါတွေကိုလည်းပဲ ကျွန်တော်တို့ကကိုယ်ရဲ့ယုံကြည်ခြင်းကို အခြေပြုတဲ့ တုံ့ပြန်မှုနဲ့ပြန်ပြီးတော့ တုံ့ပြန်ဖို့ဖြစ်ပါတယ်။ ခေတ်အဆက်ဆက်မှာက အသင်းတော်က ဒီလိုဘဲကြုံလာတဲ့အခါမှာ သမ္မာကျမ်းစာက ကျွန်တော်တို့ကို ဖော်ပြတဲ့အချက်တွေက ကျွန်တော်တို့ခေတ် အခြေအနေမှာ ဘယ်လိုတုံ့ပြန်ရ မယ်ဆိုတာကို အကောင်းဆုံးမီးမောင်းထိုးပြမယ့် လုံလောက်တဲ့ အရာတွေရှိနိုင်မယ်လို့ ယုံကြည်ပါ တယ်။

**ရှာလုမ်** ။ ။ ဆရာ့ရဲ့ မိသားစုနှင့်လည်း မိတ်ဆက်ပေးပါဦး။

**ဆရာကြီး** ။ ။ ကျွန်တော့်အမျိုးသမီးကတော့ ဒေါ်ခင်ဆက်လင်းဖြစ်ပါတယ်။ သားနှစ်ဦးရှိပါတယ်။ အကြီးကတော့ ဒေါ်မနစ် မောင်ဟိန်းလင်းစံ၊ အငယ်ကတော့ ဂေဘရယ် မောင်ဘုန်းမြတ်စံဖြစ်ပါတယ်။ ကျွန်တော့် ညီအစ်မတစ်ချို့နှင့် သန့်ရှင်းသောကားတိုင်ဝန်းထဲမှာ နေထိုင်ပါတယ်။

**ရှာလုမ်** ။ ။ယခုအချိန်မှာ အမှုတော်ဆောင်နေတဲ့လူတွေရှိသလို၊ အမှုတော်ဆောင်ဖို့ပြင်ဆင်နေတဲ့လူတွေရှိတယ်၊ သူတို့အတွက် ခွန်အားပေးလက်ဆောင်ပြောပေးပါဦး။

**ဆရာကြီး** ။ ။ ကျွန်တော်တို့အားလုံးက ဘုရားရဲ့အမှုတော်မြတ်ထဲမှာ အားလုံး အတူတကွ ပါဝင်နေကြတယ်၊ ရှိနေကြတယ်လို့နား လည်ပါတယ်။ ဒါကြောင့် ဘယ်နေရာမှာဘဲရှိရှိ ဘုရားက ရှိတဲ့နေရာမှာ ကိုယ်ကို သူ့အကြံအစည် အတိုင်း အသုံးပြုမယ်လို့ ယုံကြည်ပါတယ်။ ကျွန်တော်တို့ ကွင်းထဲမှာရှိတဲ့ အမှုတော်ဆောင် အနေနှင့်လည်းပဲ ကျွန်တော်တို့နဲ့မတူတဲ့အရာတွေက သူတို့ဆီမှာ အများကြီးရှိပါတယ်။ အထူးသဖြင့် လက်တွေ့ အသင်း သူ၊သားတွေရဲ့ ဘဝနဲ့ ဆက်စပ်ပြီးတော့ အသင်းတော်ကိုကြည့်ရှုရတဲ့အခါမှာ ဒီအရာတွေထဲမှာ ဘုရားသခင်က သူတို့ရဲ့အသက်တာကို အသုံးပြုနေတယ်လို့ ယုံကြည်ပါတယ်။ ကျွန်တော့် အနေနှင့်ကတော့ ကျွန်တော်တို့အားလုံးဟာ ဘုရားရဲ့အမှုတော်ထဲမှာ အတူတကွပါဝင်နေတယ်၊ရှိနေတယ် ဒါကြောင့် တစ်ယောက်နဲ့ တစ်ယောက် ဆုတောင်းခြင်းအား ဖြင့်သော်လည်းကောင်း အပြန်အလှန်ဖေးမလို့ရပါတယ်။ တစ်ဖက်မှာလည်းဘဲ တစ်ယောက် နဲ့တစ်ယောက် အပြန်အလှန် အသိအမြင်ဖလှယ်ခြင်းအားဖြင့်လည်း တစ်ယောက်နဲ့တစ် ယောက်အသက် တာကို ကြွယ်ဝစေနိုင်ပါတယ်။ ကြုံတွေ့ရတဲ့ အခက်အခဲတွေရှိလာရင်လည်းဘဲ အတူတကွဖြေရှင်းခြင်းအားဖြင့် ပိုပြီးတော့ထိ ရောက်တဲ့အမှုတော်ဆောင်တဲ့အရာကိုလုပ်ဆောင်နိုင်မယ်လို့ ယုံကြည်ပါတယ်။

**ရှာလုမ်** ။ ။ ရှာလုမ်ကို နှစ်စဉ်နှစ်တိုင်း ဖတ်ရှုတဲ့ပရိသတ်(သို့) အသင်းသူ၊ သားများထံသို့ လက်ဆောင်စကား။


**ဆရာကြီး** ။ ။ ကျွန်တောတို့ရှာလုမ်မဂ္ဂဇင်းကိုနှစ်စဉ်နှစ်တိုင်း ဖတ်ရှုတဲ့သူအားလုံးကို ကျောင်းကိုယ်စား ကျေးဇူးတင်ပါတယ်။ ကျွန်တော်ကိုယ်တိုင်ကလည်း စာရေးတဲ့အပိုင်းမှာ အများကြီး မလုပ်နိုင်သေးတဲ့အခါမှာ ရှေ့လာမယ့်အချိန်ကာလတွေမှာ ဒီထက်ပိုပြီးတော့ ရေးသားပြီးတော့ ရှာလုမ်ကတစ်ဆင့် မဟုတ်ရင်လည်း တစ်ခြားနေရာ တွေကတစ်ဆင့် ရေးသားတဲ့ ဝိညာဉ်ရေးရာ စာပေတွေနဲ့အသင်းတော်ကို ပိုမိုအကျိုးပြုနိုင်ဖို့ မျှော်လင့်ပြီးတော့ လုပ်ဆောင်နိုင်ဖို့ရည်ရွယ်ထားပါတယ်။ ဖတ်ရှုတဲ့ပရိသတ်တွေ ကိုယ်တိုင်လည်း စာပေတွေကို ဖတ်ပြီးတဲ့အခါမှာ ကိုယ်ရဲ့အသက်တာမှာ ဆက်ပြီးတော့ စာရေးသားခြင်းအားဖြင့် သော်လည်းကောင်း၊ တခြားကဏ္ဍအသီးသီးမှာ ရရှိတဲ့ဓမ္မအတွေးအမြင် လေးတွေနဲ့ ဆက်လက်ပြီးတော့ ဘုရားရဲ့အမှုတော်မှာ ပိုပြီး ထိရောက်စွာ အမှု တော်ဆောင်နိုင်တဲ့သူများဖြစ်ဖို့ အားလုံးကို ဆုတောင်းပေးပါတယ်။

**ရှာလုမ်** ။ ။ အခုလို ကျွန်တော်တို့ ရှာလုမ်မဂ္ဂဇင်းအတွက် မအားလပ်တဲ့ကြားကနေ အချိန်ပေးဖြေကြားပေးတဲ့ ဆရာကြီးကို အထူးကျေးဇူးတင်ပါတယ်။

**ဆရာကြီး**။ ။ ကျွန်တော်ကလည်း ကျေးဇူးအများကြီးတင်ပါတယ်။

ကျွန်တော်တို့ ဓမ္မတက္ကသိုလ်ကျောင်းတော်ကြီးရဲ့ ဉယျဉ်မှုးကြီးနဲ့ အင်တာဗျူးကိုဖတ်ခြင်းအားဖြင့် ပရိသတ်များအတွက် ခွန်အားရမယ်ဆိုတာကိုယုံကြည်လျက် .... ❐





# သခင်ယေရှု၏ လုပ်သားကောင်း

ပါဒရီအက်စ်ထန်အုပ်

လူစွမ်းကောင်းများသည် စဉ်ဆက်မပြတ် လေ့ကျင့်ခြင်း၊ လိုအပ်သောအရာများကို စဉ် ဆက်မပြတ်လေ့လာခြင်းပြုကြရသည်။ ငြိမ်နေသည့်အချိန်၊ နားသောအချိန်များသည်ပင် အတွေးအားဖြင့်၊ ကြံစည်မှုအားဖြင့် အလုပ်လုပ်နေကြ သူများဖြစ်ကြသည်။ ဗဟုသုတကြွယ်ဝချင်လျှင် စာပေများများဖတ်ရန်လိုအပ်ပါသည်။ အဟောအပြောကောင်းဖြစ်လိုလျှင် များများဖတ်ရုံတင်မက အဟောအပြောလေ့ကျင့်ရမည်ဖြစ်ပါသည်။ မိမိဘာသာစကားမဟုတ်သည့် ဘာသာစကားကိုကျွမ်းကျင်အောင်ပြောတတ်လိုပါကအမြဲ လေ့ကျင့်ရပေမည်။ သီချင်းကိုအများအားဖြင့် ဆိုတတ်ကြပေမည်။ သို့သော် စနစ်တကျ နည်းလမ်းအတိုင်း ဆိုတတ်အောင် နားလည်သူနှင့် လေ့ကျင့်ရန်လိုအပ်သကဲ့သို့၊ ရရှိ သိရှိထားသော နည်းလမ်းများနှင့်ပို၍ ကျွမ်းကျင်သူဖြစ်အောင် အမြဲလေ့ကျင့်ရန်လိုအပ်ပေမည်။ ယနေ့တွေ့မြင်နေရသော ပညာရှင်များသည် မိမိတို့၏အချိန်၊ ဉာဏ‌ခွန်အား ကာယခွန်အားများစွာပေးဆပ်ခဲ့သူများဖြစ်ကြသည်။ မိမိကိုယ်တိုင်ထင်ပေါ်ကျော်ကြားအောင်သာလုပ်ဆောင်သည်မဟုတ်ဘဲ လူသားများအတွက် အကျိုးများစွာကိုလည်းဖြစ်စေပါသည်။ ယနေ့လူတိုင်း အသုံးပြုသည့်ကွန်ပြူတာ၊ လျှပ်စစ်မီး၊ ဆေးမျိုးစုံ၊ လေယာဉ်စသည့်အရာများဖြစ်ပေါ်လာအောင် တီထွင်သူများသည်သက်သောင့်သက်သာ အချိန်ရမှ ကောက်လုပ်ကြသော သူများမဟုတ်ကြပါ။စိတ်ကူးရသောအရာကိုအကောင်အထည်ဖော်၊ လူသားအကျိုးပြုပစ္စည်း ဝတ္ထုဖြစ်လာအောင်ဇွဲ ဝိရိယတို့ကို





အားသွန်ခွန်စိုက်လုပ်ဆောင် ခဲ့ကြ ရပါသည်။

ယနေ့ဣသရေလနိုင်ငံသည် ဘုရားသခင်ပေးသောနိုင်ငံဖြစ် သည်ဟုခရစ်ယာန်များနားလည်ထားကြသည်။ ရှေးယခင်ကတည်းက ထာဝရဘုရားသခင်ကတိတော်အတိုင်းပေးထားသောနိုင်ငံဖြစ်သော်လည်း၊ လူမျိုးတော်မှ ထာဝရဘုရား၏ အမိန့်တော်နာခံခြင်းအားနည်း လွဲချော်မှုကြောင့် ကမ္ဘာအရပ်ရပ်သို့ကွဲလွင့်ခဲ့ကြကာ နိုင်ငံပျောက်ခဲ့သည် မှာနှစ်ပေါင်းနှစ် ထောင်ကျော်ခဲ့သည်။ ၁၉၄၈ ခုနှစ်တွင်လွတ်လပ်ရေးရရှိကြသော်လည်း ပတ်လည်ဝိုင်းထားသောနိုင်ငံများမှ ယခုတည်ရှိသော နိုင်ငံနေရာအတွက် အလိုမရှိကြသော ကြောင့်ဝိုင်းဝန်းတိုက်ခိုက်ခံခဲ့ကြရသည်။ နိုင်ငံပတ်လည်ရှိအာရပ်နိုင်ငံများမှ ဣသရေလနိုင်ငံ သူတို့နိုင်ငံကြားတွင် တည်ရှိနေခြင်းကို မလိုလားကြပါ။ နိုင်ငံမြောက်ပိုင်းတွင်လက်ဘနွန်နိုင်ငံ၊ အရှေ့မြောက်ပိုင်း တွင် ဆီးရီးယားနိုင်ငံ၊ အရှေ့ဘက်တွက်ဂျော်ဒန်နိုင်ငံ အနောက်တောင်ပိုင်း တွင် အီဂျစ်နိုင်ငံရှိသည်။ လွတ်လပ်ရေး ရရှိခါစတွင် ယေရုရှလင်မြို့ဟောင်းသည် ဆီးရီးယားနိုင်ငံမှပိုင်ဆိုင်ထားသည်။ အာရပ်နိုင်ငံများမှမကြာခဏဆိုသလို ဣသရေလနိုင်ငံကို တိုက်ခိုက်ခဲ့ကြသည်။ ၁၉၆၇ ခုနှစ် ခြောက်ရက်တိုက်ပွဲသည်ကမ္ဘာတွင် နာမည်ကြီးသောတိုက်ပွဲ တစ်ခုဖြစ်သည်။ ပတ်လည် ဝိုင်းသောနိုင်ငံများနှင့်စာလျှင် ဣသရေလနိုင်ငံသည် မပြောပလောက်သော အကျယ်အဝန်းသာဖြစ်သကဲ့သို့ လူဦးရေလည်းနည်းသောလူမျိုးဖြစ် သည်။ သို့သော် ၁၉၆၇ ခုနှစ်တိုက်ပွဲတွင် ပထမအာရပ်နိုင်ငံများတွင် အင်အားကြီး စစ်လေယာဉ် ကွင်းအကြီးဆုံးပိုင်ဆိုင်သည့်အီဂျစ်လေယာဉ်ကွင်းကို နားလံမထူနိုင်အောင်တိုက်ခိုက်ပြီးနောက် ဆီးရီးယား နှင့်ဂျော်ဒန်နိုင်ငံများကိုလည်း ခြောက်ရက်အတွင်းအပြတ် တိုက်ခိုက်အောင်နိုင်ခဲ့သည်။ ယေရုရှလင်မြို့ဟောင်းကိုပြန်လည် ရယူသိမ်းပိုက် နိုင်ခဲ့သည်။ ထိုအခါကျမှဣသရေလလူမျိုးတည် ရှိနေခြင်းကို အာရပ်နိုင်ငံများမှ အတည်ပြုလက်ခံလာကြသည်။ ဣသရေလလူမျိုးများကို ထာဝရဘုရား ကာကွယ်သည်ဟုဆိုနိုင်သော်လည်း မိမိတို့ ကိုယ်တိုင်၏ ဆက်ကပ်ကြိုးစားမှု၊ ဇွဲဝိရိယအားထုတ်မှုလည်းများစွာပါဝင်ပါသည်။ ဣသရေလစစ်သားများသည် လူဦးရေအားဖြင့် နည်းကြသော်လည်း စစ်သားတိုင်း အဖက်ဖက်တွင်လိုအပ်သော ကျွမ်းကျင်မှု အပြည့်ရှိသူများဖြစ်ကြသည်။ ဣသရေလလူမျိုးတို့၏ထူးခြား သောအနေအထားကြောင့် ယနေ့ဣသရေလနိုင်ငံအဖြစ် ဆက်လက် ရပ်တည်နိုင်ခြင်းဖြစ်သည်။ ထာဝရဘုရားကိုလည်း ပို ယုံကြည်၊ ပညတ္တရားတော်များကိုလည်းပို၍ လိုက်နာရန်ကြိုးစားကြသည်။

ခရစ်ယာန်များအနေဖြင့် အမှုတော်ဆောင်များသာမက သာမာန်အသင်းသားများသည်လည်း ထာဝရဘုရားအတွက် မိမိတို့အသက်တာကိုပြင်ဆင်ရန်လိုအပ်ပါသည်။ ရှင်ပေါလုက ၁ သက်လောနိတ် ၄း ၄-၅ တွင် "ဘုရားသခင်ကိုမသိသော လူမျိုးခြားတို့ကဲ့သို့ ကာမဂုဏ်မလိုက်စားဘဲ အသီးသီးကိုယ့်ခန္ဓာ ကိုသန့်ရှင်းရိုသေစွာ တည်တံ့ရန်နားလည်ခြင်း" ရှိရန်သတိ ပေးပါသည်။ ကာမဂုဏ်ဟုဆိုရာတွင် ဘုရားရေးနှင့်ဆန့်ကျင်သော အရာများအားဖြင့် မိမိတို့အသက်တာကို ညစ်ညမ်းစေခြင်း၊ လမ်းလွဲစေခြင်းများမှ ရှောင်ကြဉ်ရန်ဖြစ်ပါသည်။ ၄း ၁၁-၁၂ တွင် ဆက်လက်၍ "ငါတို့မှာထားခဲ့သည့် အတိုင်းသေဝပ်စွာနေထိုင်လျက် ကိုယ့်အမှုအရေးကို ဂရုစိုက်လျက် ကိုယ့်လက်ဖြင့် လုပ်ကိုင်လျက် ကြိုးစားကြစေရန်


lည်းကောင်း ငါတို့နှိုးဆော်ကြ၏။" ဟုဖော်ပြ
ထားပါသည်။ သူတစ်ပါးကို သာအားကိုးသက်
ရှင်ခြင်းမဟုတ်ဘဲ မိမိတို့ ကိုယ်တိုင်အလုပ်
လုပ်ခြင်း ဖြင့်ရပ်တည် နေထိုင်နိုင်ရန်ဖြစ်သည်။
ထိုသို့ကိုယ်တိုင်လုပ်စာဖြင့် နေထိုင်သောအခါ
မာန်တက်ရန်မဟုတ်ဘဲ သူတစ်ပါးကို အပူမကပ်ရ
သည်သာမက မိမိကပင် လိုအပ်နေသော သူတစ်
ပါးကိုလိုအပ်သောအခါ ကူညီမစနိုင်မည်ဖြစ်ပါ
သည်။

ခရစ်ယာန်ဖြစ်သောအခါ အတွေးအခေါ်
ခံယူနားလည်မှုများသည် အခြားသူတို့နှင့်တူတော့
မည်မဟုတ်ပါ။ ထူးခြားသီးသန့်ဖြစ်လိုသောကြောင့်
မဟုတ်ဘဲ ယုံကြည်ချက်ကြောင့်အလိုအလျောက်
ခြားနားသွားပေလိမ့်မည်။ သာမာန်လူသားများ၏
စံနမူနာကိုရယူခြင်းမဟုတ်ဘဲ သခင်ယေရှု၏ သွန်
သင်မှုသည်သာ အသက်တာအတွက် အဓိကစံထား
ရမည့်အရာဖြစ်လာပါလိမ့်မည်။ လူများ၏ မုန်းတီး
ခြင်း ဘေးဖယ်လိုခြင်းသည် သူတို့အတွက် မ
ကောင်းသောသူဖြစ်၍မဟုတ်ဘဲ၊ သူတို့လုပ်လို
သော အရာများကိုလွတ်လပ်စွာ မလုပ်နိုင်ခြင်း
ကြောင့်သာဖြစ်သည်။ တမန်တော်ဝတ္ထုတွင်
တမန်တော်များ၏လုပ်ရပ်ကြောင့် လူအများ
ပြောင်းလဲလာသောအခါ ဘေးပတ်ဝန်းကျင်
အတွက် မိမိတို့မကောင်းလုပ်ရပ်များ စီးပွားရေး
အဖြစ်လုပ်စားသော အလုပ်များအတွက် ထိခိုက်စေ
သောကြောင့် ဆန့်ကျင်ခဲ့ကြသည်ကို တွေ့ရပါ
သည်။ ရှင်ပေါလုသည်ပင်ယုဒဘာသာ အဖြစ်သက်
ရှင်ခဲ့စဉ် သခင်ယေရှုနောက်လိုက်များကြောင့်
မိမိယုံကြည်လေးစားတန်ဖိုးထားသည့် ဘာသာ
ပျက်စီးပျောက်ကွယ်သွားမည်ကို စိုးရိမ်သော
ကြောင့် ထိုခေတ်ဘာသာရေးတွင် လုပ်ပိုင်ခွင့်အာ
ဏာရှိကြသောယဇ်ပုရောဟိတ်များထံမှ ခရစ်ယာန်
များကို ဖမ်းဆီးမိန့်တောင်းကာ ဒမသက်မြို့သို့
သွားခဲ့လေသည်။ ဒမာသက်မြို့သို့ အသွားလမ်း
တွင် သခင်ယေရှုကြောင့်ပြောင်းလဲသွားကာ
နောင်တွင် သခင်ယေရှု၏သတင်းကောင်းပြန့်နှံ့
ရေးအတွက် မိမိအသက်ကိုပင် စတေးခဲ့လေသည်။
အိန္ဒိယပြည်မှ မြန်မာပြည်ကိုပင်ရောက်လာခဲ့ဘူး
သော ဆာဒူးဆာဒါစိန့် သည်ဟိန္ဒူဘာ သာဝင်
မိဘမှ မွေးဖွားသကဲ့သို့ ခရစ်ယာန်ဘာသာကို
အလွန်ဆန့်ကျင်သူဖြစ်ခဲ့သည်။ ခရစ်ယာန်များ ၏
သမ္မာကျမ်းစာကိုလည်းဆွဲဖြဲ မီးရှို့ဖျက်ဆီးခဲ့သူ
ဖြစ်သည်။ သို့သော် နောင်ပြောင်းလဲလာသော
အခါ သခင်ယေရှုအတွက် နေရာအနှံ့ သွားရောက်
ကာ သတင်းကောင်းကို ဝေမျှသက်သေခံခဲ့ သည်။

ခရစ်တော်နောက်လိုက်ဖြစ်ရခြင်း ကြောင့်
ထူးခြားသည့်အရာများလည်းရှိနိုင်ပါသည်။ မိမိ
ဖန်တီးယူရသောဖြစ်ရပ်များ မဟုတ်ပါ။ စစ်မှန်
သောယုံကြည်ခြင်းအတွက်သက်ရှင်နေလျှင် စိုးရိမ်
ကြောင့်ကြခြင်း ကြောက်ရွံ့ခြင်းကင်းစွာနှင့် သတ္တိ
ရှိရှိ လူများနှင့်အတူ လူများကြား တွင်သက်ရှင်သွား
နိုင်မည်ဖြစ်သည်။ ဆာလံ ၁၁၉း ၁၉ တွင်
"အကျွန်ုပ်သည် မြေကြီးပေါ်တွင် ဝင်နေသူဖြစ်ပါ
၏"(ကျမ်းစာတိုက်မူ)၊ "အကျွန်ုပ်သည်မြေကြီး
ပေါ်မှာ ဧည့်သည်ဖြစ်ပါ၏။"(ယုဒသန်မူ) ဟုဖော်ပြ
ထား ပါသည်။ ဟေဗြဲဩဝါဒစာတွင်လည်း
"မြေကြီးပေါ်တွင် ဧည့်သည်အာဂန္တုမျှသာဖြစ်
ကြောင်း"(၁၁း၁၃)ဟူ၍ လည်းကောင်း၊ ၁ ပေတရု
၁း ၁၇ တွင် "တည်းခိုရာကာလအတွင်း" (ကျမ်း
စာတိုက်မူ) ဟူ၍လည်းကောင်းဖော်ပြထားပါသည်။
သမ္မာတရား အတိုင်းသာသက်ရှင်လျှင် ခရစ်ယာန်
အနေဖြင့်လောကတွင် သူစိမ်းတရံကဲ့သို့ ဖြစ်နေကြ
ကြောင်း ဖော်ပြထားပါသည်။

ခရစ်ယာန်များ၏အသက်တာအတွက်ရှင်ပေါလုက
၁ သက်သာလောနိတ် ၅း ၅-၈ တွင်ဤသို့ဖော်ပြ
ထားပါသည်။ ပထမအနေဖြင့် ၅း ၅ တွင် အမှောင်
တွင်မနေရန်တိုက်တွန်းထားပါသည်။ အဘယ်
ကြောင့်ဆိုသော်ခရစ်ယာန်များအနေဖြင့် သခင်
ယေရှုမိန့်တော်မူသည့်အလင်းအဖြစ် လောကတွင်
နေထိုင်ကြရမည်သာဖြစ်ပါသည်။ အလင်းအားဖြင့်
အမှန်တရားကို ပြညွှန်သူများဖြစ်ရန် လိုအပ်ပါ
သည်။ ဒုတိယအနေဖြင့် ညအချိန် တွင်နေသကဲ့သို့
မဟုတ်ဘဲ နေ့ရောက်သူများ (၅း ၅)ဖြစ်သော
ကြောင့်အလင်းရှိသောနေ့တွင် နေထိုင်ကြရန်
ဖြစ်ပါသည်။ တတိယအနေဖြင့် အိပ်ပျော်နေရန်
မဟုတ်ဘဲ နိုးထနိုးကြားမှုရှိကြရန်ဖြစ်ပါသည်။
သောက်စားမူးယစ်သောအသက်တာဖြင့် သက်ရှင်
ခြင်းမဟုတ်ဘဲ မိမိကိုယ်ကိုထိန်းချုပ်ကာ သတိ
ဝီရိယနှင့် သက်ရှင်နေထိုင်ကြရန်ဖြစ်ပါသည်။
လူတိုင်းခရစ်ယာန်ဖြစ်ရန် လွယ်ပါသည်။ ခရစ်
ယာန်ကောင်းတစ်ယောက်၊ သခင်ခရစ်တော်
နောက်လိုက်ကောင်းတစ်ယောက်ဖြစ်ရန် မလွယ်
ကူနိုင်ပါ။ ခရစ်ယာန်များကြောင့်လူတစ်ယောက်
လူကောင်းဖြစ်လာနိုင်သကဲ့သို့ လူဆိုးလည်းဖြစ်
စေနိုင်ပါသည်။ ထို့ကြောင့် သခင်ယေရှုက
"ပျက်စီးရာသို့ ရောက်သော တံခါးနှင့်လမ်းသည်
ကျယ်ဝန်းသဖြင့် ဝင်သွားသူများလှ၏။ အသက်ရှင်
ရာသို့ရောက်သောတံခါးနှင့် လမ်းမူကား ကျဉ်း
မြောင်းသောကြောင့် တွေ့မြင်သူနည်း လှ၏"(မဿဲ
၇း၁၃-၁၄)ဟုမိန့်တော်မူခဲ့ပါသည်။ ယနေ့တွင်
ခရစ်ယာန်ဖြစ်ရခြင်းကြောင့်ရာထူးစွန့်လွှတ်ရ
သူများ၊ ပတ်ဝန်းကျင်တွင်နေထိုင်ရန် ခက်ခဲမှုကြုံ
တွေ့နေကြသူများရှိကြောင်း ကြားရမည်ဖြစ်ပါ
သည်။ ခရစ်ယာန် ဖြစ်ရခြင်းကြောင့် သေဒဏ်
ပင် ချမှတ်ခံနေရသူများရှိပါသည်။ ခရစ်ယာန်ဖြစ်
ရခြင်းကြောင့် ဘဝတွင်အခက်အခဲရှိနေသူများ
အတွက်သခင်ယေရှုက "သင်တို့သည် ငါ၌ငြိမ်
သက်ခြင်းရှိကြစေရန် ထိုသို့ငါဟောခဲ့ပြီ။ ဤ
လောက၌ဆင်းရဲဒုက္ခရောက်သော်လည်း အား
ယူကြလော့။ ငါသည် ဤလောကကို အောင်ပြီ"
(ယော ၁၆း၃၃) ဟုမိန့်တော်မူခဲ့ပါသည်။ ❐

ပါဒရီအက်စ်ထန်အုပ်



# ထူးခြားသော နောက်လိုက်တပည့်တော်

ဘုန်းတော်ကြီး
ဒေါက်တာအမြိုးဇော်လွင်

နိဒါန်း

စိတ္တဇဝေဒနာရှင်များသည် ထူးခြားမှုများ ရှိကြသည်။ ရယ်စရာကို ငိုချင်ငိုမည်။ ဝမ်းနည်းစရာကို ရယ်ချင်ရယ်မည်။ ဒီလောက်ခက်ခဲသော အချိန်ကာလတွင်ပင် ရွှင်လန်းရမည်ဟု ရှင်ပေါလု ပြောခြင်းသည်၊ ရူးကြောင်ကြောင် အတွေးအခေါ် တစ်ခုအဖြစ် ထင်စရာအကြောင်းရှိပါသည်။

သာမာန်အခြေအနေ၊ သာမာန်စိတ်ဓါတ်၊ သာမာန်ခံစားချက်၊ သာမာန်ခံယူချက်၊ သာမာန်ယုံကြည်ချက်မျိုးနှင့်ဆိုလျှင် ဘယ်နည်းနှင့်မျှ ကျွန်ုပ်တို့သည် စစ်မှန်သော ရွှင်လန်းခြင်းကိုရနိုင်မည် မဟုတ်ပါ။ ကျွန်ုပ်တို့၏ စိတ်ခံစားချက်အခြေအနေ၊ ခံယူချက်၊ ယုံကြည်ချက်များသည် သူတစ်ပါးထက် ထူးခြားတတ်ပါသည်။ ထို့ကြောင့် အချို့သောသူများသည် ရူးနေသည်ဟု ပြောကောင်းပြောကြပါလိမ့်မည်။

ကျွန်ုပ်တို့အား အရူးတွေဟု အပြောခံရခြင်း၊ အထင်အမြင်ခံရခြင်းသည် မဆန်းပါ။ အဘယ်ကြောင့်ဆိုသော် ထူးခြားသော ခရစ်တော်အရှင်၏ နောက်တော်သို့လိုက်လျှောက်နေကြသူများဖြစ်သောကြောင့် ဖြစ်ပါသည်။ ခရစ်တော်သည် ကားတိုင်ပေါ်တွင် ရက်ရက်စက်စက် အသတ်ခံခဲ့ရပါသည်။ အမှန်တကယ်တော့ ကားတိုင်ဆိုသည်မှာ ကျက်သရေမင်္ဂလာမရှိပါ။ အဆိုးဆုံး ရာဇဝတ်သားများအား တင်သတ်သည့် အရာဖြစ်ပါသည်။ ထိုကားတိုင်ပေါ်တွင် အသေဆိုးနှင့် သေခဲ့သောသူအား ဘုရားအဖြစ်ကိုးကွယ်နေကြသော ကျွန်ုပ်တို့သည် အခြားသောသူများဟု အရူးဟုပြောခြင်းမှာ အဆန်းမဟုတ်ပါ။

ထို့ပြင် ထိုအရှင်နောက်တော်သို့ လိုက်ကြသော ယုံကြည်သူများသည် သေတွင်းထဲရောက်နေသည့်အချိန်တွင်ပင် ချီးမွမ်းနိုင်ကြပါသည်။ ခရစ်တော်ကိုယ်တော်တိုင်မှလည်း ရန်သူကိုချစ်ပါ။ ကိုယ့်ပါးတစ်ချက်ကိုရိုက်လျှင်၊ နောက်ပါးတစ်ဖက်ကို လည်းထပ်အရိုက်ခံလိုက်ပါ။ ကိုယ့်အပေါ်မကောင်းကြံသူအတွက် မေတ္တာပို့ဆုတောင်းပေးပါ။ စသည့် ထူးခြား၍ နားလည်ရခက်သည့်စကားများကိုလည်း မိန့်တော်မူခဲ့ပါသည်။ ထိုကဲ့သို့သော အဆုံးအမ၊ တရားဒေသနာများကို လိုက်နာကျင့်သုံးဆောက်တည်ကြသော ကျွန်ုပ်တို့အားအရူးဟု ထင်မြင်ကြမည်သာဖြစ်ပါသည်။

ရှင်ပေါလုသည်လည်း ထိုအတိုင်းခံစားခဲ့ဖူးပါသည်။ အကျဉ်းထောင်ထဲတွင် ချုပ်နှောင်ခံထားရသည့်အချိန်၌ပင် သီချင်းဆိုနိုင်ခဲ့ပါသည်။ အခက်အခဲ၊ ဒုက္ခဆင်းရဲပြဿနာများနှင့် ရင်ဆိုင်နေရသော်လည်း သူ၏ မိတ်ဆွေအသင်းသားများ၊ အသင်းတော်ခေါင်းဆောင်များအား ရွှင်လန်းကြလော့၊ အစဉ်ရွှင်လန်းကြလော့ ဟုပြောခဲ့ပါသည်။ (ဖိလိပ္ပိ ၄း၄)။ ဒုက္ခထဲတွင် ရွှင်လန်းနိုင်ရန်မှာ အထက်တွင်တင်ပြထားသကဲ့သို့၊ သာမာန်အခြေအနေနှင့်မဖြစ်နိုင်ပါ။ ထို့ကြောင့် ဒုက္ခထဲတွင် ရွှင်လန်းနိုင်သူကို အရူးဟုသတ်မှတ်ခံရခြင်းမှာလည်း အထူးအဆန်းမဟုတ်တော့ပါ။

ခရစ်တော်ကိုယ်တော်တိုင်ပင်လျှင် အရူးဟုအထင်ခံခဲ့ရပါသည်။ (မာကု ၃း၂၁) ကိုယ်တော်၏ အဆွေအမျိုးတို့သည် ကြားလျှင်၊ သူသည်အရူးဖြစ်၏ဟုဆို၍ ကိုယ်တော်ကို ဖမ်းဆီးခြင်းငှာ ထွက်သွားကြ၏ ဟုဖော်ပြထားသည်ကို တွေ့ရမည်ဖြစ်သည်။ ခရစ်တော်အား အဘယ်ကြောင့်အရူးဟု ထင်ကြသနည်း။

(၁) ခရစ်တော်သည် အသက်မွေးဝမ်းကြောင်း အတွက် လက်သမားအလုပ် အတည်တကျရှိလျက်နှင့်ပင် အခြေအမြစ်မရှိသော တရားဟောဆရာအဖြစ် လှည့်လည်သွားလာခဲ့ပါသည်။ စဉ်းစားတွေးခေါ်တတ်သော သာမာန်လူတစ်ယောက်သည် မိမိအတွက် အတည်တကျရှိနေသော အလုပ်အကိုင်အားပစ်၍၊ အိပ်စရာ အိပ်ယာမရှိ၊ ခေါင်းအုံးမရှိသည့် ဘဝမျိုးကိုအဖြစ်ခံမည်မဟုတ်ပါ။

(၂) မိမိနှင့် ဆန့်ကျင်ဘက်ဖြစ်သော ဖာရိရှဲ၊ ဇဒ္ဒုကဲ၊ ကျမ်းတတ်ပုဂ္ဂိုလ်များတို့နှင့် ထိပ်တိုက်ရင်ဆိုင်ရန်အသင့်ရှိကြောင်းလည်း တွေ့ရှိရသည်။ ထိုသို့ဆန့်ကျင်သူများရှိနေခြင်းသည် အလွန်အန္တရာယ်များပါသည်။ ထိုခေတ်အချိန်အခါက စဉ်းစား တွေးခေါ်မှုရှိသည့် သာမာန်လူတစ်ဦးသည်၊ ထိုကဲ့သို့သောသူများနှင့် ပြဿနာအဖြစ်မခံဘဲ ဝေးဝေးရှောင်မည်ဖြစ်သည်။

(၃) ခရစ်တော်ထံတွင် နောက်လိုက်သီးသန့်အဖွဲ့ငယ်လေး ရှိပါသည်။ တံငါသည်များပါသည်။ အခွန်ခံများလည်းပါသည်။ အမျိုးသားရေးစိတ် ဓါတ်ပြင်းထန်သူအချို့လည်း ပါရှိသော်လည်း ထိုသူများသည် လူရာဝင်သောသူများမဟုတ်ပါ။ ပြောပလောက် အောင်လည်း အားကိုးစရာမရှိပါ။ ထိုကဲ့သို့သော လူများကို စဉ်းစားတွေးခေါ်တတ်သော ခေါင်းဆောင်တစ်ဦးအနေဖြင့် ရွေးချယ် ပေါင်းဖော်မည်မဟုတ်ပါ။

အထက်ပါ အရည်အချင်းသုံးမျိုးအားဖြင့် ခရစ်တော်ကို သူ၏ဆွေမျိုးများမှ အရူးဟူ၍သတ်မှတ်ကြခြင်းဖြစ်ပါသည်။ လူအများစွဲလမ်းတပ်မက်သော ငွေကြေး၊ ရာထူး၊ ရုပ်ဝတ္ထုများသည် ခရစ်တော်အတွက် စစ်မှန်သောလုံခြုံမှုမပေးနိုင်ကြောင်း

ဖော်ပြနေခြင်းဖြစ်ပါသည်။ မိမိအားဆန့်ကျင်သော သူများကိုပင် အမှန်တရားအတွက် ရင်ဆိုင်ခဲ့ပါသည်။ လောကတွင် အရေးမကြီးသောသူများ အဖြစ် သတ်မှတ်ခံရသောသူများ၊ ပစ်ပယ်ခံရသော သူများနှင့် လက်တွဲ၍ အမှုတော်ဆောင်ခဲ့ပါသည်။

ထိုကဲ့သို့သော အရှင်အား ကျွန်ုပ်တို့ကိုးကွယ်နေကြပါသည်။ သူ၏နောက်လိုက်အဖြစ် ဂုဏ်ယူစွာဖြင့် လိုက်ကြပါသည်။ အဘယ်ကြောင့်နည်း။ ဖိလိပ္ပိ ၃း၁-၁၁ တွင်တွေ့နိုင်ပါသည်။ နှိမ့်ချခြင်း၊ နာခံခြင်း၊ ကိုယ်ကိုငြင်းပယ်ခြင်းဆိုသော အရာသုံးခုသည် ခရစ်တော်၏အသက်တာတွင် အဓိကအရာများဖြစ်ပါသည်။ ခရစ်တော်၏ လမ်းစဉ်အား လိုက်လျှောက်ကြသော ကျွန်ုပ်တို့သည် ထိုပုံသက်သေကောင်းကို အတုယူလိုက်လျှောက်ရန် လိုအပ်ပါသည်။ ထိုသို့သော အသက်တာမျိုးအားဖြင့် ခရစ်တော်ရှေ့တွင် လူသတ္တဝါအားလုံး ဒူးထောက်၍ အရှင်သခင်အဖြစ်ဝန်ခံကြရပါသည်။

ထိုသို့ဖြစ်နိုင်ရန်အတွက် အထူးတွန်းပို့သောအရာမှာချစ်ခြင်းမေတ္တာပင်ဖြစ်ပါသည်။ ခရစ်တော်သည် တန်ခိုးအာဏာဖြင့် လူများကို မဆွဲဆောင်ပါ။ အသက်ကိုစွန့်သော ချစ်ခြင်းမေတ္တာတော်ကြောင့် လူသားတို့၏နှလုံးသားကို ဖမ်းစားနိုင်ခဲ့ပါသည်။ လူသားများသည် ချစ်စရာမကောင်းပါ။ အပြစ်ပြုလျှက်၊ အပြစ်ရှိလျှက်ပင် ခရစ်တော်သည် လူသားများအတွက် ကားတိုင်ပေါ်တွင် ရက်ရက်စက်စက် အသေခံခဲ့ပါသည်။ ထိုသို့သော စွန့်လွှတ်အနစ်နာခံသည့် တစ်ဖက်သတ်မေတ္တာတော်ကို မည်သူမျှ ခံနိုင်မည်မထင်ပါ။

ထို့ကြောင့် ဘုရားသခင်အား ကျွန်ုပ်တို့ဝတ်ပြုကိုးကွယ်နေကြခြင်းသည် ကြောက်၍မဟုတ်ဘဲ၊ဘုရား၏ချစ်ခြင်းမေတ္တာကို ခံစားရရှိသဖြင့် တုံ့ပြန်ချစ်နိုင်ရန်အတွက် ခွန်အားယူကာ ဝတ်ပြုကိုးကွယ်နေကြခြင်းဖြစ်ကြောင်း သတိရရန် လိုအပ်ပါသည်။






**နိဂုံး**

H.G. Wells ဆိုသောသူမှ လူအများစုအတွက်၊ သူတို့၏ ပတ်ဝန်းကျင်မှစကားသံသည်၊ ဘုရားသခင်၏ စကားသံထက်၊ ပိုကျယ်သည်။ ဟူ၍ပြောခဲ့ပါသည်။ ကျွန်ုပ်တို့ တော်တော်များများ မေးလေ့ရှိသည့် မေးခွန်းမှာ အခြားလူများ ငါ့ကိုဘာပြောကြမလဲ ဆိုသည့် မေးခွန်းဖြစ်ပါသည်။ အမှန်တကယ်မှာ ဘုရားသခင် ငါ့ကို ဘာပြောမလဲ ဆိုသည့်မေးခွန်းမှာပိုမိုအရေးကြီးပါသည်။

အခြားသောသူများသည် ကျွန်ုပ်တို့အား အရူးဟု သတ်မှတ်နိုင်သော်လည်း၊ ခရစ်တော်နောက်တော်သို့ မှန်မှန် လိုက်လျှောက်ခြင်း၊ ခရစ်တော်၏ ပုံသဏ္ဍာန်တော်နှင့် တူနိုင်သမျှတူအောင် ကျင့်ကြံပြုမူလိုက်လျှောက်ခြင်း၊ (ဖိလိပ္ပိ ၂း၁-၁၁) တို့ဖြင့် ဘုရားသခင်မှ ကျွန်ုပ်တို့အား ထူးသည်ဟု ပြောမည်ဖြစ်ပါသည်။ အကယ်၍ ထူးခြားမှုရှိခဲ့လျှင် ခရစ်တော်အား သူ၏ ညီအစ်ကိုများက အရူးဟု ခေါ်ကြသလို၊ ကျွန်ုပ်တို့အားလည်း အခြားသူများမှ အရူးဟုဆိုကောင်းဆိုမည်ဟု မျှော်လင့်ရင်းဖြင့် ခရစ်တော်အတွက် ခံနိုင်ရည်ရှိအောင် ပြင်ဆင် အသက်ရှင်ကြပါစို့ . . . ဟု တိုက်တွန်းလိုက်ရပါသည်။ □






# အသင်းတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အလှူငွေပေးခြင်း

အင်္ဂလီကန်အသင်းသားတစ်ဦး

သာသနာပိုင်ချုပ်နယ်တစ်ခု ဖွံ့ဖြိုးတိုးတက်ရန်အတွက် ထိုနယ်ပယ်အတွင်းရှိသော သာသနာပိုင်နယ်တစ်ခုစီ တိုးတက်ဖွံ့ဖြိုးရန်လိုပါသည်။ တဖန် သာသနာပိုင်နယ်တစ်ခု ဖွံ့ဖြိုးတိုးတက်ရန် သာသနာပိုင်နယ်တစ်ခုအတွင်းရှိ အသင်းတော်တစ်ခုစီက တိုးတက်ဖွံ့ဖြိုးရန်လိုပါသည်။ အသင်းတော်တစ်ခုဖွံ့ဖြိုးတိုးတက်သည်ဟု ဆိုရာတွင် အောက်ပါအချက်များဖြင့် ပြည့်စုံသင့်သည်ဟု ကျွန်ုပ်မြင်ပါသည်။

၁။ အသင်းသားဦးရေများပြားလာခြင်း။

၂။ ငွေကြေးတောင့်တင်းခိုင်မာလာခြင်း။

၃။ ကိုယ်ထူကိုယ်ထ ရပ်တည်နိုင်ခြင်း။

၄။ အသင်းသူ၊ အသင်းသားများနှင့် ဘုန်းတော်ကြီးများ၏ ဝိညာဉ်ရေးရာတွင် ရှင်သန်ကြီးထွားလာခြင်း။

အမှတ်စဉ် (၄)ကိုမူ မျက်မြင်အားဖြင့် မတွေ့နိုင်သော်လည်း ဝိညာဉ်ခွန်အားရှင်သန်မှသာ ဖော်ပြပါအချက်များ ပြည့်စုံနိုင်ပေမည်။

ကျွန်ုပ်တို့မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်(အင်္ဂလီကန်)၏ ရည်မှန်းချက်တစ်ခုမှာ “၂၀၂၀ ပြည့်နှစ်၌ အင်္ဂလီကန်အသင်းသူ အသင်းသားဦးရေတစ်သိန်းရှိလာရန်ဖြစ်သည်”ကို

အများအသိပင်ဖြစ်ပါသည်။ တစ်နည်းအားဖြင့် (၅)နှစ်အတွင်း အင်္ဂလိကန်ဦးရေ(၄)သောင်း တိုးလာရန်ဖြစ်သည်။ ဤကဲ့သို့ တိုးလာရန် သဘာဝအလျောက် လူဦးရေတိုးခြင်း (မွေးဖွားလာခြင်း)ကို ထည့်မစဉ်းစားပါက ဧဝံဂေလိတရားဟောကြားခြင်းနှင့် သာသနာပြုခြင်းကို တိုး၍ ဆောင်ရွက်ရမှာဖြစ်သည်။ ထိုအမှုသည် ကျွန်ုပ်တို့ အသင်းသူအသင်းသားတိုင်း၏ တာဝန်ဖြစ်ပါသည်။

ဤနေရာတွင် လက်တွေ့အမှုတော်ဆောင်နေသော ဆက်ကပ်သူများနှင့် ဤအမှုတော်အတွက် ပြင်ဆင်နေသော သူများကို အထူးလေးစားကြောင်းပြောလိုပါသည်။

## ဆုတောင်းပေးခြင်း

ကျွန်ုပ်တို့သည် ဤအမှုကို လက်တွေ့မဆောင်ရွက်နိုင်သော်လည်း ဆုတောင်းပေးခြင်း၊ အလှူငွေကောက်ခံပေးခြင်းနှင့် အလှူငွေထည့်ဝင်ခြင်းဖြင့် အကူအညီပေးပါက ကိုယ်ကိုယ်တိုင် ဤအမှုကို ဆောင်ရွက်သည်ဟု ခံယူနိုင်ပါသည်။

၂၀၂၀ ပြည့်နှစ်တွင် ရည်မှန်းထားသော အင်္ဂလိကန်ဦးရေပြည့်ရန်အတွက် ကျွန်ုပ်တို့အားလုံး ယုံကြည်စွာဖြင့် မပြတ်မလပ်ဆုတောင်း ပေးဖို့ဖြစ်ပါသည်။

"ဘုရားသခင်တတ်နိုင်တော်မမူသောအမှုမရှိ"(လုကာ ၁း၃၇)။ "တောင်းကြလော့၊ တောင်းလျှင် ရလိမ့်မည်၊ ရှာကြလော့၊ ရှာလျှင်တွေ့မည်၊ တံခါးကို ခေါက်ကြလော့၊ ခေါက်လျှင် ဖွင့်လိမ့်မည်"(မဿဲ ၇း၇)။ "ငါအမှန်ဆိုသည်ကား သင်တို့သည် ငါ၏နာမကို အမှီပြု၍ ခမည်းတော်မှာ ဆုတောင်းသမျှတို့ကို ခမည်းတော်သည် ပေးတော်မူမည်"(ယောဟန် ၁၆း၂၃(ခ)၊ ၂၄(ခ)။ "ထို့ကြောင့် ငါဆိုသည်ကား သင်တို့ လျှောက်တောင်းသမျှကို ရပြီဟု ယုံကြည်လော့၊ ရကြလိမ့်မည်"(မာကု ၁၁း ၂၃-၂၄)ဟု သမ္မာကျမ်းစာက ဖော်ပြထားပါသည်။

ကျွန်ုပ်၏အသက်တာတွင် ဆုတောင်းသဖြင့် ရရှိသောဆုကျေးဇူးများ မရေတွက်နိုင်ပါ။ မြန်မာနိုင်ငံခရစ်ယာန်အသင်း တော်(အင်္ဂလိကန်)၏သတင်းလွှာစာစောင်တစ်စောင်တွင် ဆောင်းပါးရှင်တစ်ဦးက "တကယ်တော့ သက်သေခံခြင်းဆိုတာ ရိုးရိုးလေးနဲ့ ယဉ်ယဉ်လေး ဝါကြွားစရာ တစ်မျိုးပင် မဟုတ်ပါလား"ဟု ရေးသားထားသည်ကို ဖတ်မိပါသည်။ ကျွန်ုပ်သည် ဝေမျှချင်သော သဘောထားတစ်ခုတည်းကြောင့်သာ ခံစားခဲ့ရသောဆုကျေးဇူး သုံး၊ လေးခုကို ဖော်ပြပါမည်။

> ....မိဘတို့ကို
> ပြုစုစောင့်ရှောက်ရန်
> အခွင့်အရေးရရှိခြင်းတို့သည်
> ဘုရားရှင်နားညောင်းတော်မူ၍
> ပေးသနားတော်မူသော
> အရာများဖြစ်ပါသည်။
> ဘုရားရှင်နားမညောင်းသောအ
> ခါလည်း ရှိပါသည်။





ကျွန်ုပ်အလွန်ရောက်ချင်သော နယူးယောက်မြို့သို့ ရောက်ရှိရခြင်း နိုင်ငံခြားတက္ကသိုလ်တွင် ပညာသင်ကြားခွင့်ရခြင်းနှင့် ဘွဲ့လွန်သင်တန်းတက်ရောက်ခွင့်ရခြင်းနှင့် ဘွဲ့ရရှိခြင်း၊ ကိုယ်ပိုင်ခြံနှင့် အိမ်ရရှိလာခြင်း၊ ပေးကမ်းလှူဒါန်းလိုသည်များကို အတိုင်းအတာတစ်ခုအထိ ဆောင်ရွက်နိုင်ခြင်း၊ မိဘတို့ကို ပြုစုစောင့်ရှောက်ရန် အခွင့်အရေးရခြင်းတို့သည် ဘုရားရှင်နားညောင်းတော်မူ၍ ပေးသနားတော်မူသောအရာများဖြစ်ပါသည်။ ဘုရားရှင် နားမညောင်းသောအခါလည်းရှိပါသည်။

## အလှူငွေကောက်ခံခြင်းနှင့် ကျွန်ုပ်

အလှူငွေများများပေးချင်လာအောင် အပြောကောင်းသော သာသနာပိုင်တစ်ပါး၏ တိုက်တွန်းပုံကို ဝေမျှလိုပါသည်။ ကျွန်ုပ် နှစ်ကြိမ်ကြုံခဲ့ပါသည်။ ပထမအကြိမ်မှာ သန့်ရှင်းသောကားတိုင်တက္ကသိုလ် ၏စိန်ရတုသဘင်ပွဲကျင်းပသောအချိန် နံနက်ပွဲတော်ဝတ်ကြီးတွင်ဖြစ်သည်။ သာသနာပိုင်ကြီးသည် အောက်ပါအတိုင်း ပြောကြားသွားသည်။ (သူပြောသော စကားလုံး အတိုင်းမဟုတ်သော်လည်း အဓိပ္ပါယ်အားဖြင့် အတူတူပင်ဖြစ်သည်။)

သာသနာပိုင်ကြီး - "အခု အလှူငွေထည့်တဲ့အခါ အိမ်ပြန်ဖို့ ကားခပဲချန်ထားပြီး ပါလာတဲ့ပိုက်ဆံအကုန်လှူဒါန်းနိုင် ပါတယ်။"

ထိုသာသနာပိုင်ကြီး၏ စကားကြောင့် ကျွန်ုပ်လည်း ပေးမည်ဟု လျာထားသောအလှူငွေ နှစ်ဆမျှ ထည့်ဝင်ခဲ့ပါသည်။ ထိုပွဲတော်ဝတ်မှာ တက်ရောက်သောပရိသတ် အများအပြားလည်း နှစ်ဆသာမက သုံးဆ၊ လေးဆလှူဒါန်းကြမှာပါ။

ဒုတိယအကြိမ်မှာ ဒီဗွီဒီအခွေထဲတွင် ကြည့်လိုက်ရခြင်းဖြစ်သည်။ (၂၇. ၁၁. ၂၀၁၁) နေ့၌ သာသနာပိုင်ချုပ်ရုံးတွင် ပြုလုပ်သောသန့်ရှင်းသောကားတိုင် ဓမ္မတက္ကသိုလ်ရှိ ကျောင်းသားကျောင်းသူများ၏သံစုံကျူးခြေင်းနှင့် ညဝတ်အစီအစဉ်တွင်ဖြစ်သည်။ ထိုသာသနာပိုင်ကြီးကပင် အလှူငွေကောက်ခံခြင်း၊ ထည့်ဝင်ခြင်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း အမိန့်ရှိခဲ့ပါသည်။ (စကားလုံးမတူသော်လည်း အဓိပ္ပါယ်အတူတူပင်ဖြစ်သည်။)

သာသနာပိုင်ကြီး - "ကျွန်ုပ် အာဖရိကနိုင်ငံတစ်နိုင်ငံကို ရောက်သွားတဲ့အခါ သူတို့ရဲ့ ဝတ်ပြုကိုးကွယ်ခြင်း အစီအစဉ်တစ်ခုမှာ တွေ့ရတာကို ပြောပြပါမယ်။ ဘုရားရှိခိုးခန်းမရဲ့ အရှေ့တစ်နေရာမှာ ဖလားတစ်လုံးထားပြီး အလှူငွေ ကောက်ခံပါတယ်။ တစ်ယောက်ပြီးတစ်ယောက် လာထည့်ကြပါတယ်။ ဖလားပြည့်သွားတဲ့အခါ နောက်တစ်လုံးလာထားပြန်တယ်။ နောက်တစ်လုံးပြည့်တဲ့အခါ နောက်တစ်လုံး ပြီးနောက်တစ်လုံး ဖလားအလုံးပေါင်းများစွာ အလှူငွေရရှိတာကို တွေ့ခဲ့ရပါတယ်။ အလှူငွေထည့်သူများဟာ တစ်ယောက်စီကတစ်ယောက်ချေးယူပြီး အလှူငွေများများ ထည့်နိုင်ပါတယ်။"

ဤသို့သော စကားကို ကြားနာရသူတို့သည် အလှူငွေများများ ထည့်လိုသောစိတ် တဖွားဖွားပေါ်လာမှာ အမှန်ပါ။

အလှူငွေကောက်ခံခြင်းနှင့် ပတ်သက်ပြီး အလွန်ကျွမ်းကျင်သောပုဂ္ဂိုလ်တစ်ဦးရှိသည်။ သူက အလှူ ရောက်လေရာနေရာ တိုင်းမှာ ကြုံသလို အလှူငွေခံပေးတတ်သည်။ တစ်ကြိမ်မှာ ကျွန်ုပ်တက်ရောက်သောဘုရားရှိခိုးကျောင်းအဆင်းတွင် တွေ့ရခြင်း ဖြစ်သည်။ ထိုနေ့မှာ မေရီချက်(ပ်)မင်း နားမကြားသောကလေးများကျောင်းမှ ကျောင်းသူ

> ‥ ကျွန်ုပ်တက်ရောက်သော ဘုရားကျောင်းတွင်ပင် မဲလက်မှတ်များ ရောင်းပေးရမည်ဆိုပါက မိမိရောင်းရမည့်လဲလက်မှတ်များကို မိမိကိုယ်တိုင်သာ ဝယ်ယူလိုက်ပါသည်…

ကျောင်းသားလေးများက ပြက္ခဒိန်များ ယူလာပြီး ရံပုံငွေရှာနေသောနေ့ဖြစ်သည်။ ဘုရားဝတ်ပြုပြီး အဆင်းမှာ ထိုပုဂ္ဂိုလ်က ဘုရားကျောင်းတံခါးဝ၌ ရပ်ပြီး ပြက္ခဒိန် အချို့ကို ကိုင်ကာ "ရပြီလား‥ မရသေးရင် ဒီမှာယူသွားလို့ရတယ်နော်"ဟူ၍ ပြောပေးပါသည်။ မယူရသေးသောသူများ ဤအတိုင်းမယူဘဲ ထွက်ခွာသွားမည့်သူ တစ်ဦးတစ်ယောက်မှ ရှိမည်မထင်ပါ။

တစ်ကြိမ်တွင် ထိုပုဂ္ဂိုလ်နှင့် ကျွန်ုပ် အလှူငွေကောက်ခံခြင်းနှင့်ပတ်သက်ပြီး ဆွေးနွေးကြရာတွင်

ကျွန်ုပ် - "ကျွန်ုပ်ကတော့ အလှူငွေ လိုက်ကောက်ရတာ အရမ်းမျက်နှာပူတာပဲ"

ထိုပုဂ္ဂိုလ် - " ဘာဖြစ်လို့ မျက်နှာပူရမှာလဲ‥ကိုယ့်အတွက် ကိုယ်ကောက်တာမှ မဟုတ်တာ"

ကျွန်ုပ် ပြန်စဉ်းစားမိပါသည်။ ရှက်စရာလည်း မဟုတ်၊ မျက်နှာပူစရာလည်း မဟုတ်ပါ။ ထိုပုဂ္ဂိုလ်ပြောသောစကားကို မကြာခဏ သတိရသော်လည်း အလှူငွေကောက်ခံခြင်း ပြုလုပ်ရန် ဝန်လေးလျက်ရှိဆဲပင် ဖြစ်နေပါသည်။

၂၀၀၉ ခုနှစ်က ကျွန်ုပ်သည်အလှူငွေကောက်ခံရန် အခွင့်အရေးရခဲ့သော်လည်း အောင်မြင်စွာ မဆောင်ရွက်နိုင်ခဲ့ပါ။ ဤအဖြစ်အပျက်က တစ္ဆေခြောက်သကဲ့သို့ မကြာခဏခံစားရပါသည်။ ဤအကြောင်းကို ပြန်တွေးမိတိုင်း စိတ်မကောင်းပါ။ အဖြစ်အပျက်မှာ အောက်ပါအတိုင်းဖြစ်သည်။ လွန်ခဲ့သောခြောက်နှစ်(၂၀၀၉)ခုနှစ်က ကျွန်ုပ်သည် သာသနာပိုင်နယ်တစ်ခု၏ နှစ်ပတ်လည်အစည်းအဝေးတွင် တက်ရောက်ခွင့်ရခဲ့သည်။ ထိုသာသနာပိုင်နယ်၏ ဇဝံဂေလိနယ်မြေရှိသော သာသနာပိုင်နယ်မှ ထောက်ပံ့သော မူလတန်းစာသင်ကျောင်းများတွင် ဆက်ကပ်အမှုတော်ဆောင်သောဆရာ၊ ဆရာမများအတွက် အလှူငွေရရှိရန် ဆွေးနွေးကြသည့်အခါ အလှူငွေကောက်ခံရန် အလွန်ဝန်လေးသောကျွန်ုပ်က ပါဝင်ဆွေးနွေးခွင့်ရခဲ့သည်။ ထိုဆွေးနွေးပွဲ၏ရလဒ်မှာ ထို ဆရာ၊ ဆရာမ များအတွက် နည်းအမျိုးမျိုးဖြင့် ပေးလှူရန် ကတိပြုကြခြင်းပင်ဖြစ်သည်။

ပထမဆုံး ကျွန်ုပ်သည် တစ်သိန်းလှူရန် ကတိပြုခဲ့သည်။ ထိုစဉ်က ကျွန်ုပ်မှာ ငွေတစ်သိန်းလှူရန် မရှိပါ။ သို့ရာတွင် ၁၉၉၇ ခုနှစ်က ငွေစုဘဏ်တွင် ဝယ်ယူထားသော ငွေစုလက်မှတ် (တစ်သောင်းတန်လေးရွက်)သာရှိသည်။ ထိုငွေစုလက်မှတ်များသည် (၁၂)နှစ်ပြည့်သောအခါ (၂၀၀၉)ခုနှစ်အတိုးအပါအဝင် တစ်သိန်းကျော်ရရှိမည်ဖြစ်သည်။ ထိုငွေကို မျှော်ကိုး၍ လှူဒါန်းခြင်းဖြစ်သည်။





အနားယူဘုန်းတော်ကြီးတစ်ပါးက မိမိအသက်ရှင်နေစဉ် တစ်နှစ်လျှင် တစ်သိန်း၊ နောက်တစ်ဦးက (၅)နှစ်အတွင်း တစ်နှစ်လျှင် တစ်သိန်း၊ နောက်တစ်ဦးက (၁၀)နှစ်အတွင်း တစ်နှစ်လျှင် တစ်သိန်း၊ အချို့က တစ်ကြိမ်တည်း တစ်သိန်း စသည်ဖြင့် အသီးသီးလှူဒါန်းကြမည်ဖြစ်ကြောင်း ကတိကဝတ်ပြုကြပါသည်။

ကျွန်ုပ်သည် ထိုအစီအစဉ်ကို ဆက်လက်ဆောင်ရွက်မည်ဟု ဆုံးဖြတ်လျက် ထိုဇဝံဂေလိနယ်မြေရှိ ကျောင်းများအတွက် အလှူငွေကောက်ခံခဲ့ပါသည်။ ကျွန်ုပ်အလှူငွေကောက်ခံ သည့်ပုံစံမှာ ယခုဖော်ပြပါအတိုင်းဖြစ်သည်။

ကျွန်ုပ်သည် နိုင်ငံခြားသို့ရောက်နေသော မိတ်ဆွေများ အပါအဝင် အလှူငွေများများထည့်နိုင်မည်ဟု ယုံကြည်ရသော အင်္ဂလိကန်အသင်းသား(　　)ဦးထံသို့ စာအိတ်ဖြင့် အလှူငွေကောက်ခံခဲ့ပါသည်။ စာအိတ်ထဲတွင် ထိုဇဝံဂေလိကျောင်းများနှင့် ပတ်သက်သောအကြောင်း အရာများကို သက်ဆိုင်ရာသာသနာပိုင်၏ ထောက်ခံချက်ဖြင့် ရေးသားထားသောစာ တစ်စောင်ထည့်သွင်းထားပါသည်။ အလှူငွေကိုမူ သက်ဆိုင်ရာသာသနာပိုင်ထံသို့ ပို့ပေးရန်ဖြစ်သည်။ ထိုမိတ်ဆွေများအနက် (　)ဦးက ပေးမည်ဟု ပြောသော်လည်း (　)ဦးသာ အလှူငွေတစ်သိန်းစီ ပို့ပေးခဲ့ပါသည်။ အမှန်မှာ(Follow Up) ပြန်လည်မေးမြန်းခြင်း မလုပ်ခဲ့သည့် ကျွန်ုပ်၏အားနည်းချက်ကြောင့် အောင်မြင်မှုမရှိခဲ့ပါ။

အသင်းတော်များတွင် ရံပုံငွေအတွက် မဲလက်မှတ်များကိုရောင်းရမည်ကိုပင် ကျွန်ုပ် မျက်နှာပူလှပါသည်။ ကျွန်ုပ်တက်ရောက်သော ဘုရားကျောင်းတွင်ပင် မဲလက်မှတ်များ ရောင်းပေးရမည်ဆိုပါက မိမိရောင်းရမည့် မဲလက်မှတ်များကို မိမိကိုယ်တိုင်သာ ဝယ်ယူလိုက်ပါသည်။ တစ်ကြိမ်မှာမူ အလွန်ခင်မင်သော မိတ်ဆွေတစ်ဦးကို မဲလက်မှတ် တစ်စောင်ရောင်းဖူးသည်။ ကျွန်ုပ် အမည်ဖြင့် မဲဆုတစ်ခုပေါက်သောအခါ သူ့အား "သူငယ်ချင်း မဲပေါက်တယ်‥ရော့ ဒီမှာ မဲပစ္စည်း"ဟု ပြောပြီး ဆုမဲပစ္စည်းဖြစ်သော ပလပ်စတစ်ခြင်းတောင်းကို သူ့အားပေးလိုက် ပါသည်။ ဆိုလိုသည်မှာ သူများမဲလက်မှတ်ဝယ်ယူပြီး မဲမပေါက်မည်ကို ကျွန်ုပ်က မျက်နှာပူနေခြင်းဖြစ်သည်။

## အလှူငွေပေးခြင်း

အလှူငွေပေးခြင်းနှင့် ပတ်သက်ပြီး ဆယ်ဖို့တစ်ဖို့ပေးလှူခြင်းအကြောင်း ဝေမျှလိုပါသည်။ ကျမ်းစာထဲမှာ ဆယ်ဖို့တစ်ဖို့နှင့်ပတ်သက်ပြီး ဖော်ပြထားပါသည်။ (မာလခိ ၃း၆-၁၀၊ ကမ္ဘာ ၁၄း၁၈-၂၀၊ ကမ္ဘာ ၂၈း ၂၀-၂၂၊ ၁ရှမွေလ ၈း ၁၄-၁၇၊ လုကာ ၁၈း ၉-၁၄၊ ၂ကော ၉း၇)။

ဘုန်းတော်ကြီးများ ဆယ်ဖို့တစ်ဖို့ အကြောင်း ဟောပြောရေးသားသည့်အခါ ကျွန်ုပ်နားလည်သည်မှာ "မိမိ၏ စုစုပေါင်းဝင်ငွေထဲမှ ဆယ်ဖို့တစ်ဖို့ကို မိမိတက်ရောက်သော ဘုရားရှိခိုးကျောင်းသို့ ပေးဆောင်ရန်၊ ဘုရားကျောင်းကမှ တစ်ဆင့် သက်ဆိုင်ရာသာသနာပိုင်ရုံးသို့ ပို့ပေးပြီး သာသနာပိုင်ရုံးများမှ သာသနာပိုင်ချုပ်ရုံးသို့ ပို့ရန်"ပင်ဖြစ်သည်။

(၁၉. ၈. ၂၀၁၅) နေ့၊ ကျွန်ုပ်တို့၏ ဘုရားကျောင်းပွဲတော်ဝတ်၌ ဘုန်းတော်ကြီး တရားဟောရာတွင် အောက်ပါအချက်များ ပါဝင်သည်။ (စကားလုံးမတူသော်လည်း အဓိပ္ပါယ်တူပါသည်။)

ဘုန်းတော်ကြီး - "ဝင်ငွေတစ်သိန်း



ရှိသောသူသည် ဆယ်ဖို့တစ်ဖို့ဖြစ်သော တစ်သောင်းကျပ်ကို လှူဒါန်းရန် ဝန်မလေးသော်လည်း ဝင်ငွေကျပ်သိန်းငါးရာရသောသူသည် ဆယ်ဖို့တစ်ဖို့ဖြစ်သော သိန်းငါးဆယ်ကိုလှူရန် အတော်စဉ်းစား ရပေမည်"။

အလွန်မှန်ပါသည်။ သို့ရာတွင်သိန်းငါးရာ ဝင်ငွေတစ်ကြိမ်ရရှိပြီး သိန်းငါးဆယ်မက သိန်းခုနစ်ဆယ်လှူသောသူ တစ်ဦးကို တွေ့ဖူးပါသည်။ ၎င်းသိန်းခုနစ်ဆယ်သည် ဆယ်ဖို့တစ်ဖို့ သီးသန့်မဟုတ်ဘဲ အခြားအလှူငွေများလည်း ပါဝင်ပါသည်။ ကျွန်ုပ်တက်ရောက်သော ဘုရားကျောင်းမှာ တစ်ပတ်တစ်ခါ၊ တစ်လတစ်ခါ၊ တစ်နှစ်တစ်ခါ စုစုပေါင်းပေးလှူနိုင်သော အလှူငွေအမျိုးပေါင်း



နှစ်ဆယ့်လေး(၂၄)မျိုး ရှိပါသည်။ ဤ (၂၄) မျိုးထဲတွင် သာရေး၊ နာရေး၊ ကျန်းမာရေး၊ အောက်မေ့ဖွယ် အလှူငွေ၊ မွေးနေ့အလှူ တစ်ဦးချင်း ပေးရသောအလှူငွေများ မပါဝင်သေးပါ။ ထို့ပြင် ရံဖန်ရံခါ ဖြစ်ပေါ်တတ်သော လေဘေး၊ ရေဘေး၊ မီးဘေးအလှူများလည်း ရှိသေးသည်။ ပြီးခဲ့သောရေဘေးအတွက် မိမိ၏ပင်စင်တစ်လစာဖြစ်သော တစ်သိန်းကျော်ကို လှူသောသူလည်း ရှိပါသည်။

အလှူငွေပေးလှူခြင်းနှင့်ပတ်သက်ပြီး ကျမ်းစာတော်မြတ်၌ အောက်ပါအတိုင်း ဖော်ပြထားသည်။

"စွန့်ကြဲသော်လည်း ဥစ္စာတိုးပွားတတ်သောသူရှိ၏"(သုတ္တံ ၁၁း၂၄)။

"စွန့်ကြဲသောသူသည် ဥစ္စာကြွယ်ဝလိမ့်မည်"(သုတ္တံ ၁၁ း ၂၅)။

"သင်သည် အလှူဒါနကို ပေးသောအခါ ပေးကြောင်းကို မထင်ရှားစေခြင်းငှာ လက်ျာလက်ပြုသည့်အမှုကို လက်ဝဲလက်မှ မသိစေနှင့်" ( မဿဲ ၆း၃)။

"သင်တို့သည် သူတစ်ပါးအားပေး၏။ ထိုပမာဏအတိုင်း ကိုယ်တိုင်ခံရကြမည်" (မာကု ၄း၂၄)။

"သူတစ်ပါးအား ပေးကြလော့။ ပေးလျှင် သူတစ်ပါးသည် သင်တို့အား ပေးကြလိမ့်မည်" (လုကာ ၆း၃၈)။

"ခံယူခြင်းထက် ပေးကမ်းခြင်း၌ မင်္ဂလာရှိ၏"(တမန်တော် ၂၀း ၃၅)။

နိဂုံး

ကျွန်ုပ်အမှန်အတိုင်း ရိုးသားစွာ ဝန်ခံရမည်ဆိုပါက ယခု အသက် (၇၂)နှစ်ကျော်အရွယ်အထိ ကျွန်ုပ်၏အဟော အပြောကြောင့် ခရစ်





ယာန်(အင်္ဂလီကန်)ဖြစ်လာသူ တစ်ဦးတစ်ယောက်မျှမရှိပါ။ အလှူငွေကောက်ခံရာမှာလည်း အထက်က ဖော်ပြပြီးသည့်အတိုင်း သုံးမရပါ။ သို့သော် လှူဒါန်းခြင်း၊ ပေးကမ်းခြင်းကို တတ်နိုင်သမျှ ဆောင်ရွက်လျက်ရှိပါသည်။ ကျွန်ုပ်ခံယူထား သည်မှာ "ကိုယ်က လှူဒါန်းပေးကမ်းခြင်းအားဖြင့် တစ်ယောက်မှာ အထောက်အကူဖြစ်သကဲ့သို့ ပေးရသူမှာ လည်း (ခံယူသူထံမှ တစ်ခုခုပြန်ရရန် လုံးဝမမျှော်လင့်ဘဲ ပေးရသောကြောင့်) မဖော်ပြနိုင်သော ပျော်ရွှင်မှုကို ခံစားရပေမည်။

အသင်းတော်တိုးတက်ရန်အတွက်၊ အင်္ဂလီကန်အသင်းသူ၊ အသင်းသားများပြား လာရန်အတွက် ကျွန်ုပ်တို့သည်

၁။ ဆုတောင်းပေးရပါမည်။

၂။ ဧဝံဂေလိနှင့် သာသနာပြုရန်အတွက် အလှူငွေပေးရပါမည်။

၃။ အခြေအနေပေးပါက အလှူငွေကောက်ခံရပါမည်။

ဤသို့ပါဝင်ပါက မိမိကိုယ်တိုင် ဧဝံဂေလိနှင့် သာသနာပြုခြင်းလုပ်ငန်းကို လုပ်ကိုင်နေသကဲ့သို့ ခံစားရမည်ဖြစ်ကြောင်း မေတ္တာဖြင့် တင်ပြအပ်ပါသည်။

မှတ်ချက်။ ။ ဤဆောင်းပါးသည် စာရေးသူတစ်ဦးတည်း၏အာဘော်ဖြစ်ပါသဖြင့် အယူအဆအမှားအယွင်းများပါရှိပါက စာရေးသူ၏ တာဝန်သာဖြစ်ကြောင်း အစီရင်ခံအပ်ပါသည်။

**အင်္ဂလီကန်အသင်းသားတစ်ဦး**

HOLY CROSS THEOLOGICAL COLLEGE YANGON






# အပြီးသတ်သင်ကြားမှု တပည့်တိုင်းဆရာကဲ့သို့ ဖြစ်လိမ့်မည်

ဆဲမင်းမွန်း

ကျွန်ုပ်သည် ရန်ကုန်သာသနာပိုင်နယ် ဓမ္မဆရာကျောင်း၊
သိုလ်တို့တွင် စာသင်ဆရာ တစ်ယောက်အဖြစ် နှစ်အတန်ကြာပါဝင်အစေခံခဲ့ဖူးသည်။ ထိုကျောင်းသား ဓမ္မတက္က
ဟောင်းတို့ထဲမှ လက်ရှိဘုန်းတော်ကြီးဖြစ်နေသော ဆရာနှစ်ယောက်နှင့်ပြန်လည်ဆုံတွေ့စဉ် သူတို့
ပြောသောစကားကို သဘောကျမိသည်။ တစ်ယောက်က ဆရာကူသေးဖြစ်၍ ကိုးရီးယားမင်းသား
နှင့်တူပါသည်။ ကျန်တစ်ဦးမှာ ဆရာစိုင်းသူအောင်ဖြစ်ပါသည်။ အခြားကျောင်းသားဟောင်းများ
ရှိကြသော်လည်း ထူးထူးခြားခြားသူတို့နှစ်ယောက်၏စကားမှာ ကျွန်ုပ်သင်သော သင်ခန်းစာနှင့်
ပတ်သက်နေ၍တင်ပြရခြင်းဖြစ်သည်။

တစ်ယောက်ကပြောသည်မှာ ကျွန်ုပ်သင်ခဲ့သော အသင်းတော်သမိုင်းသင်ခန်းစာထဲ၌
အရှေ့တိုင်းနှင့် အနောက်တိုင်း အသင်းတော်ဖြစ်ပေါ်လာပုံကို တစ်ခါတည်းမှတ်မိသွားသည်ဟု ဖြစ်သည်။
နောက်တစ်ယောက်က ကျွန်ုပ်ကိုတွေ့သည်နှင့် အသင်းတော်သမိုင်းကို ချက်ချင်းသတိရသည်ဟု ဖြစ်သည်။
သူတို့ကိုစာသင်ခဲ့ဖူးသည်မှာ တစ်ယောက်လျှင်နှစ်နှစ်ဖြစ်သော်လည်း ယနေ့ထိ သူတို့ဘာကြောင့် သင်
ထားခဲ့တာတွေကို နှစ်ပေါင်းများစွာကြာသော်လည်းမေ့မရနိုင်သည်ကို စဉ်းစား မိခြင်းဖြစ်သည်။ ကျွန်ုပ်၏
ကိုယ်ရည်ကိုယ်သွေးကမူ သူတို့အားလွှမ်းမိုးဆွဲဆောင်နိုင်သော အဆင့်မဟုတ်ပါ။

ကျွန်ုပ်သည် သန့်ရှင်းသောကားတိုင်ကျမ်းစာကျောင်း (၁၉၇၁-၇၅) လေးနှစ်တာကာလတွင်
ဘာသာရပ်အမျိုးမျိုး၊ ဆရာသမားအများတို့ထံမှပညာသင်ယူခဲ့ပါသည်။ သန့်ရှင်းသောကားတိုင်တွင်





ဘုန်းတော်ကြီးများနှင့်အတူ ကျွန်ုပ်တို့အား စာသင်ပေးခဲ့ကြသော သုဓမ္မစာရီ ဆရာမကြီးနှစ်ဦးရှိပါသည်။
ဆရာမကြီးဒေါ်ခင်ခင်(မယ်ခကွေး)နှင့် ဆရာမကြီးဒေါ်ခင်မေဆင့် တို့ဖြစ်ကြသည်။ ဆရာမကြီးတို့၏
ကိုယ်ရည်ကိုယ်သွေးသည် ကျွန်ုပ်တို့အတွက် ပညာခွန်အား ဖြစ်စေပါသည်။ အထူးအားဖြင့် သူတို့၏
အသင်းတော်အပေါ်ထားရှိသော သစ္စာရှိမှု၊ ဘုရားရှင်အား တစ်ဦးချင်းယုံကြည်လက်ခံမှုတို့ဖြစ်သည်။
ဆရာမကြီး ဒေါ်ခင်ခင် မကွယ်လွန်ခင် သွားရောက်၍ဆုတောင်းခြင်း၊ ပွဲတော်မင်္ဂလာပေးခြင်းအခွင့်
ရခဲ့သည်။ ဘုရားသခင်စုသိမ်းသော အခါ၌လည်း သင်္ဂြိုလ်ခြင်းခြင်းဝတ်တွင် ပါဝင်ခွင့်ရခဲ့ပြီး၊ နာနတ်
တောသုသာန်ဖျက်သိမ်းသောအခါ ဆရာမကြီး၏ ရုပ်ကလာပ် ကိုမီးသဂြိုလ်ပြီးရေဝေးသို့ ပြန်လည်
ရွှေ့ပြောင်းရာ၌ အရိုးအိုးသယ်ဆောင်ခဲ့ပြီး ဝတ်ပြုအစီစဉ်တွင်လည်း ပါဝင်ခွင့်ရခဲ့ပါသည်။

ဆရာမကြီးဒေါ်မေဆင့်အတွက် သတိရစရာတစ်ခုမှာ စိတ်ပညာသင်ခန်းစာဖြစ်၍ အဆိုင်းမင့်
တစ်ခု ရေးခိုင်းပါသည်။ စာရှူးပေရှူးဖြစ်သဖြင့် စိတ်ကူးမိရာရေးသားတင်ပြလိုက်ရာ အခြားကျောင်း
သားများ၏ အဆိုင်းမင့်များပြန်ရောက်လာသော်လည်း ကျွန်ုပ်၏ အဆိုင်းမင့်ကို ပြန်မရသေးပါ။
ကျောင်းအုပ်ကြီး ဆရာကြီးစံဟူးလည်း ကျွန်ုပ်၏စာမှာ တစ်လွဲတစ်ချော်ပုံ မျိုးယူဆရသလို ခပ်တည်
တည်ပြောပါသည်။ သို့ရာတွင် ဆရာမကြီးအချိန်ရောက်လာပြီး ကျွန်ုပ်၏ပုခုံးကိုပုတ်၍ မင်းသိပ်
တော်တယ် ဟု လေးလေးနက်နက်ဆိုပါသည်။ အသက်၁၉နှစ်အရွယ် ကျောင်းသားတစ်ယောက်ကို
အင်မတန်ကြီးမြတ်သော ဆရာမကြီးတစ်ယောက်က အဆိုင်းမင့်ကို ကိုယ်တိုင်ပြန်ပေး၍ အသိ
အမှတ်ပြုပေးခြင်းဖြစ်ပါသည်။

အင်္ဂလိကန်အသင်းတော်ကိုစေတနာထား၍ မိမိတို့၏အချိန်ကိုပေး၍ ပညာဒါနလာပြုကြသော
အခြား အသင်းတော်များ မှဆရာတော်နှစ်ပါးကိုလည်း မှတ်မိပါသည်။ တစ်ပါးမှာ ကက်သလစ်
ရဟန်းဖြစ်တက္ကသိုလ်မှFr.Canute ဖြစ်ပါသည်။ ကျွန်ုပ် တို့ကို "Logic" ခေါ် ယုတ္တိဗေဒကို သင်ပေး
ပါသည်။ ကျွန်ုပ်ကား ဉာဏ်မကောင်းသဖြင့် အားလုံးနား မလည်ပါ။ ၁၉၉၁ အဝေးသင်ပထမနှစ်တွင်
ယုတ္တိဗေဒကိုသင်ပြန်သော်လည်း စကားလုံးနှစ်လုံးကို (induction and deduction)ကို ယခုထိရောနေ
တုန်းဖြစ်သည်။ သို့ရာတွင် Fr.Canute ထဲမှလည်း အသိပညာများစွာရရှိလိုက်ပါသည်။ ကျွန်ုပ်
အမှတ်မိဆုံးသောအချက်မှာ နပိုလီယန်စစ်ဘုရင်နှင့် ပတ်သက်၍ဖြစ်ပါသည်။ နပိုလီယန်သည် မိမိ၏
အားဖြင့် ကက်သလစ်အသင်းတော်ကို နှောင့်ယှက်ခဲ့သည်။ အသင်းတော်ခေါင်းဆောင်ဆရာတော်များကို
ဖမ်းဆီး၏။ သာသနာပစ္စည်းများကိုလည်းသိမ်းယူ၏။ ထို့ကြောင့်ပြင်သစ် ကာဒီနယ်တစ်ပါး (ကျွန်ုပ်
မှတ်ထားတာမှားရင်ခွင့်လွှတ်ပါရန်)က ဆုံးမစကားမိန့်ကြားခဲ့သည်။

အချင်းနပိုလီယန်၊ သင်သည်အသင်းတော်ကိုဖျက်လိုဖျက်ဆီး လုပ်ဆောင်သည်။ သင့်ကြောင့်
အသင်းတော်ပျက်စီးလိမ့် မည်မဟုတ်ပါ။ အသင်းတော်တွင်း၌ရှိသော သူတို့၏ ချို့ယွင်းဖောက်ပြန်မှု
အချို့ရှိခဲ့သော်လည်း အသင်းတော်မပျက်စီးပါ။ သင့်လို သာမန်လောကီအာဏာရှင် ပြင်ပလူတစ်ယောက်
က အသင်းတော်ကိုပျက်စီးအောင် မလုပ်နိုင်ပါဟု ဖြစ်ပါသည်။

အချိန်ကာလအတန်ကြာသွားပြီဖြစ်၍ နဂိုမူရင်းစကားလုံးများအတိုင်း ဖြစ်ချင်မှ ဖြစ်မည်
ဟုထင်သည်။ သို့ရာတွင် အဓိပ္ပာယ်ကား အထက်ပါအတိုင်းဖြစ်သည်။ ကျွန်ုပ်နားလည်သဘောပေါက်

မှတ်မိသလောက်ကြိုးစားပုံဖော်ခြင်းဖြစ်ပါသည်။ ထိုရရှိလိုက်သော အသိတရားကား ကျွန်ုပ်အတွက် အဖိုးမဖြတ်နိုင်ပါ။ အသင်းတော်ခေါင်းဆောင်တွေဘယ်လောက်ပဲ လွဲချော်စေကာမူ ပြင်ပ အသင်းတော်ကို နှောင့်ယှက်မှုမည်ကဲ့သို့ပင်ပြုစေကာမူ အသင်းတော်သည်ပျက်စီးခြင်းမရှိနိုင်ကြောင်း အမှန်ပင်စိတ်ချမှုရရှိ ခဲ့ပါသည်။ ကျွန်ုပ်အမှုတော်ဆောင်သက်တမ်းတွင် သာသနာပိုင်များစွာကိုကြုံ တွေ့ခဲ့သည်။ ဒိုင်အိုစီများတွင်လည်း ဘီးရှော့တာဝန်ခံတွေ၊ လက်ထောက်ဘီးရှော့တွေပြောင်းလဲသွားကြသည်။ ဘုန်းကြီးပိုင်နယ် အသီးသီးတွင်လည်း တာဝန်ခံများ၊ လက်ထောက်များအသီးသီးပြောင်းလဲသွားခဲ့ကြသည်။ နိုင်ငံရေးတွင်လည်း အမျိုးမျိုးသော အခြေအနေများတို့ဖြင့် ဖြတ်သန်းခဲ့ရသည်။ သင်ခန်းစာများ စွာ ရှိခဲ့ပါသည်။

အခြားဆရာတော်တစ်ပါးမှာ ကမ္ဘာကျော်ဆရာကြီးဂျော့ဖိုးဘဖြစ်ပါသည်။ ဂီတသင်္ကေတ ပညာကို သင်ကြားပေးသည်။ ကျွန်ုပ်ကားဉာဏ်မကောင်းသဖြင့် ဆရာသင်ကြားသမျှ ထူးထူး ချွန်ချွန်မလုပ်နိုင်ပါ။ ဆရာ၏သွက်လက်တက်ကြွပြီးရွှင်သော ဟန်ပန်ကသာ ကျွန်ုပ်အတွက်အား ကျစရာ ပင်ဖြစ်ပါသည်။ သချ်ာညံ့သူဖြစ်သဖြင့် ဘားတစ်ခု အကန့်တစ်ခုအတွင်း တစ်ကျပ် ငါးမူး၊ တစ်မတ် စသည်ဖြင့် သင်္ကေတအတွက်အချက်များကို ကြိုးစားသင်ရပါသည်။ မှတ်မှတ်ရရ လပိုင်းသင်ကြား သောသင်တန်းတွင် ကျမ်းစာကျောင်းသားများသာမက အခြားတပည့်တော်များလည်း တက်ရောက်ကြ သည်။ သင်တန်းပြီးဆုံးသောအခါ ဆရာက ကျွန်ုပ်အား ဒီလူကို နှုတ်ဆက်ရဦးမယ် ဟု ဆိုပါသည်။ ဆရာသဘောကျအောင်ဘာမှ ထူးထူးချွန်ချွန်မဖြေခဲ့ပါ။ မထူးချွန်လို့ဘဲ နှုတ်ဆက်တာဖြစ်ပါမည်။

ဆရာ့ဆီမှ အင်္ဂလိပ်စကားလုံးများစွာရလိုက်ပါသည်။ တစ်ခုမှာ "Take for granted" ဖြစ်ပါ သည်။ အကြမ်းဖျင်း ပြောရလျှင် လူတစ်ယောက်သည် အကြောင်းအရာတစ်ခုကိုသိထားပြီး၊ တတ်ထားပြီး၊ နားလည်ထားပြီးဖြစ်သည်ဟု ယူဆသည်ဟု ဖြစ်ပါသည်။ မေးမြန်းစစ်ဆေးခြင်းမပြုဘဲ ဒီအတိုင်း လက်ခံလိုက်ခြင်းဟုလည်းပြောလို့ ရပါသည်။ ထပ်ပြီးဆရာ့ထံမှရသော အသိပညာတစ်ခုမှာ တစ်ချို့လူ တွေက ဂီတသင်္ကေတသိပ်မတတ်ဖူး။ ဒါပေမယ့် သူတို့လိုက်ဆိုလို့ ရတယ်။ ဒီလူတွေက နားကောင်းလို့ ဟု ဖြစ်ပါသည်။ တေးဂီတနှင့်ပတ်သတ်၍ နှစ်ခြင်းအသင်းတော်တွင် ထူးချွန်ကြပါသည်။

Fr.Canute၏ သင်ခန်းစာကိုအင်းစိန်မှညီငယ် စောမာကီကိုပြောပြဖူးသည်။ သူ့တို့အင်းစိန် မှာကလည်း ခရစ်ယာန် ဂိုဏ်းဂနအမျိုးမျိုးရှိသည်။ ဒီစကားကသူ့အတွက်အတော်လေး အားဖြစ်သွား သည်။ ဆရာဂျော့၏ အဆိုအမိန့်ကိုယူ၍ တရားတစ်ပုဒ်၊ စာတစ်အုပ်ရေးလို့ရပါသည်။ Fr.Canuteနှင့် ဆရာကြီးဖိုးဘတို့၏ အပြောအဆို၊ စိတ်နေသဘောထားတို့သည် လည်းဖြူစင်ရိုးသား၍ ကြင်နာတတ် သော အမှုအကျင့်တို့ကို ကျွန်ုပ်တို့အားသင်ပေးပါသည်။

တပည့်သည်အပြီးသတ်သင်ပြီးလျှင် ဆရာကဲ့သို့ဖြစ်လိမ့်မည်ဟု သခင်ယေရှုကပြောပါသည်။ သခင်ယေရှုလို ဆရာမျိုး ကျွန်ုပ်ဘယ်တော့မှမဖြစ်နိုင်ပါ။ ဆရာကြီး၊ ဆရာမကြီးကဲ့သို့ ဆရာမျိုးလည်းမဖြစ်နိုင်ပါ။ သို့ရာတွင် တစ်ချိန်ကစာသင်ပေးခဲ့ ရသောဘုန်းတော်ကြီးတစ်ပါးက ကျွန်ုပ်ကိုမြင်သောအခါ ဘာကြောင့် သူတို့ကိုသင်ကြားခဲ့တာတွေ မမေ့သေးကြောင်းပြောတော့ နည်းနည်းသဘောပေါက်လာသလိုလို ရှိလာပါသည်။ ❐






# အသင်းတော်အတွက် အမာခံအလင်းဆောင်သူ တေးရေးတေးဆို ဆရာ စောဂျွန်ကညောစေးနှင့် တွေ့ဆုံမေးမြန်းခြင်း

မိုးတွေအုံ့ဆိုင်း နေတဲ့တစ်ခုသော ညနေတွင် ရှာလုမ်ဝိုင်းတော်သားများသည် လူငယ်တစ်ဦးဖြစ်သော်လည်း အလုပ်တာဝန်အများအပြား လုပ်ဆောင်လျက်ရှိတဲ့ ဘားအံသာသနာပိုင်နယ်မှ လူငယ် ဥက္ကဌ ဆရာကညောစေး ယခုလို တွေ့ဆုံမေးမြန်းခဲ့ကြပါတယ်။ ဤမေးမြန်းမှုအားဖြင့် ရှာလုမ်စာဖတ် ပရိသတ်များအနေနဲ့ တစ်ခုခုခံစား ရရှိလိမ့်မယ်လို့လဲ ထင်မြင်မိပါတယ်။

**ရှာလုမ်** ။ ။မင်္ဂလာပါဆရာ။ ကျွန်တော်တို့ ကတော့ ရှာလုမ်မဂ္ဂဇင်းကပါ။ ဆရာ့ဘဝအကြောင်းလေးကို သိချင်လို့ မေးခွင့်ပြုပါ ဆရာ။

**ကညောစေး** ။ ။မင်္ဂလာပါဗျာ။မေးပါ။ မေးပါ။ ရပါတယ်။

**ရှာလုမ်** ။ ။ဆရာ့အမည် အပြည့်အစုံနဲ့ ဆရာ့အလုပ်အကိုင်ကို မိတ်ဆက်ပေးပါဦး ဆရာ။

**ကညောစေး** ။ ။ကျွန်တော့်နာမည်ကတော့ စောဂျွန်ကညောစေးဖြစ်ပါတယ်၊ ကျွန်တော့်လက်ရှိ ကိုယ်ပိုင်စီးပွားရေးပါ၊ ဘားအံမြို့ထဲမှာ Eastern Journey အမည်နဲ့ Computer Training, Sales & Services လုပ်ပါတယ်။ ကျွန်တော်ကတော့ ပိုင်ရှင်ပါ။

**ရှာလုမ်** ။ ။ဟုတ်ကဲ့ပါဆရာ။ ကျွန်တော်တို့ က ဆရာ့ကိုအသင်းတော်နဲ့ ပတ်သက်တိုင်း တွေ့မြင်ရတာပဲရှိတယ်လေ။ အခုလို ဆရာ့အလုပ်အကိုင် အကြောင်းသိခွင့်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဆရာရဲ့ဇာတိက ဘားအံကပဲလားဆရာ။

**ကညောစေး** ။ ။မဟုတ်ပါဘူး၊ ကျွန်တော်က ကရင်ပြည်နယ်၊ သံတောင်မြို့ (၁၃) မိုင်ကဖြစ်ပါတယ်။

**ရှာလုမ်** ။ ။ဟုတ်လားဆရာ၊ ဒါဆိုဘားအံကိုရောက်လာပုံကို ပြောပြပေးနိုင်မလား။

**ကညောစေး** ။ ။ကျွန်တော်သံတောင်မှာပဲ ၂၀၀၀ခုနှစ်မှာ တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့ပါတယ်။ အဲ့နောက်တော့ သံတောင်ကကရင်ပြည်နယ်ထဲပါနေတော့ နီးတဲ့တောင်ငူကိုကျော်ပြီး မြို့တော်ဖြစ်တဲ့ ဘားအံကို ကွန်ပျူတာဒီပလိုမာသင်တန်း(၁၆လ) တက်ရောက်ဖို့ ရောက်ရှိခဲ့ပါတယ်။ အဲ့ဒီကနေ Qualify ဖြစ်ပြီး၊ ဘားအံကွန်ပျူတာကောလိပ်မှာပဲ ဘွဲ့ရတဲ့အထိ တက်ဖြစ် သွားခဲ့တယ်၊ ဒါနဲ့ပဲ ဘားအံမှာ ဆက်နေဖြစ်သွားတယ်ဆိုပါတော့ဗျာ။

**ရှာလုမ်** ။ ။ဒါဆို ဆရာ့အနေနဲ့ အခုလိုအခြေအနေရောက်ဖို့ အတော်ရုန်းကန်ခဲ့ရမှာပဲနော်။

**ကညောစေး** ။ ။ဟုတ်ပါတယ်၊ ဘားအံကိုရောက်စက နေစရာမရှိလို့၊ ဘားတုန်းလေးနေခွင့်ရဖို့ ဘီးရှော့ကုန်းကို သွားပြီး ကျောင်းတက်ရှင်ပေတရုကသီဖြယ်ကျောင်းထိုင် ဘုန်းတော်ကြီးဘော်နီဖေ့စ်ဒွေးကို ခွင့်တောင်းခဲ့ပါတယ်။ ဆရာတော်ကနေတဆင့် သာသနာပိုင်ကြီး ဒယ်နီယယ်ပို့က်ကျင်းဆီက ခွင့်ပြုချက်ရလို့ ဘားအံသာသနာပိုင်ရုံးဘေးက ရုံးဝန်ထမ်းတွေနေတဲ့ အခန်းလေးမှာနေခွင့်ရခဲ့ပါတယ်။ နေ့ပိုင်းကျောင်းတက်၊ ညနေပိုင်းတော့ ဥယျာဉ်မှူးဖြစ်လိုက်၊ ညစောင့်ဖြစ်လိုက်၊ ဖုန်းစောင့်ဖြစ်လိုက်နဲ့ နေခဲ့ရပါတယ်။ ကျောင်းတက်ရင်းနဲ့လည်း ညပိုင်းအချိန် YMCA ကွန်ပျူတာစင်တာမှာ ပြုပြင်ထိန်းသိမ်းရေးပညာရှင် အဖြစ်အလုပ်လုပ်ခဲ့သေးတယ်။ မုန့်ဖိုးကာမိတာပေါ့ .(ရယ်လျက်)။ ဘီးရှော့ကုန်းကမိသားစုတွေနဲ့ ဆရာမ ဗို့ြင်းလှကျော်တို့ကလည်း



ကျွန်တော်ကျောင်းတက်တုန်း အကူအညီအများကြီးပေးခဲ့ကြပါတယ်။ ကျွန်တော့်ကျေးဇူးရှင်တွေပါ။ မမေ့နိုင်စရာဘဝပါပဲ။

**ရှာလုမ်** ။ ။ဆရာ့ဘဝကို အခုကြားရတော့ လွယ်သလိုလိုနဲ့ အတော်ရုန်းကန်ခဲ့ရမှာကို ခံစားရပါတယ်ဆရာ၊ နောက်တစ်ခုကဆရာအသင်းတော်မှာ ဆက်ကပ်နေတာတွေ တွေ့နေရတယ်လေ။ ဘယ်ကတည်းက ဘယ်လိုပုံစံမျိုးနဲ့ ဆက်ကပ်ခဲ့တာလည်း ပြောပြပေးပါလား။

**ကညောစေး** ။ ။ကျောင်းတက်တုန်းကတော့ ဘီးရှော့ကုန်း၊ ကသီဖြယ်လူငယ်လှုပ်ရှားမှုတွေမှာ တတ်နိုင်သလောက်ပါဝင်ခဲ့ပါတယ်။ အထူးသဖြင့် ဂီတနဲ့ပတ်သက်ပြီးတော့ ကိုယ်တိုင်သီချင်းရေး၊ လူငယ်တွေကိုသင်ပေးတယ်လေ။



အ. လ. င. သ နေ့တွေဆိုလည်း ပြိုင်ပွဲသီချင်းတွေကို ကိုယ်တိုင်ရေး၊ ဆိုတီး၊ အသံဖမ်း၊ ခွေထုတ်ပြီး ဗဟိုလူငယ် အမှုဆောင်အဖွဲ့နဲ့အတူ ဘားအံသာသနာပိုင်နယ် ဗဟိုလူငယ်အသင်းအတွက် ပါဝင်ဆက်ကပ်ပေးခဲ့ပါတယ်။ ဝါသနာကလည်း သိပ်မပါရှာတာနဲ့ပေါ့ (ရယ်လျက်). . . ။

**ရှာလုမ်** ။ ။ဆရာ့ကို ဘုရားပေးထားတဲ့ကျေးဇူးကို ဆရာအသုံးချခွင့်ရခဲ့တာပေါ့။ လေးစားပါတယ်ဆရာ။ ဒါနဲ့ ကျောင်းပြီးသွားတော့ ဘယ်လိုမျိုး ဆက်ကပ်ခဲ့သေးလဲဆရာ။

**ကညောစေး** ။ ။ကျွန်တော်ကျောင်းပြီးပြီးချင်းပဲ သာသနာပိုင်ကြီး ဒယ်နီရယ်ပို့က်ကျင်းက သာသနာပိုင်နယ်ရဲ့ လိုအပ်ချက်အရ လူငယ်ဌာနမှာ အချိန်ပြည့်တစ်ဦးအဖြစ် ဆက်ကပ်တာဝန်ထမ်းဆောင်ဖို့ ခေါ်ခဲ့တယ်။ ဒါနဲ့ပဲ ၂၀၀၄ခုနှစ်၊ အသက် (၁၉) နှစ်လောက်မှာ ဘားအံသာသနာပိုင်နယ်ရဲ့ လူငယ်ဌာနမှူး အဖြစ် ၂၀၀၆ ခုနှစ်အထိ ဆက်ကပ်ခဲ့ပါတယ်။

**ရှာလုမ်** ။ ။ဒါဆို ဆရာ့အသက်ကလည်းငယ်၊ ကိုယ့်နယ်လည်းမဟုတ်တော့ အခက်အခဲတွေရှိမှာပေါ့နော်။ ထူးထူးခြားခြား လုပ်ဆောင်ခဲ့တာတွေလည်း ရှိခဲ့ရင် ပြောပြပေးပါဦး။

**ကညောစေး** ။ ။ဟုတ်ကဲ့ . . အသက်ကလည်းငယ် တာဝန်ကလည်းကြီးတယ်လေ။ အတွေ့အကြုံကလည်းအရမ်းနည်းသေးတယ်။ အဲ့ဒီတုန်းကပေါ့။ အဲ့လိုဆိုတော့ အစပိုင်းအနည်းငယ်အခက်အခဲရှိခဲ့ပါတယ်။ ဒါပေမယ့် ဘုရားရှင်ရဲ့အသုံးပြုမှုက ကျွန်တော့်အတွက် အရမ်းအံ့သြဖို့ကောင်းပါတယ်။ ထူးခြားပြီး ကျွန်တော့်အတွက်အမှတ်တရဖြစ်စေခဲ့တာကတော့ ၂၀၁၅ခုနှစ်အမှတ်တရဖြစ်စေခဲ့တာကတော့ ၂၀၁၅ခုနှစ်



ဆရာကညောစေး၏ မိဘနှစ်ပါး၊ အစ်ကို ဘုန်းတော်ကြီးပေါလ်ကညောထူးနှင့် ညီမ နော်ကညောဟေ

အခုလိုနည်းပညာပိုင်းဆိုင်ရာတွေ လွယ်လွယ်ကူကူ မရှိခဲ့လို့ အတော်လေး ကြိုးစားပြီး လုပ်ခဲ့ရပါတယ်။ ပြီးတော့ တီးဝိုင်းပစ္စည်း တစ်ဆင်စာကိုလည်း သာသနာပိုင်ကြီး စတီဗင်သန်းမြင့်ဦးရဲ့ အကူအညီပေးမှုနဲ့ ဝယ်ယူအသုံးပြုနိုင်ခဲ့ပါတယ်။ လူငယ်ပြန်ကြားလွှာနဲ့ လူငယ်ဝတ်ပြုခြင်းစာအုပ် တွေကိုလည်း ထုတ်ဝေပေးနိုင်ခဲ့ပါတယ်။

**ရှာလုမ်** ။ ။အဲဒီနောက်ပိုင်း ဆရာ့အနေနဲ့ အသင်းတော်မှာ ဘယ်လိုအခန်းကဏ္ဍကနေ ဆက်ကပ်ပါဝင်ခဲ့သေးလဲ။

**ကညောစေး** ။ ။အချိန်ပြည့်မဟုတ်တော့တဲ့အခါကျမှ အသင်းတော်မှာ တာဝန်ယူရတာတွေ ပိုကြီးသလိုခံစားလာရတယ်။ ၂၀၀၆ ခုနှစ်ကနေ ဒီနေ့အထိ ဘားအံသာသနာပိုင်နယ်၊ ဗဟိုလူငယ်ဥက္ကဌအဖြစ် ဆက်ကပ်နေဆဲဖြစ်ပါတယ်။ အဲဒါအပြင် ကသီဒြယ်အသင်းတော်ရဲ့ လူငယ်ဥက္ကဌနဲ့ ဘားအံသာသနာ့လွှတ်တော်၊ တပည့်တော်ကိုယ်စားလှယ်တစ်ဦးလည်းဖြစ်ပါတယ်။ ဘားအံသာသနာပိုင်နယ်၊ ကော်မတီတွေမှာ ကတော့ ကိုယ်ပိုင်ရပ်တည်ထောက်ပံ့ရေးအဖွဲ့ရဲ့ ဘဏ္ဍာရေးမှူး၊ ဒိုင်အို ကွန်ပျူတာသင်တန်း ကော်မတီရဲ့ အတွင်းရေးမှူး၊ ဆက်သွယ်ပြန်ကြားရေး ကော်မတီရဲ့ အဖွဲ့ဝင်တစ်ဦးအဖြစ် အခုအချိန်မှာ ဆက်ကပ်ပါဝင်နေပါတယ်။

**ရှာလုမ်** ။ ။ဆရာ့အနေနဲ့ အခြားအဖွဲ့အစည်းတွေမှာလည်း ပါဝင်လှုပ်ရှားနေတယ်ဆိုတာကိုလည်း သိရပါတယ်။ အဲဒီ အကြောင်းလေး ပြောပြပေးပါဦးဆရာ။

**ကညောစေး**။ ။အခြားအနေနဲ့ကတော့ ဘားအံပိုင်အမ်စီအေရဲ့ အတွင်းရေးမှူးအဖြစ် ၂၀၀၈ ခုနှစ်ကနေ ၂၀၁၂အထိ ဆောင်ရွက်ခဲ့ပြီးတော့ လက်ရှိမှာတော့ ဒု-ဥက္ကဌတစ်ဦးအဖြစ် ပါဝင်လှုပ်ရှားနေဆဲဖြစ်ပါတယ်။ အဲဒါအပြင် ကရင်ပြည်နယ် ကွန်ပျူတာပညာရှင်အသင်းရဲ့ ဥက္ကဌအနေနဲ့လည်း တာဝန်ယူဆောင်ရွက်နေပါတယ်။ ဒါတွေကတော့ ကျွန်တော့်ရဲ့ လူမှုရေး အသင်းအဖွဲ့တွေထဲမှာ ပါဝင်လှုပ်ရှားနေမှုတချို့ပဲဖြစ်ပါတယ်။ တချို့တွေက တောင်ပြောကြတယ်... လူကောင်သေးသလောက် အလုပ်အကြီးကြီးတွေလုပ်နိုင်တယ်ဆိုပြီးတော့ပေါ့...။ (ရယ်လျက်)

**ရှာလုမ်** ။ ။ဆရာ အိပ်မက်ဆုံရာ ရာသက်ပန် သီချင်းပြိုင်ပွဲဝင်ခဲ့သေး တယ်နော်။

**ကညောစေး** ။ ။ ဟုတ်ပါတယ်... ပိုးကလည်းရှိလို့ဆိုပါတော့ဗျာ...။

**ရှာလုမ်** ။ ။ဆရာ့ရဲ့ သီချင်းပြိုင်ပွဲအတွေ့အကြုံလေးလည်းပြောပြပေးပါလား။

**ကညောစေး** ။ ။အိပ်မက်ဆုံရာ (ရာသက်ပန်) Season 1 မှာ ဘားအံကနေပြီးတော့ ကျွန်တော်အရွေးချယ်ခံခဲ့ရပါတယ်။ ရန်ကုန် Camp Week အဆင့်နဲ့ပဲ ကျေနပ်ခဲ့ရတယ်။ ဒါပေမယ့် အဲဒီကရလာတဲ့ သူငယ်ချင်းတချို့နဲ့ ဘားအံမြို့နဲ့ အခြားနယ်တချို့မှာ လူမှုရေးလုပ်ငန်းတွေ အတူတူပါဝင်နိုင်ခဲ့ကြပါတယ်။ ရေဘေး အလှူငွေရှာတာတို့၊ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အသိပညာ ပေးတာတို့၊ လူမှုရေးအခမ်းအနားတွေ စတဲ့အစီအစဉ်တွေမှာ အသံအားဖြင့် ပါဝင်ကူညီခဲ့ကြပါတယ်။ နောင်လည်း အခွင့်အရေးရှိတိုင်း လုပ်နေဦးမှာပါပဲ။

**ရှာလုမ်** ။ ။ဆရာရဲ့မိသားစုလေးနဲ့ မိတ်ဆက်ပေးပါဦး။

**ကညောစေး** ။ ။ကျွန်တော့် မိဘတွေကတော့ သံတောင် (၁၃မိုင်)မှာပဲ လက်ရှိနေနေကြပါတယ်။ နောက်ပြီး အစ်ကိုတစ် ယောက်၊ ညီမလေးတစ်ယောက်ရှိပါတယ်။ ကျွန်တော့ရဲ့ ကိုယ်ပိုင်







မိသားစုအနေနဲ့ကတော့ ဇနီးနဲ့သားလေးတစ်ယောက်ရှိပါတယ်။ ကျွန်တော့်ချစ်ဇနီးကတော့ နော်အေးအေးပါ။ ဘားအံသာသနာပိုင်ရုံး ဝန်ထမ်းတစ်ဦးဖြစ်ပါတယ်။ ကွန်ပျူတာ ဆရာမလည်း လုပ်ပါတယ်။ ကျွန်တော့် သားလေးကတော့ စောဂျပ်စတင်ဂျွန်ဖြစ်ပါတယ်။ JJ လို့ ချစ်စနိုးခေါ်ပါတယ်။

**ရှာလုမ်** ။ ။အခုလို ဆရာ့အကြောင်းတွေကို သိရတဲ့အတွက် ကျွန်တော်တို့ ရှာလုမ်အနေနဲ့ အရမ်းပဲ ခွန်အားရပါတယ်။ နောက်ဆုံးအနေနဲ့ ဆရာ့ရဲ့ အသင်းတော်အပေါ်မှာ ထားရှိတဲ့ရူပါရုံလေးများရှိခဲ့ရင် ပြောပြပေးနိုင်မလား။


**ကညောစေး** ။ ။အသင်းတော်အပေါ်မှာထားရှိတဲ့ရူပါရုံလို့ ပြောရမှာကတော့ ကျွန်တော့်အတွက် အရမ်းကို ကြီးကျယ်လွန်းပါတယ်။ ကျွန်တော့်ကိုယ်ပိုင်ခံယူချက်ကတော့ ထာဝရဘုရားကို ယုံကြည်တယ်။ ကိုးကွယ်တယ်။ ချစ်တယ်ဆိုရင် ထာဝရဘုရား ရဲ့ အသင်းတော်နဲ့ ကျွန်တော်တို့ ဘယ်လိုမှ ကင်းကွာသွားလို့မရနိုင်ပါဘူး။ လူမျက်နှာကိုမကြည့်၊ ဘုရားမျက်နှာကိုပဲကြည့်ပြီး အသင်းတော်၊ သာသနာတော်တိုး တက်ရှင်သန်ရေးနဲ့အတူ လူအများရှေ့၊ ကိုယ်ရှိနေတဲ့အရပ်၊ ကိုယ်လုပ်ဆောင်နေရတဲ့ အလုပ်မှာ မိမိအားဖြင့် ဘုရားရှင်ရဲ့ အလင်းကိုဖော်ဆောင်နိုင်ဖို့ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသလောက် ဆက်ကပ်ပါဝင်သွား နိုင်ဖို့ကိုပဲ ကျွန်တော် မျှော်မှန်းထားပါတယ်။ ဒီလောက်ပါပဲ။

**ရှာလုမ်** ။ ။ဟုတ်ကဲ့ပါ။ နောက်ဆုံးအနေနဲ့ ရှာလုမ်ပရိသတ်ကို ဘာများပြောချင်ပါသေးလဲဆရာ။

**ကညောစေး** ။ ။ မထိုက်တန်ပေမယ့်လည်း ဘုရားရဲ့အမှုတော်အတွက် ပါဝင်ဆက်ကပ်ခွင့်နေရတဲ့ ကျွန်တော့်ရဲ့အကြောင်း အနည်းငယ်ကို ယခုလိုဖြေကြားခွင့်ရတဲ့အတွက် ရှာလုမ်စာတည်းအဖွဲ့ဝင်များနဲ့ ရှာလုမ်ပရိတ်သတ်များအားလုံးကို အထူးပဲကျေးဇူးတင်ပါတယ်။ ဘုရားရဲ့အမှုတော်ကို မနေ့ကထက်ပိုပြီး ဆက်ကပ်ပါဝင်နိုင်ကြပါစေလို့ ဆုတောင်းပေးပါတယ်။

**ရှာလုမ်** ။ ။အခုလို အချိန်ပေးပြီး ဖြေပေးတဲ့ဆရာ့ကို ကျေးဇူးအများကြီးတင်ပါတယ်။ ဆရာနဲ့ဆရာ့မိသားစုအပေါ် ဘုရားရှင်သာ၍ ကောင်းချီးပေးပါစေလို့ဆုတောင်းပေးပါတယ်ဆရာ။

**ကညောစေး**။ ။ကျွန်တော်လည်း အထူးပဲ ကျေးဇူးတင်ပါတယ်ခင်ဗျာ။ ❐



# ပေးကမ်းလှူဒါန်းခြင်းကို စိုက်ပျိုးရိတ်သိမ်းခြင်းပြုသကဲ့သို့ ကျင့်သုံးခြင်း

ဆရာကြီး ဒေါက်တာဦးအောင်လှထွန်း

### ၁။ ပေးကမ်းလှူဒါန်းခြင်းနှင့် ချစ်ခြင်းမေတ္တာ

ပေးကမ်းလှူဒါန်းခြင်းသည် ဘုရားသခင်ထံမှ ရရှိသောဆုကျေးဇူးများကို မိမိတစ်ဦးတည်း
မခံစားဘဲ ပေးသင့်ပေး ထိုက်သူ၊ ကူညီမစသင့်သူတို့နှင့် ဝေငှခံစားခြင်းပင်ဖြစ်သည်။ လူတစ်ဦး၌
ရှိနေသောပေးကမ်းလှူဒါန်းလိုစိတ်သည် ချစ်ခြင်းမေတ္တာ၌ပင် အခြေခံထားကြသည် (၁ယော ၄း၈)။
သခင်ခရစ်တော်မိန့်မှာခဲ့သည်အတိုင်း သူတစ်ပါးကို ကိုယ်နှင့် အမျှ ချစ်သောသူသည်၊ ချစ်ခြင်းမေတ္တာကို
ကြီးမားစွာပွားနိုင်သောသူများသည် မိမိခံစားရသောဆုကျေးဇူးများထဲမှ ရက်ရောစွာ သူတစ်ပါးအား
ပေးကမ်းလှူဒါန်းကြ၏ (မ၊ ၂၂း၃၉)။ ဤသို့ပြုခြင်း၌လည်း ဝမ်းမြောက်ရွှင်လန်းခြင်း ရှိကြ၏။
အမှန်တကယ်ပေးကမ်းလှူဒါန်းလိုသူများသည် ငြီးငြူခြင်း၊ အနစ်နာခံခြင်း၊ စွန့်လွှတ်ခြင်း၊ ဆက်
ကပ်ခြင်းတို့ကို ပြုလုပ်ကြ၏။ အနစ်နာခံခြင်းသည် ပေးကမ်းစွန့်ကြဲလိုစိတ်၏ ပြယုဂ်လက္ခဏာတစ်ခုဖြစ်ပြီး၊
ပေးကမ်းလှူဒါန်းခြင်းသည် လည်း ချစ်ခြင်းမေတ္တာနှင့် ဒွန်တွဲနေသည်။ မေတ္တာမပါဘဲ ပေးကမ်းခြင်းသည်
အချည်းနှီးဖြစ်ကြောင်းကို ရှင်ပေါလု ရှင်းလင်းစွာ ဖော်ပြထားပါသည် (၁ကော၊ ၁၃း၃၊ ၁ကော၊ ၁၃း၄-
၇)။ ထို့ကြောင့် ချစ်ခြင်းမေတ္တာကသာလျှင် စေတနာစိတ်ကို နိုးထစေပြီး၊ စေတနာစိတ်နိုးထလာပါက





လူတို့သည် ကိုယ်ကျိုးစွန့်လွှတ်၍ အနစ်နာခံကာ အမှန်တကယ်လိုအပ်သူများကို ပေးလိုသော ဆန္ဒသည်
ပေါ်လာကြ၏။ ဤသို့ စေတနာစိတ်နှင့် ပေးကမ်းသူများသည် ဘုရားသခင်ထံမှ ကောင်းချီးမင်္ဂလာခံ
ရမည့်အကြောင်း သုတ္တံဆရာက

"ပေးကမ်းသောသူသည် ကြွယ်ဝလိမ့်မည်။ သူတစ်ပါးကို ရေလောင်းသောသူသည် ကိုယ်တိုင်
ရေလောင်းခြင်း အကျိုးကို ခံရလိမ့်မည်။ (သု ၁၁း၂၅၊ ၂၂း၉)။ သူတစ်ပါးအား ပေးကမ်းကူညီနိုင်ရန်
အသက်ရှင်ခြင်းကိုပြုသော ခရစ်ယာန်တစ်ယောက်သည် စစ်မှန်သော အသက်ရှင်ခြင်းကို ပြုလုပ်
သူပင်ဖြစ်၏။ ထို့အပြင် တွန့်တိုစိတ်မရှိဘဲ ရက်ရောစွာ ပေးကမ်းတတ်ရန် သတိပြုရမည်ဖြစ်ပါသည်။

### ၂။ သုံးခြင်းနှင့်ဖြုန်းခြင်း

ဘုရားသခင်သည် လူသားတို့ကို ချစ်တော်မူသောကြောင့် လူတိုင်းပေးကမ်းလှူဒါန်းခြင်းပြုနိုင်ရန်
သူ့အတိုင်းအတာနှင့်သူ ဆုကျေးဇူးများကို ပေးထား၏။ ဘုရားသခင်ပေးထားတော်မူသော ဆုကျေးဇူးကို
စနစ်တကျသုံးသူ များသည် လိုအပ်သူများကို ပေးကမ်းလှူဒါန်းရန် ဖယ်ထားသော ငွေကြေးသည် အမြဲ
ရှိနေ၏။ ပေးကမ်းလှူဒါန်းခြင်းပြုနိုင်သည် မပြုနိုင်သည်ဆိုသောအချက်မှာ မိမိရရှိသောဆုကျေးဇူးကို
စစ်မှန်စွာအသုံးပြုသလော။ ငြီးငြူခြင်းရှိသလော။ သို့ မဟုတ် အလဟဿ စည်းကမ်းမဲ့စွာ ဖြုန်းတီး
ပစ်သလောဆိုသည့် အချက်အပေါ်တွင်လည်း မူတည်၏။

စနစ်တကျသုံးသောသူများသည် မိမိတို့ရရှိသောဆုကျေးဇူးများကို အလေအလွင့်မရှိအောင်
ထိန်းသိမ်းကြ၏။ တိုးပွားအောင်လည်း ရင်းနှီးမြှုပ်နှံကြ၏။ အမှန်တကယ်လိုအပ်သည့်အရာ၌သာ အသုံး
ပြု၏။ ရရှိသမျှကိုလည်း အချိုးခွဲဝေ ၍ ပေးသင့်ပေးထိုက်သူများကို ပေးကမ်းခြင်း၊ လှူဒါန်းခြင်းကို
ပြုကြ၏။ ဤသို့ပြုသောသူများသည် ဘုရားသခင်ထံမှ ဆထက်ထမ်းပိုး ဆုကျေးဇူးများကို ခံစားရကြ၏။

သုံးသင့်သည့်အတိုင်း မသုံးဘဲ စည်းကမ်းမဲ့စွာသုံးခြင်း၊ ပျင်းရိခြင်း၊ တိုးပွားအောင်မလုပ်ခြင်း၊
စနစ်တကျမထိန်း သိမ်းခြင်း၊ ရသည်ထက်ပိုသုံးခြင်း၊ လောင်းကစားခြင်း၊ သောက်စားပျော်ပါးခြင်းတို့သည်
ဖြုန်းတီးခြင်းပင်ဖြစ်၏။ ဤသို့ပြု သောသူများသည် ပြည့်စုံခြင်းမရှိသည့်အတွက် ချေးငှားရခြင်း၊ အကြွေး
တင်ခြင်း၊ သူတစ်ပါးကိုမှီခိုရခြင်း၊ လူပုံအလယ်တွင် မျက်နှာငယ်ရခြင်းတို့နှင့် ကြုံတွေ့ရတတ်၏။

ထို့အပြင် ကြွယ်ဝစွာ ဆုကျေးဇူးကို ခံစားရသောသူအချို့တို့သည် လှူဒါန်းပေးကမ်းသင့် သည်
တို့ကို မပေးကမ်းဘဲ အတ္တအလိုသို့လိုက်ခါ အပျော်အပါးလိုက်စားခြင်း၊ အရက်သေစာသောက်စား၍
လောင်းကစားခြင်း၊ ရုပ်ပိုင်းဆိုင်ရာ တပ်မက်မှုအမျိုးမျိုးအတွက် လွန်ကဲစွာသုံးစွဲခြင်းတို့ကို ပြုတတ်၏။
ဤသည်မှာ ဘုရားသခင်ပေးအပ်သော ဆုကျေးဇူးတို့ကို အလွဲသုံးစား၍ ဖြုန်းတီးခြင်းတစ်မျိုးဖြစ်၏။

### ၃။ ရက်ရောခြင်းနှင့် တွန့်တိုခြင်း

ရက်ရောခြင်းနှင့် တွန့်တိုခြင်းသည် လူတစ်ဦး၏ ပေးကမ်းလှူဒါန်းလိုသောစိတ်ကို အဆုံး
အဖြတ်ပေးသည့် စိတ်နေသဘောထားများဖြစ်၏။ ရက်ရောသောသူတို့သည် ပေးကမ်းလှူဒါန်းခြင်း
အမှုကိုပြုရန် အစဉ်တစိုက်ရှာကြံကြ၏။ တွန့်တိုသောသူများမူကား အလှူခံများကို ရှောင်ရှားတတ်ကြ၍

ပေးကမ်းစွန့်ကြဲခြင်းပြုရန် အလွန်ဝန်လေးလေ၏။ နှမြောကြ၏။ လူတိုင်းသည် ဘုရားသခင်ထံမှ ရရှိသောဆုကျေးဇူးများနှင့်အညီ ရက်ရောစွာ ပေးကမ်းလှူဒါန်းတတ်ရန်လို၏။ သင်၏ ဘုရားသခင်ထာဝရဘုရားသည် ကောင်းချီးပေးသည့်အတိုင်း သင်၏သိုး၊ ကောက်နယ်သလင်း၊ စပျစ်သီးနယ်ရာ ကျင်းထဲမှ ရက်ရောစွာပေးရမည် ဟု (တရား၊ ၁၅း၁၄) တွင်ဖော်ပြထားပါသည်။

မိမိဥစ္စာကို မသုံးရက် မပေးရက် တွန့်တိုသောသူများသည် လူအများ၏ မေတ္တာကို မခံရဘဲ ကျိန်ဆဲခြင်းကို ခံရ တတ်၏။ မိမိအမှန်တကယ် အကူအညီလိုသောအခါ အခက်အခဲနှင့်တွေ့သောအခါ မိမိအားကူညီမစမည့်သူများမရှိဘဲ အထီးကျန်ဖြစ်နေတတ်၏။

## ၄။ စိုက်ပျိုးရိတ်သိမ်းခြင်းနှင့်တူသည့် ပေးကမ်းလှူဒါန်းခြင်း

ပေးကမ်းလှူဒါန်းခြင်းကို စိုက်ပျိုးရိတ်သိမ်းခြင်းနှင့် ဥပမာဆောင်၍ သမ္မာကျမ်းစာထဲတွင် သွန်သင်ထားသည်ကို တွေ့ရှိနိုင်၏။ ရှင်ပေါလုက အနည်းငယ်သောမျိုးစေ့ကြဲသောသူသည် စပါးအနည်းငယ်ကိုသာ ရိတ်ရမည်။ များများကြဲ သောသူသည် များစွာရိတ်ရလိမ့်မည်ဟု မှတ်လော့။ လူတိုင်းကိုယ့်အလိုအလျောက် လှူရ၏။ နှမြောသောစိတ်နှင့်မလှူရ။ အကြောင်းမူကား စေတနာစိတ်နှင့် လှူသောသူကိုသာ ဘုရားသခင်သည် နှစ်သက်တော်မူ၏(၂ကော၊ ၉း၆-၇)။ မည်သူ မဆို စိုက်သည့်အတိုင်း ရိတ်သိမ်းရမည်သာ ဖြစ်၏ (ဂလာ၊ ၆း၇)။

မိမိတို့ဆုကျေးဇူးအဖြစ် ရရှိသောငွေကြေးထဲမှ ပေးကမ်းလှူဒါန်းရန် သီးခြားအချိုးကျ ဖယ်ထားခြင်းသည် တောင်သူလယ်သမားများက နှစ်စဉ်ရိတ်သိမ်းရရှိသည့် စပါးထဲမှ နောင်နှစ်စိုက်ပျိုးရန် မျိုးစပါးကို သီးသန့်ဖယ်ထားသည့်နှင့်တူ ၏။ ထိုသို့မပြုဘဲ အားလုံးကို စားသုံးပစ်ပါက နောင်နှစ်တွင် စိုက်ပျိုးရိတ်သိမ်းရန် ရှိမည်မဟုတ်တော့ပေ။

ဤသို့အချိုးကျ ဖယ်ထားသော ငွေကြေးကို ဘုရားသခင်ထံပြန်၍ဆက်ကပ်ခြင်း၊ ပေးသင့်ပေးထိုက်၊ ကူညီသင့် ကူညီထိုက်သူကို ပေးကမ်းလှူဒါန်းခြင်းသည် ကောင်းသောမြေ၌ စိုက်ပျိုးခြင်းနှင့်တူ၏။ ထိုသို့ပေးကမ်းလှူဒါန်းခြင်းအား ဖြင့် ဘုရားသခင်ထံမှ အသွင်အမျိုးမျိုးနှင့် ကျေးဇူးတော်နှင့် ကောင်းချီးမင်္ဂလာတို့ကို ဆထက်ထမ်းပိုး ခံစားရခြင်းသည် အချိန်တန်သည့်အခါ၌ ကြွယ်ဝသော ရိတ်သိမ်းခြင်းကို ပြုရသည်နှင့်တူ၏။

ထို့ကြောင့် ကြွယ်ဝသောရိတ်သိမ်းခြင်းကို ပြုနိုင်ရန်အတွက် မျိုးစေ့သည်လည်း အရေးကြီး၏။ စိုက်ပျိုးပုံ၊ စိုက်ပျိုး နည်းနှင့် မြေသည်လည်း အရေးကြီး၏။ ရိတ်သိမ်းရမည့်အချိန်တွင် ရိတ်သိမ်း၍ရရှိသည့် စပါးသီးနှံကို မည်ကဲ့သို့ ခွဲဝေ အသုံးပြုပုံသည်လည်း အရေးကြီး၏။ ထို့ကြောင့် ခရစ်ယာန်တိုင်းသည် ပေးကမ်းလှူဒါန်းရာတွင် စိုက်ပျိုးရိတ်သိမ်းခြင်း၏ သဘောကို နားလည်သဘောပေါက်ရန်လို၏။

## ၅။ မျိုးစေ့

စိုက်ပျိုးခြင်းပြုရာတွင် အပင်သန်၍ အထွက်ကောင်းရန် မျိုးစေ့သည် အရေးကြီး၏။ မျိုးစေ့သည် သန့်ရမည်။ အောင်ရမည်။ ပိုးနှင့်ကင်းစင်ရမည်ဖြစ်၏။ ထိုနည်းတူစွာ ကျွန်ုပ်တို့သည် ဘုရားသခင်





ထံဆက်ကပ်သော သူတစ်ပါးကို ပေးကမ်းလှူဒါန်းရန် အချိုးကျဖယ်ထားသောငွေကြေးဥစ္စာသည် သန့်ရှင်းရမည်။ သမ္မာအာဇီဝကျကျ ရရှိသည့်ငွေဖြစ်ရ မည်။ အဦးအဖျားအချိုးကျ ဖယ်ထားသည့်ငွေလည်းဖြစ်ရမည်။

သစ်စေ့၏သဘောသည် မြေသို့ ကျပြီး ပျက်ခြင်းသို့မရောက်မချင်း အပင်ပေါက်၊ အသီးသီးခြင်း မဖြစ်နိုင်ပေ။ ထိုနည်းတူစွာ ငွေကြေးဥစ္စာသည်လည်း ရင်းနှီးမြှုပ်နှံခြင်း၊ ပေးကမ်းလှူဒါန်းခြင်းမပြုပါက တိုးပွားလာမည်မဟုတ်ပေ။ ထို့ကြောင့် သခင်ယေရှုက **"ငါအမှန်ဆိုသည်ကား မြေ၌ကျသော စပါးစေ့သည် မပျက်လျှင် တစ်ခုတည်းတည်၏။ ပျက်လျှင်မူကား များစွာသောအသီးကို သီးတတ်၏** (ယော၊ ၁၂း၂၄) ဟူ၍မိန့်မှာခဲ့၏။

## ၆။ စိုက်ပျိုးခြင်းနှင့် စိုက်ပျိုးသူ

ပေးကမ်းလှူဒါန်းခြင်းအားဖြင့် ဆထက်ထမ်းပိုး ကောင်းချီးမင်္ဂလာများကို ရရှိခံစားရရန်အတွက် ဘုရားသခင်ထံ လုံးဝဆက်ကပ်အပ်နှံခြင်းရှိရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် တိုးပွားခြင်း ဆုကျေးဇူးသည် ဘုရားသခင်ကသာ ပေးနိုင်သောကြောင့်ဖြစ်၏။ ငါသည် စိုက်ပျိုးသောသူဖြစ်၏။ အာပေါလုသည် ရေလောင်းသောသူဖြစ်၏။ ကြီးပွားစေတော်မူသောသူကား ဘုရားသခင်ပေတည်း။ စိုက်ပျိုးသူလည်း မတတ်နိုင်၊ ရေလောင်းသူလည်းမတတ်နိုင်၊ ကြီးပွားစေ တော်မူသော ဘုရားသခင်သာ တတ်နိုင်တော်မူ၏။ သို့သော် စိုက်ပျိုးသူနှင့် ရေလောင်းသောသူသည် တစ်လုံးတစ်ဝ တည်းဖြစ်၍ အသီးသီး မိမိလုပ်သည့်အတိုင်း အကျိုးရလိမ့်မည် (၁ကော၊ ၃း၆-၈)။

## ၇။ ရိတ်သိမ်းခြင်း

စနစ်တကျစိုက်ပျိုးသူများသည် အချိန်တန်လာသောအခါ ကြွယ်ဝသော ရိတ်သိမ်းခြင်းကို ပြုရသကဲ့သို့ စနစ်တကျ ပေးကမ်းလှူဒါန်းသူများသည်လည်း အသက်တာတွင် သူ့အချိန်နှင့်သူ ဘုရားသခင်ထံမှ ဆုကျေးဇူးများကို အသွင်အမျိုးမျိုးဖြင့် ခံစားကြရ၏။ ဆုကျေးဇူးကို ခံစားရသောအခါ ရှင်ယောဟန်ဧဝံဂေလိကျမ်းတွင် ဖော်ပြထားသည့် အတိုင်း **"မျိုးစေ့ကြဲသောသူနှင့် စပါးရိတ်သိမ်းသောသူတို့သည် အတူးဝမ်းမြောက်ခြင်း ဖြစ်ကြ၏"**(ယော၊ ၄း၃၆)။


ဤသို့ ကြွယ်ဝသော ရိတ်သိမ်းခြင်းကိုပြုရပါက အသီးဦးကို ဘုရားသခင်အတွက် ဖယ်ပြီး၊ ထိုက်တန်စွာ ပြန်ပြီး ဦးစွာပထမဆက်ကပ်ပူဇော်ပါက အသက်တာတစ်လျှောက်တွင် ဆထက်ထမ်းပိုးတိုး၍ ကျေးဇူးတော်ကို ခံစားရကြမည် ဖြစ်၏ (သု၊ ၃း၉-၁၀)။

## ၈။ ပေးကမ်းလှူဒါန်းခြင်းနှင့် ခရစ်ယာန်အသက်တာ

ခရစ်ယာန်တိုင်းသည် မိမိတို့ခံစားရရှိသည့် ဆုကျေးဇူးနှင့်အညီ တွန့်တိုခြင်းမရှိဘဲ၊ မှန်ကန်စွာအသုံးပြု၍ ရက်ရောစွာပေးကမ်းလှူဒါန်းတတ်ရမည်။ အဦးအဖျားပြန်၍ ဆက်ကပ်ပူဇော်ခြင်း၊ ဆင်းရဲနွမ်းပါးသော၊ အတိဒုက္ခရောက် နေသော၊ ခိုကိုးရာမဲ့ဖြစ်နေသော သူတို့ကို ပေးရမည်။ ထိုသို့ပြုပါက

ဘုရားသခင်ထံမှ ဆုကျေးဇူးကို ပြန်ရမည့်အကြောင်း သခင်ယေရှုက **"သူတစ်ပါးအားပေးကြလော့။ ပေးလျှင် သူတစ်ပါးသည် သင်တို့အား ပေးကြလိမ့်မည်။ အမှန်ခြင် ရှံ့မျှမက သိပ်နှိပ်လျက်၊ လှုပ်လျက်၊ လျှံလျက်ရှိခြင်းနှင့် သင်တို့ရင်ခွင်၌ ပေးကြလိမ့်မည်။ အကြောင်းမူကား အကြင်ချိန် တင်းပမာဏနှင့် သင်တို့သည် သူတစ်ပါးအားပေး၏။ ထိုပမာဏအတိုင်း ကိုယ်ခံရကြမည်"** (လုကာ၊ ၆း၃၈) ဟု မိန့်ဆိုခဲ့၏။


ပေးကမ်းလှူဒါန်းခြင်းဖြင့်သာမက လုပ်လေရာရာတွင် ကောင်းသောအကျင့်ဖြင့် ကောင်းသော အလုပ်ကို စေတနာသန့်သန့်ဖြင့် ပြုလုပ်ပြီး အများအကျိုးနှင့် ဘုရားသခင်၏ ဘုန်းတော်ထင်ရှားခြင်း အလို့ငှာ ရှေ့ရှုလုပ်ဆောင်ပါက အချိန်တန်လျှင် ကြွယ်ဝစွာ ရိတ်သိမ်းခြင်းပြုရမည့်အကြောင်းကိုလည်း ဂလာတိဩဝါဒစာတွင် - - **"ငါတို့သည် အားမလျှော့ဘဲ၊ စိတ်မပျက်ဘဲ ကောင်းသော အကျင့်ကို ကျင့်ကြကုန်အံ့။ ထို့သို့တည်ကြည်၍ ကျင့်လျှင် အချိန်တန်သောကာလ၌ ကြွယ်ဝစွာ ရိတ်သိမ်းခြင်းကို ပြုရလိမ့်မည်"**(ဂလာ၊ ၆း၉) ဟု ဖော်ပြထား၏။ သစ္စာရှိသော ခရစ်ယာန်တိုင်း အနာဂါတ်ကာလတွင် ကြွယ်ဝသော ရိတ်သိမ်းခြင်းပြုနိုင်ရန် ယနေ့ပင် စိုက်ပျိုးခြင်းကို ပြုကြရမည်ဖြစ်သည်။ ❐







# ပေးစာ



သို့

ဓမ္မအမှုတော်ဆောင်လောင်းများသို့ ........

မောင်ငယ်၊ ညီမငယ်တို့ရေ....

ဒီစာကိုရေးတဲ့အချိန်မှာ အစ်မလည်း မင်းတို့လိုပဲ ဓမ္မပညာရပ်တွေသင်ယူနေတဲ့ ကျောင်းသူတစ်ယောက်ပါပဲ။ ဘာလို့ဒီစာကိုရေးလဲဆိုတော့၊ အဝေးရောက်နေတဲ့မင်းတို့ရဲ့အစ်ကိုကြီး၊ အစ်မကြီးတွေရဲ့ အတွေ့အကြုံ တစ်စိတ်တစ်ပိုင်းကို ခံစားသိစေဖို့ပါ။

အစ်မတို့လည်း မင်းတို့အရွယ်တုန်းက၊ ကိုယ်ရှေ့ကနောင်တော်ကြီးတွေ ဘယ်လိုရင်ဆိုင် ခံစားရခဲ့သလဲဆိုတာကို မသိခဲ့ဘူး။ ကိုယ်တိုင်သူတို့နေရာ ရောက်လာမှ ကိုယ်ချင်းစာခံစားတတ်ခဲ့ရတယ်။ မင်းတို့လေးတွေ ကျောင်းတော်ကြီးကိုရောက်လာပြီး၊ တစ်ခါတစ်လေ ကိုယ်မျှော်လင့်ထားသလိုမျိုး မဟုတ်တဲ့အခါမှာ စိတ်ဓာတ်ကျတာ၊ အားမရတာတွေကြုံဖူးမှာပဲ။ ကိုယ်တစ်ယောက်ထဲပဲ အခက်အခဲတွေ၊ ဒုက္ခတွေကြုံနေပါလားဆိုပြီး စိတ်ပျက်မိမှာပဲ။ အဲဒီလိုအချိန်မျိုးကြုံရင်၊ နေရာတစ်နေရာစီမှာ ရောက်နေတဲ့မင်တို့ရဲ့အစ်မကြီး၊ အစ်ကိုကြီးတွေကလည်း မင်းတို့လိုပဲ တွေ့ကြုံခံစားနေရတယ်ဆိုတာ သိစေချင်ပါတယ်။

နေ့တိုင်း အသားဟင်း၊ ငါးဟင်းတွေ ဖွယ်ဖွယ်ရာရာရှိပေမယ့် အေးစက်တဲ့ထမင်းဝိုင်းမှာ တိတ်တဆိတ်စားရင်း မေတ္တာပါတဲ့ပဲဟင်းခွက်ကို အလုအယက် ပျော်ပျော်ပါးပါးစားခဲ့ရတဲ့ အချိန်ကို ပြန်တမ်းတမိတာ ခဏခဏပဲဆိုတာကို မင်းတို့သိရင် ရယ်မလား။

မင်းတို့လေးတွေ ခရစ်စမတ်အတွက် တက်တက်ကြွကြွပြင်ဆင်နေတာတွေ၊ ကယ်ရယ်သီချင်း
ဆိုနေတာတွေ မြင်ရတိုင်း စီးပွားရေးဆန်တဲ့ခရစ်စမတ်အကြိုနေ့တွေကို ဖြတ်သန်းရင်း၊ ခရစ်စမတ်နေ့မှာ
ဘုရားကျောင်းကို ဝတ်ပြုရုံသွား၊ ပြန်လာပြီး အေးစက်စက်အခန်းထဲမှာ အထီးကျန်တဲ့ခရစ်စမတ်အချိန်ကို
တစ်ယောက်ထဲမျက်ရည်ကျပြီး ကျော်ဖြတ်ရတယ်ဆိုတာ မင်းတို့သိရင် ဝမ်းနည်းမလား။

မင်းတို့လေးတွေ ကျောင်းဝင်းထဲမှာ ပျော်ပျော်ရွှင်ရွှင်လုပ်အားပေးတာတွေ၊ အသင်းတော်တွေမှာ
အားကြိုးမာန် တက်ပါဝင်နေတဲ့ပုံတွေကို တွေ့ရတိုင်း၊ ဝမ်းသာပီတိဖြစ်ပြီး မင်းတို့အတွက် အဝေးကနေ
ဂုဏ်ယူနေတယ်ဆိုတာသိရင် မင်းတို့ ယုံနိုင်မလား။

အစ်မရဲ့တစ်ခုသောမွေးနေ့မှာ ည(၁၂) နာရီထိစောင့်ပြီး အစ်မအတွက် မွေးနေ့ကိတ်နဲ့နူတ်
ဆက်ပေးကြတာကို မွေးနေ့ရောက်တိုင်း တမ်းတမိတယ်ဆိုတာ၊ မင်းတို့သိနိုင်မလား။

မင်းတို့လေးတွေ ကျောင်းဝန်းထဲက ဆရာ၊ ဆရာမတွေအိမ်ကို တစ်အိမ်မဟုတ်တစ်အိမ်
အချိန်မရွေးသွားလို့ရတဲ့အချိန်မှာ ခုအချိန်ထိ ကျောင်းကဆရာလေး၊ ငါးဦးရဲ့အိမ်ကိုပဲရောက်ဖူးသေး
တယ်လို့ပြောရင် မင်းတို့ယုံပါ့မလား။

မင်းတို့လေးတွေ နေမကောင်းဖြစ်တဲ့အချိန်မှာ၊ ဆေးတိုက်မယ့်သူငယ်ချင်း၊ ဆေးခန်းပို့ပေးမယ့်
ကျန်းမာရေးမှူးရှိ နေပေမယ့်၊ ဆေးခန်းသွားဖို့ စရိတ်ကြီးလို့ ဆုတွေတောင်းပြီး ကိုယ်ပါလာတဲ့ဆေးလေး
တွေသောက်ပြီး ရမ်းကုလုပ်ရလို့နေမကောင်းဖြစ်မှာကို သေမလောက်ကြောက်နေရတယ်ဆိုတာ မင်းတို့
သိနိုင်မလား။

စာတမ်းရေးရင်း၊ ခက်ခဲလို့စိတ်ပျက်လာတဲ့အချိန်မှာ ဆက်မရေးဘဲ ဒီအတိုင်းထားပြီး အိမ်ပြန်
လိုက်ချင်တဲ့ စိတ်ကူးတွေ ပေါ်တိုင်း၊ မင်းတို့လေးတွေရဲ့မျက်နှာ၊ အလှူရှင်တွေရဲ့ကျေးဇူးတွေကို ပြန်မြင်
ယောင်ပြီး ပြန်မယ်ဆိုတဲ့စိတ်ကူးကို အမှိုက်ပုံးထဲ ထည့်လိုက်ရတာလည်း အကြိမ်ကြိမ်ပဲဆိုတာ မင်းတို့
သိနိုင်မလား။

မင်းတို့လေးတွေ စာခက်တယ်လို့ညည်းညူနေတဲ့အချိန်မှာ၊ အင်္ဂလိပ်စာဟာ ကိုယ့်ရဲ့မိခင်ဘာသာ
စကားဖြစ်ရင် ဘယ်လောက်ကောင်းလိမ့်မလဲဆိုပြီး စိတ်ကူးယဉ်မိတာလည်း အကြိမ်ကြိမ်ပဲဆိုတာ မင်း
တို့သိနိုင်မလား။

မင်းတို့လေးတွေရဲ့နေရပ်မှာရှိတဲ့မိသားစုဝင်တွေ အကြောင်းကြီးငယ်ပေါ်တဲ့အချိန်၊ တစ်နိုင်ငံထဲ
မှာမို့ အချိန်မရွေး ပြန်လို့ရတဲ့အချိန်မှာ ခရီးစရိတ်မတတ်နိုင်လို့ ကိုယ့်နိုင်ငံမှာရှိတဲ့ ကိုယ့်ရဲ့ချစ်ရခင်ရသူ
တွေ ဘာမှမဖြစ်ပါစေနဲ့လို့ နေ့တိုင်း ဆုတောင်းနေခဲ့တဲ့ကြားက ချစ်ခင်ရသူတစ်ချို့ ခွဲခွာသွားပြီဆိုတဲ့
သတင်းကြားတိုင်း၊ အဝေးကနေပြီး အားမလိုအားမရ ဝမ်းနည်းရတယ်ဆိုတာ မင်းတို့သိရင် နားလည်
မလား။

ကိုယ်အကူအညီလိုရင် ကူညီကြမယ့်သူငယ်ချင်းတွေရှိပေမယ့်၊ သူတို့လည်း သူတို့အပူအပင်နဲ့
သူတို့မို့ တစ်ခြားသူကို ဒုက္ခမပေးချင်တာနဲ့ပဲ ကိုယ်တစ်ယောက်ထဲ ကြိတ်ပြီးဖြေရှင်းရတဲ့ကိစ္စတွေ အများ
ကြီးရှိခဲ့တယ်ဆိုတာ မင်းတို့သိရင် လက်ခံနိုင်မလား။

မင်းတို့လေးတွေကို ဖခင်ကြီးတစ်ယောက်လိုကာကွယ်စောင့်ရှောက်ပေးနေတဲ့ ကျောင်းအုပ်





ဆရာကြီးနှင့် ဦးလေး၊အဒေါ်၊အစ်ကို၊အစ်မတွေလို ဝိုင်းဝန်းစောင့်ရှောက်နေတဲ့ဆရာ၊ဆရာမတွေကြား
မင်းတို့အပူအပင်ကင်းကင်း နေနိုင်တဲ့အချိန်မှာ၊ မင်းတို့နဲ့အဝေးကြီးမှာ ရောက်နေတဲ့မင်းတို့ရဲ့အစ်ကိုကြီး၊
အစ်မကြီးတွေက သူစိမ်းတွေကြားထဲ အထီးကျန်စွာနဲ့ နေ့ရက်တွေကို ကျော်ဖြတ်နေရတယ်ဆိုတာ
မင်းတို့သိရင် ကိုယ်ချင်းစာပေးနိုင်မလား။

မင်းတို့လေးတွေ မြန်မာစကားကို အားပါးတရပြောနေကြတဲ့အချိန်မှာ ကိုယ်မကျွမ်းကျင်တဲ့
ဘာသာစကားကို ကြိုးစား ပြောပေမယ့် တစ်ခါတစ်လေ ကိုယ်ပြောချင်တာကတစ်မျိုး တစ်ဖက်လူနား
လည်တာတစ်မျိုးဖြစ်သွားရတဲ့အချိန်တွေ ကြုံတိုင်း မြန်မာစကားသာ နိုင်ငံတကာစကားဖြစ်ရင်
သိပ်ကောင်းမှာဆိုတဲ့ ခပ်ကြောင်ကြောင်အတွေးမျိုးတွေ ဝင်မိတယ်ဆို မင်းတို့ ဟားမလား။

အေးစက်တဲ့အပြုံးတွေမြင်တိုင်း မင်းတို့ကိုယ်တိုင်တောင် သတိမထားမိတဲ့ မင်းတို့လေးတွေရဲ့
နွေးထွေးဖြူစင်တဲ့ အပြုံးလေးတွေက အစ်မတို့အတွက်အားဆေးတစ်ခွက်လို့ ပြောရင် ပိုတယ်လို့ထင်
မလား။

မကြာခဏအိမ်ပြန်လာချင်ပေမယ့်ခရီးစရိတ်များလို့ မင်းတို့ရဲ့တစ်နှစ်စာကျောင်းပိတ်ရက်မှာ အိမ်ပြန်လာ
နဲ့ညီတဲ့ လေယာဉ်စရိတ်ကို ခြစ်ကုပ်စုပြီး နှမြောတသစွာနဲ့ တစ်ခုသောကျောင်းပိတ်ရက်မှာ အိမ်ပြန်လာ
ဖို့ကြိုးစားရတာဟာ နောက်ထပ်တစ်နှစ်ကို သူများနိုင်ငံမှာ နေနိုင်ဖို့ မင်းတို့လေးတွေရဲ့ အပြုံးတွေ၊
ဆုတောင်းလေးတွေကို အားဆေးအဖြစ် ပြန်လာယူတယ်ဆိုတာ မင်းတို့သိရင် ဖြုန်းတီးတယ်လို့ထင်မလား။

မင်းတို့နဲ့ပတ်သက်တဲ့ ပျော်စရာမကောင်းတဲ့ သတင်းတစ်ခုခုကိုကြားတိုင်း အဝေးကနေ စိတ်မ
ကောင်းဖြစ်ရတယ်ဆို တာကို မင်းတို့လေးတွေ သိနိုင်မလား။

သက်တူရွယ်တူတွေ မိဘကို လုပ်ကျွေးနေတဲ့အချိန်မှာ ကျောင်းတက်နေတုန်းပဲလားလို့မေးရင်
အဖြေကတစ်ခုပဲ ရှိတယ်။ “ ကျောင်းတော်ကြီးနဲ့အသင်းတော်အတွက်လို့ပြောရင် ကြီးကျယ်တယ်လို့
ထင်မလား။”

မင်းတို့လေးတွေကို ချစ်လို့ (မင်းတို့ကလဲ ချစ်မယ်ထင်ပါတယ် )၊ ကျောင်းတော်ကြီးကို ချစ်လို့
ရခြားမြေခြားမှာ ပညာကို ကြိုးစားရှန်းကန်သင်ယူနေတဲ့ မင်းတို့ရဲ့အစ်ကိုကြီး၊ အစ်မကြီးတွေကို
မင်းတို့လေးတွေ စောင့်မျှော်နေသလို၊ မင်းတို့ကို ချစ်တဲ့သက်ဆိုင်ရာအသင်းသူ၊ အသင်းသားတွေလည်း
မင်းတို့ကို အားကိုးတစ်ကြီး မျှော်လင့်စောင့်မျှော်နေကြတာမို့ ၊ ကြိုးစား လိုက်ကြပါ မောင်ငယ်၊ ညီမငယ်
တို့။

တို့တွေအားလုံးဟာ ပန်းတိုင်တစ်ခုအတွက် တစ်ခရီးတည်း သွားနေတဲ့လုပ်ဖော်ဆောင်ဖက်
တွေမို့ အခက်အခဲတွေ ကြုံတိုင်း၊ ဝမ်းနည်းစရာတွေကြုံတိုင်း၊ ပျော်စရာတွေတွေ့တိုင်း၊ မင်းတို့လေးနဲ့အတူ
အဝေးရောက်အစ်ကိုကြီး၊ အစ်မကြီး တွေလည်းပဲ တွေ့ကြုံခံစားနေရတယ်ဆိုတာကို မျှဝေခံစားပြီး
ခွန်အားယူနိုင်ကြပါစေ။

အဝေးရောက် အစ်မတစ်ဦး



# ခရစ်ယာန်လူငယ်များတို့ ယေရှုကားတိုင်နောက်သို့ စစ်ချီတက်ကြလော့

ဒေါ်စည်စည်လျာဘိုးကဲ

ခရစ်ယာန်လူငယ်ဆိုတာ ခရစ်တော်၏စိတ်ဓာတ်၊ ခရစ်တော်၏လုပ်ငန်း၊ ခရစ်တော်ရဲ့ အသက်တာကို သက်သေခံခြင်း လုပ်ရပ်ကို ပြုမူဆောင်ရွက်လျက် ပုံသက်သေပြရတာဖြစ်တယ်။

လူ၏အမှုကိုသာဆောင်သကဲ့သို့မဟုတ်၊ သခင်ဘုရား၏ အမှုတော်ကိုဆောင်ရွက်သကဲ့သို့ ပြုလေသမျှတို့၌ စေတနာစိတ်နှင့်ပြုကြလော့။ (ကောလောသဲ ၃း၂၃)

ခရစ်ယာန်လူငယ်တစ်ဦးရဲ့ အသက်တာဟာ ခရောင်းတောကို ဖြတ်ကျော်ရစမြဲပါ။ ပတ်ဝန်းကျင်၏ စိန်ခေါ်မှုကို ရင်ဆိုင်ရမယ်။ ပြဿနာပေါင်းစုံကို ရင်ဆိုင်ရမယ်။

လူရှိရင် ပြဿနာဆိုတာရှိပါတယ်။ ပြဿနာရှိလျှင် အဖြေရှိပါတယ်။ ဖြေရှင်းပုံဖြေရှင်းနည်းလမ်းပဲလိုတာပါ။ ဘုရား သခင်သည် ပြဿနာကို အသုံးပြုပြီး လူ့ဘဝတိုးတက်ရေးအတွက် ဆောင်ရွက်နေပါသည်။

(က) ဘုရားသခင်သည် ပြဿနာကို အသုံးပြုပြီး သင့်ကိုလမ်းပြသည်။ သင့်ကို လှုပ်ရှားမှုပြုရန် မီးနှင့်ထိုးတတ်သည်။ ပြဿနာသည် အခြေအနေသစ်တစ်ရပ်ကို ဦးတည်ပြီး ပြောင်းလဲဖြစ်ပေါ်မှုကို ဖြစ်ပေါ်စေသည်။ ယနေ့မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်၏ ရုပ်ပုံပန်းတိုင်ကိုကြည့်ပါ။ အလိုတော်ပြည့်စုံစေဖို့ ရည်မှန်းချက်ပန်းတိုင်ကို ခိုင်ခိုင်စိုက်နေပြီး ကိုယ်ပိုင်ရပ်တည်နိုင်ရမည်။





ဝိညာဉ်ဖွံ့ဖြိုးရေးကို အလေးထားကာ ခေါင်းဆောင်များကို မြှင့်တင်ဖော်ထုတ်နေပြီး ရောက်ရာ အရပ်မှာ ဘုရားသခင်၏နိုင်ငံတော်ကို ကျယ်ပြန့်စေရန် သာသနာပြုရမယ့်တာဝန်ကို အသင်းတော်၏ တည်ဆောက်ပုံအရ အလျားလိုက်ရော ဒေါင်လိုက်ပါ ဆောင်ရွက်ရန် စတင်တာထွက်ကြပါစို့။

သင်မည်မျှခံနိုင်ရည်ရှိပါသလဲ။ ဓားတောင်ကိုကျော်ဖြတ်ရဲလား၊ မီးပင်လယ်ကောလက်ပစ်ကူးဖူးပြီလား။ ဘဝတိုက်ပွဲ နွှဲတတ်ပါစေ။

(ခ) ဘုရားသခင်သည် ပြဿနာကိုအသုံးပြုပြီး သင့်ကို စစ်ကြောတတ်သည်။ သင်၏ယုံကြည်ခြင်းကို ပြဿနာဖြင့်စမ်းပြီး အသိ ဉာဏ်တွေပေးခဲ့သည်။ (ယာကုပ် ၁း၂-၃)

(ဂ) ဘုရားသခင်သည် ပြဿနာကိုအသုံးပြုပြီး သင့်ကို ပြုပြင်တတ်သည်။ ဘဝသင်ခန်းစာများသည် နာကျင်ခြင်း၊ ဆုံးရှုံးခြင်း များမှ တန်ဖိုးကို နားလည်ပြီး ဘဝကိုပြုပြင်တတ်သည်။ (သုတ္တံကျမ်း ၃း၁၁-၁၂)

ခံစားချက်နောက်မလိုက်နဲ့၊ ခံနိုင်ရည်ရှိအောင် ကြိုးစားခွင့်လွှတ်တတ်ပါစေ။ ဘဝမှာလဲကျတာ ရှက်စရာမဟုတ်၊ ပြန်မထတာမှ ရှက်စရာပါ။

(ဃ) ဘုရားသခင်သည် ပြဿနာကိုအသုံးပြုပြီး သင့်ကိုကာကွယ်ပေး၏။ ပြဿနာဆိုတာ ပုံဖျက်ထားတဲ့ ကောင်းချီးမင်္ဂလာ ဖြစ်နေတတ်တယ်။ သမ္မာကျမ်းစာမှ ယောသပ်ကို ညီအစ်ကိုတွေက ကျွန်အဖြစ် ရောင်းစားခံရပုံကို ကြည့်ပါ။ (ကမ္ဘာ ၅၀း၂၀)

လောကကို မြင်အောင်ကြည့်ပါ။ အမှန်ကိုမြင်မှ အမြင်မှန်ဆိုတာ သတိရှိပါ။

(င) ဘုရားသခင်သည် ပြဿနာကိုအသုံးပြုပြီး သင့်ကိုပြည့်စုံစေသည်။ ဘုရားသခင်သည် သင်နေမှုပုံစံထက် ပင်ကိုယ်စရိုက်ကို ပိုပြီး သတိထားတတ်သည်။ သင်၏ပင်ကိုယ်စရိုက်နှင့်ဘုရားသခင်၏ ဆက်ဆံမှုကိုသာ အသိပေးခွင့်ရှိသည်။ ဘုရားသခင်သည် သင့်ဘဝတစ်လျှောက်လုံးမှာ ပါဝင်ပတ်သက်နေတာကို ယုံပါ။ (ရောမ ၅း၃-၄)

ဘုရားပေးတာဝန်(၆)ရပ်အနက် နောက်ဆုံးနှင့်အရေးကြီးဆုံးက ခရစ်တော်ကိုဗဟိုပြုပြီး ခရစ်တော်၏ ကျင့်စဉ်ကို မလွဲမသွေ လိုက်လျှောက်ကြသူတို့ထံ ဧကန်အမှန် စာတန်၏ နှောင့်ယှက်ဖြားယောင်းသွေးဆောင်ခြင်းကို ခံရမည်ဖြစ်ပါသည်။ သတိရှိလျက် စောင့်နေကြလော့။ သင်တို့ရန်ဘက်မာရ်နတ်သည် ဟောက်လျက်နေသော ခြင်္သေ့ကဲ့သို့ ကိုက်စားရမည့်သူကို ရှာဖွေလှည့်လည်၍ နေသဖြင့် ယုံကြည်ခြင်းတရား၌ တည်ကြည်လျက်ရပ်ခံကြလော့ဟု မိန့်တော်မူထားပါတယ်။ ဒါကြောင့် ခရစ်ယာန်လူငယ်များသည် ဘုရားသခင်၏ လက်နက်ဝတ်ရုံကို ဝတ်ဆင်ကြရပါမယ်။ ကယ်တင်ခြင်းတည်းဟူသော သံခမောက်၊ ဖြောင့်မတ်ခြင်းအဖြစ် ရင်အုပ်တန်ဆာ၊ ယုံကြည်ခြင်းလက္ခဏာအဖြစ်

ဒိုင်းလွှား၊ ဝိညာဉ်တော်၏ ဓါးအဖြစ် ဓါးပန်းကို စည်း၊ ငြိမ်သက်ခြင်း၏ ဧဝံဂေလိဖိနပ်ကိုစည်းပြီး သင့်ရန်သူစာတန်ကို အောင်နိုင်ရမည်။ ခရစ်တော်ကို ဗဟိုပြုပြီး ခရစ်တော်၏ နီတိကို လိုက်နာကျင့်သုံးကြသလို ပြည်သူတို့၏ နီတိကိုလည်း ဆောင်ရွက်ရမည့်တာဝန် ရှိနေပါတယ်။

ပြည်သူ့နီတိ၏ **"တိုင်းပြည်ရန်စွယ် အသွယ်သွယ်**
**သက်စွန့်ဆံဖျား တိုက်လှန်ကြ"** ဆိုတဲ့အပိုဒ်ကိုတော့

လူငယ်တို့ **"အစဉ်သတိ"** ဆိုတဲ့ ကင်းထောက်ဆောင်ပုဒ်အရ သမ္မာသတိနှင့် အစဉ်သိနေအောင် ကြိုးစားကြစမ်းပါ။

မိမိနိုင်ငံနှင့် လူမျိုးကို စည်းကမ်းပြည့်ဝပြီး သန့်ရှင်းတဲ့ ဥပဒေစိုးမိုးထားတဲ့ လူ့ဘောင်လောကကို တည်ဆောက်ရမဲ့ တာဝန်၊ ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်ကို လက်ဆင့်ကမ်းသယ်ဆောင်ကာ နာခံကျင့်သုံးတတ်အောင် လေ့ကျင့်ပျိုးထောင် ပေးတဲ့ တာဝန်များကို မိမိအသင်းတော်ကြီးအတွက် လုပစ္စာ ဆောင်ရွက်ရမဲ့တာဝန်ဟာ ခရစ်တော်ရဲ့ လူငယ်ခေါင်းဆောင်များ ဖြစ်ပါတယ်ဆိုတာ တစ်သက်မမေ့နဲ့နော်။

မင်းတို့ရဲ့ ဘွားစည်







သက်သေခံချက်



# ဘုရားအလိုတော် နားလည်လာတဲ့အခါဝယ်....

မေရီဒေါင်လှိုင်း

ကျွန်ုပ်တို့ယုံကြည်သူ ခရစ်ယာန်များအားလုံးတိုင်းဟာ ဘုရားသခင်နဲ့ စကားပြောဖူးကြပါတယ်။ တနည်းအားဖြင့် ဘုရားဆီမှာ ဆုတောင်းဖူးတဲ့ လူတွေပဲဖြစ်မှာပါ။ အားလုံးသိတဲ့အတိုင်းပဲ ကျွန်ုပ်တို့တွေ ဆုတောင်းလိုက်တဲ့အခါတိုင်းမှာ ဆုတောင်းတဲ့အတိုင်း ချက်ချင်းရတာရှိတယ်၊ စောင့်ရတဲ့အချိန် တွေလည်းရှိတယ်၊ လုံးဝမရတဲ့အချိန်တွေလည်းရှိပါတယ်။ အဲ့ဒီလိုအခြေအနေရှိတတ်တယ်ဆိုတာ ယုံကြည်သူတွေ အနေနဲ့လည်း သိထားပေမယ့် တစ်ခါတစ်ရံမှာ ကိုယ်ဖြစ်ချင်တဲ့အတိုင်းမဖြစ်တဲ့အခါလည်း ဘုရားသခင်ကို နားမလည်နိုင်ဘူးဖြစ်စေတတ်ကြပါတယ်။

ကျွန်ုပ်အနေနဲ့လည်း တစ်ခါတစ်လေမှာ သိလျှက်နဲ့ဘုရားကို နားမလည်နိုင်တဲ့ အခြေအနေတွေ ရှိခဲ့ပါတယ်။ ဒါပေမယ့် ကျွန်ုပ်အနေနဲ့ယုံကြည်တာက ဘုရားနဲ့အရင်ဆုံးဆုတောင်းဆက်ကပ်လုပ်လိုက်တဲ့အရာတွေအားလုံးဟာ ဘယ်လိုအခက်အခဲပဲရှိရှိ အဆုံးတိုင်ယုံကြည်ခြင်းနှင့်အောင်မြင်မှုရခဲ့တဲ့ အရာတွေကိုအများကြီးကြုံတွေ့ရဖူးပါတယ်၊ အဲ့ဒီအရာ တွေထဲကမှ တစ်ခုကို ပြန်သက်သေခံချင်ပါတယ်။

ကျမ်းစာကျောင်းကို ငယ်ငယ်တည်းက အရမ်းတက်ချင်ခဲ့ပါတယ်။ ဒါကြောင့် ကျောင်းပြီးချင်းတက်မှာဖြစ်တဲ့အတွက် အိမ်ကမိဘတွေကိုအရမ်းအားနာခဲ့တယ်။ သူတို့ခမျာငယ်ငယ်တည်းက ကျွေးမွေးစောင့်ရှောက်ပေး၊ ကျောင်းတွေထားပေး၊ မွေးကတည်းကလုပ်ပေးခဲ့သူတို့ဘက်ကချည်းပဲ မွေးကတည်းကလုပ်ပေးခဲ့... ကျမ်းစာကျောင်းတက်မယ်ဆိုရင်လည်း တာ ကျမ်းစာကျောင်းတက်မယ်ဆိုရင်လည်း ကျောင်းစရိတ်၊ စားစရိတ် စတာတွေ သူတို့ဆီမှာ ယူရအုံးမှာမို့ အရမ်းအားနာခဲ့တယ်။ အမှုဆောင်

တစ်ယောက်ဖြစ်ပြီဆိုရင် မိဘတွေကို ဘာတစ်ခုမှ ပြန်ပြီးဝိုင်းကူပေးလို့မရ၊ ပိုက်ဆံရှာပေးလို့မရဆိုပြီး အတွေးမျိုးစုံနဲ့ ကျမ်းစာကျောင်းတက်ဖို့ ခက်ခဲနေတယ်။ ဒီလိုအဖြစ်မျိုးကြုံတွေ့မယ်ဆိုတာ ဟိုးအရင်တည်းက ကြိုသိနေလို့ ကျမ်းစာကျောင်းမတက်ခင် ဘုရားဆီမှာဆုတောင်းခဲ့တယ်။ အဲ့ဒါက ကျမ်းစာကျောင်းတက်တဲ့အခါ " အိမ်ကမိဘတွေဆီက ပိုက်ဆံနဲ့မတက်ချင်ဘူး။ မိဘတွေကိုအရမ်းအားနာတယ် ဘုရားသခင်က ပြင်ဆင်ပေးပါ" ဆိုပြီး ဒီဆုတောင်းချက်ကို နှစ်နဲ့ချီပြီးယုံကြည်စွာ ဆုတောင်းခဲ့တယ်။ ကျမ်းစာကျောင်းတက်နေရင်းနဲ့ ပိုက်ဆံရှာရင်လည်း မဖြစ်နိုင်တာမို့လို့ ဘုရားနဲ့ကိုယ်နဲ့ပဲ ဆုတောင်းခဲ့ပါတယ်။

ဒီလိုနဲ့ကျမ်းစာကျောင်းတက်ဖို့ရက်ဟာ တဖြည်းဖြည်းနီးလာပေမယ့် ပိုက်ဆံလက်ထဲမှာ မရှိသေးပါဘူး။ မိဘတွေကတော့ လိုအပ်တဲ့ပိုက်ဆံကို ပေးမယ်၊ မပူပါနဲ့ဆိုပြီးပြောပေမယ့် စိတ်ထဲမှာတော့ အလိုမကျဖြစ်နေခဲ့တယ်။ မပျော်နိုင်ခဲ့ပါဘူး။ အဲ့ဒီ့ချိန်မှာစိတ်ထဲမှာစပြီး ခံစားလာရတာက ဘုရားသခင်ဟာ သူ့အလုပ်လုပ်မယ့်သူကို ဘာလို့မကူညီပေးနိုင်တာလဲ၊ အစကတည်းကသူ့ကို ဆုတောင်းထားတာကို ဘာလို့နားမညောင်းတာလဲ ဆိုပြီး မိဘတွေရဲ့ပို့ဆောင်ပေးမှု၊ အကူအညီတွေနဲ့ပဲ စိတ်ထဲမှာမသက်မသာစွာနဲ့ ရောက်လာခဲ့တယ် လို့စိတ်ထဲမှာထင်ခဲ့တယ်။။ဒီလိုနဲ့ကျောင်းတက်တာ ပထမနှစ်ပြီးသွားတယ်၊ ဘာမှ မစဉ်းစားခဲ့မိဘူး၊ အမှုမဲ့နဲ့ ပဲနေလာခဲ့တယ်။ ဒုတိယနှစ်အဆုံး တတိယနှစ်အစပိုင်းရောက်လာတဲ့အခါမှာ နည်းနည်းစဉ်းစားမိလာတယ်။ ငါကျောင်းတက်ဖို့ပိုက်ဆံလိုတာကို ဘုရားမပေးခဲ့ဘူးလို့ ငါညည်းတွားခဲ့တယ်။ ဘုရားကိုမေးခွန်းတွေများစွာနဲ့ နားမလည်နိုင်ဖြစ်ခဲ့တယ်။

ဒါပေမယ့် ငါကျောင်းရောက်ရောက်ချင်းမှာပဲ ကျောင်းစရိတ်လေးနှစ်စာအတွက် အလှူရှင်ပေါ်လာခဲ့တယ်။ ဒါတင်မကသေးဘူး မုန့်ဖိုးပေးချင်တယ်ဆိုပြီး မိသားစုဆွေမျိုးတွေ၊ သူငယ်ချင်းတွေနဲ့ အသိတွေကရော ပေးခဲ့ကြတယ်၊ သူတို့ပေးတဲ့ငွေတွေက အရမ်းများလွန်းလို့ ဒီလိုပေးနိုင်ဖို့ သူတို့ဆီမှာ ဘယ်လောက်တောင် ငွေတွေအများကြီးရှိနေလဲဆိုပြီး စဉ်းစားမိခဲ့တယ်။။ ဘာလို့လဲဆိုတော့ သူတို့ပေးတဲ့ငွေတွေက သူတို့သားသမီးတွေထက်တောင် ကိုယ်က ပိုဦးစားပေးခံနေရသလို ခံစားလာရတယ်။ သူတို့ပေးတဲ့ငွေကို လက်ခံဖို့ ကြောက်ခဲ့တယ်။ အားလည်းနာခဲ့တယ်။ သူတို့ရဲ့ပုံရိပ်တွေမှာ ပေးလိုက်ရလို့ ကုန်သွားတာမျိုးမတွေ့ရဘဲ ကျေနပ်တဲ့ ပုံရိပ်ကိုမြင်နေရတယ်။ ငြင်းဆိုခဲ့ပေမယ့်လည်း သူတို့








ပြောတဲ့စကားက ငါတို့က လူကိုယ်တိုင်ဘုရားကို ဆက်ကပ်ခြင်းမပြုနိုင်တဲ့အတွက် တတ်နိုင်တဲ့ဘက်ကတော့ ကူညီပေးပါရစေဆိုပြီး လိုလိုလားလားနဲ့ ကူညီပေးခဲ့ကြတာတွေ့ရတော့ ဝမ်းသာမိပါတယ်။

ဒီလိုတွေ့ကြုံရတဲ့ အရာမှာအံ့သြပြီး နားမလည်ဖြစ်နေရင်း ဒါဟာဘုရားသခင်ပြင် ဆင်ပေးတဲ့ အရာတစ်ခုဆိုတာ တဖြည်းဖြည်း နားလည်လာတယ်။ အဲ့ဒီချိန်မှာ ဘုရားကိုကျေးဇူးတော်ချီးမွမ်းမိတယ် ဘုရားသခင်က ကျွန်ုပ်ကို လှူဒါန်းသူများအားဖြင့် အလုပ်လုပ်သွားခဲ့ပါလားဆိုတာနဲ့၊ ကျွန်ုပ်ရဲ့ဆုတောင်းချက်ကိုလည်း မထင်ထားတဲ့နည်းလမ်းနဲ့ အဖြေပေးနေပါလားဆိုပြီး နောက်ဆုံးမှာ ဘုရားရဲ့အကြံအစည်ကိုနားလည်လာခဲ့ရပါတယ်။

ဒီလိုခံစားရတဲ့ကောင်းချီးတွေကို သက်သေခံချက်နဲ့အတူဘုရားသခင်နဲ့ ကူညီပေးသောသူများကို ကျေးဇူးတင်ကြောင်းကို ဖေါ်ပြလိုပါတယ်။ ဒါကြောင့် ကျွန်ုပ်ကျောင်း စရိတ်အတွက် လှူဒါန်းပေးသော အလှူရှင်များ၊ ကျမ်းစာကျောင်းကိုတက်ခွင့်ပြုသည့် မိဘနှစ်ပါးနှင့် အစ်ကိုကြီး၊ မောင်လေး၊ ကျောင်းတက်ရန်အတွက်လိုအပ်သည့် အရာများကိုပြင်ဆင်ပေးသည့် ကျွန်ုပ်၏ ဘုန်းတော်ကြီး၊ အလှူငွေအားဖြင့် ပေးလှူကြသော မိသားစုအသိုင်းအဝိုင်း၊ သူငယ်ချင်းများ၊ အသိမိတ်ဆွေများ၊ ဆုတောင်းပေးခြင်းအားဖြင့် ကူညီပေးသောသူများအား အထူးကျေးဇူးတင်ကြောင်းကို ဤသက်သေခံခြင်းနှင့်အတူ ဂုဏ်ပြုအပ်ပါတယ်။

ကျွန်ုပ်အနေဖြင့်လည်း မိတ်ဆွေများတို့အား ဆုတောင်းပေးခြင်းဖြင့် ဘုရားသခင်၌ ကျေးဇူးတော်ချီးမွမ်းနေကြောင်းကို သက်သေခံခြင်းအားဖြင့် ဖေါ်ပြလိုက်ပါတယ်။ ❒



# ဒုတိယကျေးဇူးတော်

ညွန့်ကြယ်စင်

ဘုရားသခင်၏ရှေ့တော်မှောက်၌ ကျွန်ုပ်တို့ရပ်ရသောတစ်နေ့တွင် ကျွန်ုပ်တို့မထင်မှတ်ထားသော (သို့မဟုတ်) အထင်ကြီးလေးစားမှုမပြုခဲ့သည့်သူတစ်ဦးသည် ကျွန်ုပ်တို့အထင်ကြီးလေးစားရသူ (အမှုတော်ဆောင်ကြီးများ) များအထက် ချီးမြှင့်မြှောက်စားခြင်းခံရလျှင် ၄င်းသည် အံ့ဩစရာမဟုတ်ချေ။

**နိဒါန်း**

လူအပေါင်းတို့သည် ကယ်တင်ခြင်း သို့ရောက်၍ သမ္မာတရားကိုသိစေခြင်းငှါ ဘုရားသခင်အလိုရှိ၏။ (၁တိ ၂း၄)

ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်သည်။ ဤအချက်ကို ကျွန်ုပ်တို့အငြင်းပွားဖွယ်မရှိသိပြီးဖြစ်သည်။ ချစ်ခြင်းမေတ္တာဖြစ်သော ဘုရားရှင်သည် လူအပေါင်း(တစ်ဦးမကျန်)အား ကယ်တင်ခြင်း သို့တည်းမဟုတ် သူရှိရာ ကောင်းကင်နိုင်ငံတော်သို့ ရောက်စေလိုခြင်းမှာ သံသယဖြစ်ဖွယ်မရှိချေ။ မေတ္တာတော်ရှင်ဘုရားသည် လူသားတိုင်းကို ကယ်တင်ခြင်းရရှိစေရန် သားတော်ယေရှုခရစ်ပြုသော အမှုအားဖြင့် တန်းတူအခွင့်အရေးကိုပိုင်ဆိုင်စေခြင်း Human Right တစ်ခုဖြစ်စေခဲ့သည်။ ၄င်းသည် ယခုအချိန်ထိတိုင်နေရာဒေသနှင့် အချိန်တိုင်းအတွက် လူမျိုးနှင့် လူတန်းစားမရွေးရပိုင်ခွင့်အဖြစ်တည်ရှိနေပေသည်။ ဤအချက်သည် ၁တိ ၂း၄ ပါဘုရားသခင်၏ ပထမအလိုတော်နှင့် ကျေးဇူးပြုမှုဖြစ်သည်။

စာဖတ်သူအဆွေအနေဖြင့် ခရစ်ယာန်တစ်ဦး (သို့မဟုတ်) ခရစ်တော်ကို မိမိ၏ကယ်တင်ပိုင်ရှင်အနေဖြင့် လက်ခံပြီးသူဖြစ်ပါက ပထမအချက်သည် ပြီးပြည့်စုံပြီးဖြစ်သည်ဟု ယူဆနိုင်သည်။ ကယ်တင်ခြင်းသည် လူတိုင်းသိရှိပြီး ရရှိရန်အရေးကြီးသော အရာဖြစ်သည်မှာ ငြင်းခုံ ဖွယ်မရှိချေ။ ဘုရားသခင်၏ဒုတိယအလိုတော်ဖြစ်သည့် သမ္မာတရားမှာမူ မည်သို့နည်း။ ဤနေရာတွင် သမ္မာတရားကို ရှင်ယာကုပ်ပြောသည့် အကျင့်နှင့် ချိတ်ဆက်ပြလိုပါသည်။ ခရစ်ယာန်အသက်တာဖြင့် ရှင်သန်ခြင်းကို born again အသစ်တစ်ဖန်အသက်ရှင်ခြင်းဖြင့် နှိုင်းယှဉ်မှုပြုလုပ်ပါက သမ္မာတရားသည် ခရစ်ယာန်အသက်တာ၏ ပြယုဒ်ဟု သတ်မှတ်နိုင်ပါသည်။ ထို့ကြောင့်ရှင်ယာကုပ်က သူ၏ ဩဝါဒစာ ၂း၂၆တွင် ဝိညာဉ်နှင့်ကင်းသော ကိုယ်သည် အသေဖြစ်သကဲ့သို့ အကျင့်နှင့်ကင်းသော ယုံကြည်ခြင်းသည် အသေဖြစ်၏။ဟုဆိုထားသည်။

ဤနေရာတွင် သိခြင်းဆိုရာ၌ Knowဟူသည့်အနက် ကို ဆိုလိုနေခြင်းမဟုတ်ချေ။ WORD BIBLICAL COMMENTARY အရ Knowledge ကိုဆိုလိုနေခြင်းဖြစ်သည်။ ၄င်းသိခြင်းတွင် သင်ကြားခြင်း၊ လေ့လာခြင်း၊ လက်တွေ့အတွေ့ အကြုံများမှ သင်ယူရရှိမှုများပါဝင်နေပေသည်။ သို့ဖြစ်၍ သမ္မာတရားနှင့်ပတ်သက်၍ ကျွန်ုပ်တို့သိမှုသည် အသိတရားသက်သက်မျှသာ မဟုတ်ဘဲ ရင်းနှီးကျွမ်းဝင်မှုရှိခြင်း၊ အလေ့အလာ၊ အလေ့အကျင့်များရှိခြင်း တစ်နည်းဆိုရသော် ကိုယ်တိုင်မြည်းစမ်းသိရှိမှု (ဟင်းတစ်ခွက်ကို မြည်းဖူးသကဲ့သို့)မျိုးနှင့် သဏ္ဍာန်တူပေသည်။

ဤနေရာတွင် ကယ်တင်ခြင်းသည် လူတိုင်းအတွက်အရေးကြီးဆုံးဟုဆိုပါက သမ္မာတရားသည် ၄င်းကယ်တင်ခြင်း ခံရပြီးသူတိုင်း၏ "အသက်" ဖြစ်သည်။ သမ္မာတရားသည် သိမှုသက်သက်မျှသာမဟုတ်။ သမ္မာတရားရှိခြင်း၊ ဖြစ်တည်နေခြင်း၊ ရှင်သန်နေခြင်းသည် ခရစ်ယာန်ယုံကြည်သူတိုင်း၏ ရှင်သန်နေမှု၊ အသက်ဖြစ်နေရပေမည်။

ဤအချက်သည် ကျွန်ုပ်တို့ ကယ်တင်ခြင်းခံပြီးသော်လည်း ဤလောကကြီးထဲတွင် များစွာသော ဆင်းရဲဒုက္ခစုံ စမ်းနှောက်ယှက်ခြင်းများကို ရင်ဆိုင်ရလျက် အသက်ရှင်နေခြင်းအတွက် အဖြေတစ်ခုလည်းဖြစ်သည်။ အကယ်၍သာ ကယ်တင်ခြင်းဆိုသည့် ထာဝရအသက်တစ်ခုသာ ဘုရားသခင်ပြင်ဆင်ထားနိုင်သော အကြီးမားဆုံးသော ဆုလက်ဆောင် ဆိုပါက ဘုရားသခင်သည် သူ့ကို ကယ်တင်ပိုင်ရှင် အဖြစ်လက်ခံပြီး ကယ်တင်ခြင်းခံရပြီးသည်နှင့်တပြိုင်နက် ကျွန်ုပ်တို့အား ဤဒုက္ခပြွမ်းသော လောကကြီးမှ ခေါ်ထုတ်သွားသင့်သည်။

သမ္မာတရားဖြင့်ဆက်လက်ရှင်သန်ရန် ဘုရားသခင်သည် ကျွန်ုပ်တို့ကိုနောက်ထပ် ဆုကျေးဇူးတော်ကြီးတစ်ခု ပေးသနားခြင်းဟု မြင်တွေ့နိုင်ပါ၏လော။ မှန်ပါသည်။ ၄င်းသည်ပထမကျေးဇူးတော် ကယ်တင်ခြင်းအပေါ် ထပ်ဆင့်လျက် ဒုတိယဆုကျေးဇူး သမ္မာတရားဖြင့် ရှင်သန်ခွင့်ဖြစ်ပေသည်။ ဤနေရာတွင် ဧဒင်ဥယျာဉ် ဖြစ်ရပ်ဖြင့် ရှင်းပြလိုပါသည်။ ၄င်းဥယျာဉ်ထဲတွင် ကျွန်ုပ်တို့ မစားလိုက်ရသော အသီးသည် အသက်ပင်၏ အသီးဖြစ်၏။ (ကမ္ဘာ ၃း၂၂)။ ၄င်းသည် လူအား ဘုရားသခင် သဏ္ဍာန်တော်နှင့်အညီ ဖြစ်စေရန် ဘုရားရှင်ပြင်ဆင်ထားနိုင်သော အရာဖြစ်ပေသည်။ ထာဝရအသက်ကို ဘုရားရှင်သည် ဧဒင်ဥယျာဉ်ထဲ၌ရှိစဉ်ကပင် ပေးနိုင်ခဲ့ပြီးဖြစ်သော်လည်း ယခုကျွန်ုပ်တို့အတွက် ဒုတိယအကြိမ်ရရှိသည့် အခွင့်အရေး (ခရစ်တော်အားဖြင့်)ဖြစ်စေသည်။

ထို့နည်းတူ သမ္မာတရားအားဖြင့် အသက်ရှင်ခွင့်သည်လည်း ဒုတိယအကြိမ်ရရှိသည့် အခွင့်အရေးဟုယူဆနိုင်သည်။ သမ္မာတရားသည် လူတို့၏ မှန်ကန်ခြင်း၊ အမှန်တရားစံနှုန်းနှင့်မတူသော

တရားတစ်ခုဖြစ်သည်။ ဤနေရာတွင် သမ္မာတရားနှင့်ပတ်သက်၍ အကျယ်တဝင့်ရှင်းပြရန် မရှိသော်လည်း ဥပမာတစ်ခုဖြင့် တင်ပြလိုပါသည်။ လူ့သဘောတရားအားဖြင့် အပြစ်ရှိပါက အပြစ်စီရင်ခြင်း ခံရမည်ဖြစ်သော်လည်း သမ္မာတရားကမူ ၎င်းထက်ကျော်လွန်ပေသည်။ လူ့အနေဖြင့် နားလည်လက်ခံနိုင်သည့် အမှန်တရားနယ်ပယ်ထက် ကျော်လွန်သော ဆုံးဖြတ်ချက်ကိုချမှတ်စေသည်။ လူသားအနေဖြင့် အပြစ်သားဟု သတ်မှတ်သူကို ဘုရားသခင်မှ သမ္မာတရားအားဖြင့် ဖြောင့်မတ်သူ၊ သန့်ရှင်းသူအဖြစ် ခေါ်ဆိုခြင်းသည် သမ္မာတရား၏ နယ်ပယ် တစ်ခုဖြစ်ပေသည်။ ၎င်းတွင် လူကို ပြောင်းလဲစေနိုင်သည့် ကြီးမားသည့် စွမ်းအင်လည်း တည်ရှိနေသည်။

(ဥပမာ -အခွန်ခံနှင့်ဖာရိရှဲ လုကာ ၁၈း၉-၁၄။)

ဧဒင်ဥယျာဉ်ထဲတွင် လူသည် သမ္မာ တရားတည်းဟူသော ဘုရားစကားအားဖြင့် အသက်ရှင်ခွင့်ရခဲ့သည်။ ထိုသို့ ရှင်သန်ခွင့်အတွက် ဘုရားရှင်သည် လူတို့အားလိုအပ်သည့် အရာများကိုပြင်ဆင်ထားနှင့်သည်။ ယနေ့ ကျွန်ုပ်တို့သည် လည်း ခရစ်တော်အားဖြင့် ဒုတိယဧဒင်ဥယျာဉ် တွင် သမ္မာတရားဖြင့် အသက်ရှင်ခွင့် ရရှိနေပြီးဖြစ် သည်။ ပြီးပြည့်စုံစွာ ထောက်ပံ့ထားမှုမှာ သူ၏ ပြောင်းလဲခြင်းကင်းသော ကတိတော်နှင့် သန့်ရှင်း သောဝိညာဉ်တော်ပင်ဖြစ်သည်။ ဒုတိယ ဧဒင် ဥယျာဉ်ထဲ၌ပင် ကျွန်ုပ်တို့၌ ရွေးချယ်ပိုင်ခွင့်ရှိနေ သည်။ ဘုရားရှင်နှင့်အတူ အသက်ရှင်နေထိုင်မည် လား၊ မိမိစိတ်ကြိုက်အသက်ရှင်မည်လား။ ပထမ ဧဒင်ဥယျာဉ်ထဲ၌ကဲ့သို့ သွေးဆောင်ခြင်းလည်း ယနေ့ရှိပေသည်။ ဘုရားရှင်စကားအပေါ် (သို့) သမ္မာတရားအပေါ် ယုံကြည်စိတ်ချမည်။ သို့တည်း မဟုတ် ၎င်းအရာကိုငြင်းပယ်လျက် မိမိအသိအမြင်



နှင့် ဝန်းကျင်၏အမှန်တရားဟု ဖော်ပြမှုအပေါ် အမှီပြုမည့် ရွေးချယ်စရာရှိပေသည်။ ဧဒင်သစ်သီး ကောင်းမကောင်းသိရာသစ်သီးသည် ဘုရားသခင် ပြင်ဆင်ထားသော ထောင်ချောက်တစ်ခုမဟုတ်ပါ။

ထို့အတူ ယနေ့ကျွန်ုပ်တို့ ဤလောကကြီး ထဲတွင် ဆင်းရဲဒုက္ခ၊ စိန်ခေါ်မှုနှင့် စုံစမ်းသွေး ဆောင်ခြင်း (နှစ်လိုဖွယ် ကောင်းသောငွေကြေး ဥစ္စာ ကြွယ်ဝချမ်းသာမှု၊ အောင်မြင်ကျော်ကြားမှု နှင့် အထွဋ်အထိပ်) များအလယ် သမ္မာတရားနှင့် မည်သို့အသက်ရှင်ရမည်ကို ဘုရားသခင်သည် စောင့်ကြည့်လျက် အပြစ်ဒဏ်စီရင်ရန် စီမံထားခြင်း မဟုတ်ပေ။ ၎င်းသည် ကျွန်ုပ်တို့ကို ချီးမြှင့်ရန်အလို့ ငှာဖြစ်သည်။ သမ္မာတရားဖြင့် အသက်ရှင်ခြင်း သည် သရဖူဆောင်းရန်အလို့ငှာဖြစ်သည်။

## သမ္မာတရားဖြင့် အသက်ရှင်ခြင်း

ဤအရာသည် ယုံကြည်သူတိုင်းအတွက် ဘုရားသခင်ပြင်ဆင်ထားနှင့်သော ကျေးဇူး တော်ဖြစ်သည်။ အမှုတော်ဆောင် (သင်းအုပ်၊ ဘုန်း တော်ကြီး)မှ သမ္မာတရားကိုပိုသိလျက် အသက်ရှင် နိုင်မည်ဟုမဆိုလိုပါ။ အမှုတော်ဆောင်ဆိုသည်မှာ လူ့အမြင်၌ ရာထူး၊အဆင့်အတန်း တစ်ခုဖြစ်သော် လည်း ခရစ်တော်၏ကိုယ်ခန္ဓာ၌မူ ၎င်းသည်အစိတ် အပိုင်းတစ်ခုမျှသာ ဖြစ်ပေသည်။ ၁ကော ၁၂း၂၇- ၃၀။ သမ္မာတရားအားဖြင့် အသက်ရှင်ရာတွင် အမှုတော်ဆောင်တစ်ဦးဖြစ်မှသာ ဝိညာဉ်တန်ခိုး ပိုရမည်ဟူ၍ မရှိပေ။ သန့်ရှင်းသော ဝိညာဉ်တော် အားဖြင့် လုပ်ဆောင်မှုအရာများသည် ဘုရား သခင်၏ ဘုန်းတော်ထင်ရှားခြင်းအမှုသာ ဖြစ် သည်။ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် နတ်ဆိုးနှင် ဟောပြောနိုင်ခြင်း၊ အနာငြိမ်းနိုင်ခြင်း၊ နတ်ဆိုးနှင် ထုတ်နိုင်ခြင်းသည် ထိုသူ၏ သမ္မာတရားအားဖြင့်



အသက်ရှင်ခြင်းအမှန် အခြေအနေကို ညွှန်းဆိုရ သည်ဟု တိုက်ရိုက်မယူဆနိုင်ပေ။ ဥပမာ- ရှင် ပေတရုသည် တမန်တော်တစ်ဦး (ရာထူးအရ) ဖြစ်ခြင်းနှင့် တန်ခိုးနိမိတ်လက္ခဏာပြသနိုင်သူ၊ ဟောပြောသင်ကြားနေသူတစ်ဦးဖြစ်သည်။ သို့ရာ တွင် ဂလာတိ ၂း၁၁-၁၄၌ ပေါလုသည် ပေတရု၏ သမ္မာတရားနှင့် အသက်ရှင်ခြင်းမရှိခဲ့သည့်အမှုကို ထောက်ပြပြောဆိုခဲ့ သည်ကိုတွေ့မြင်ရပေသည်။

သမ္မာတရားနှင့်အညီ အသက်ရှင်ခြင်း သည် အတွင်းပိုင်းနှင့်ဆိုင်လျက် အပြင်ဘက်သို့ပေါ် ထွက်လာသည့်အရာဖြစ်ပေသည်။ လူတစ်ဦး သမ္မာ တရားနှင့် အသက်ရှင်၏၊မရှင်၏ကို အပြင် သဏ္ဌာန်ဖြင့် မဆုံးဖြတ်နိုင်ပါ။ သို့အတွက် ယုံကြည် သူအချင်းချင်းကြားတွင် မည်သူသည်သမ္မာတရား ဖြင့် အသက်ရှင်သည်၊မရှင်သည်ကို ဝေဖန်ပိုင်းခြား လျက် စီရင်ရန်ကျွန်ုပ်တို့၌အခွင့်မရှိပါ။ သို့ရာတွင် သမ္မာတရားဖြင့် အသက်ရှင်ရန်တစ်ဦးနှင့်တစ်ဦး တိုက်တွန်းနိုးဆော်လျက် မစကူညီရန်အတွက် မဖြစ် မနေတာဝန်ယူရန် ရှိပေသည်။

သမ္မာတရားဖြင့် အသက်ရှင်ခြင်းကို ကိန်း ဂဏန်းပမာဏဖြင့် တိုင်းတာ၍မရပေ။ အသင်း တော်၌ ကြီးမားသောရာထူး တာဝန်ကို ယူထားခြင်း၊ များပြားစွာသောပမာဏဖြင့် ပေးလှူခြင်းအပေါ်၌ လည်း မူတည်၍ဆုံးဖြတ်၍မရပေ။ ခရစ်တော် ဟောကြားမှုများထဲတွင် ဗိမာန်တော်ဘဏ္ဍာတိုက်ထဲ သို့ ကြေးနီဒင်္ဂါးနှစ်ပြား မျှသာချသွင်းသော မုဆိုးမ အား ချီးမွမ်းပြောဆို အသိအမှတ်ပြုမှုကို ကျွန်ုပ်တို့ သိရှိကြပြီးဖြစ်ပေသည်။ (လုကာ ၂၁း၁-၄)။ ၎င်းသည်သမ္မာတရား၏ အချိုးအဆဖြစ်သည်။ ဆယ်ဖို့တစ်ဖို့အပေါ် အခြေပြုသည့်လှူဒါန်းမှုနှင့် နှီးစပ်သော်လည်း ၎င်းသည်ကြီးမားသော ကွာဟမှု တစ်ခုရှိနေသေးသည်။ ၁၀%အားဖြင့် လူတစ်ဦး

သည် တစ်လတစ်သိန်းဝင်ငွေရှိပါက တစ်သောင်း ထည့်ဝင်ရပေမည်။ တစ်လသိန်းရာနှင့်ထောင်နှင့် ချီကာ ဝင်ငွေရသူအဖို့မူ သိန်းဆယ်နှင့်ရာနှင့်ချီကာ ထည့်ဝင်ရပေမည်။ ထိုမုဆိုးမမှာမူ အသက်မွေးရန် ဥစ္စာကို ပေးလှူခြင်း ဖြစ်သဖြင့် ၎င်းသည် ဆယ်ဖို့ တစ်ဖို့၏ စံနှုန်းကိုကျော်လွန်သွားပေသည်။ ၎င်း သည် သမ္မာတရားဖြင့် အသက်ရှင်ခြင်း၏ ပြ ကွက်ဖြစ်ပေသည်။

ယနေ့ခရစ်ယာန်(အင်္ဂလီကန်) များကို ပြောရမည်မှာအားနာသော်လည်း ပေးလှူခြင်း၌ သမ္မာတရားစံနှုန်းကိုမဆိုထား ဆယ်ဖို့တစ်ဖို့ စံနှုန်း ကိုပင် လိုက်မမှီသူများပြားနေသည်ဟု ကောက် ချက်ချနိုင်ပါသည်။ ဆယ်ဖို့တစ်ဖို့ကို မှန်ကန်စွာ ကျင့်သုံးပါက ယနေ့အင်္ဂလီကန်အသင်းတော်သည် ကိုယ်ပိုင်ရပ်တည်ရေးဟု ကြွေးကြော်နေရာတွင် ပြင်းစွာအသက်ရှူနေစရာ လိုမည်မဟုတ်ပေ။ သို့ရာ တွင် ပေးလှူခြင်းအသက်တာတွင် ဆယ်ဖို့တစ်ဖို့ သည် အစမှတ်၊ကလေးငယ် အဆင့်သာဖြစ်ပေ သည်။ ဆယ်ဖို့တစ်ဖို့သည် ကလေးငယ်တစ်ဦး အတွက်ကြီးလျက်မိမိမုန့်ကို သူတစ်ပါးအားမပေးနိုင် သည့် အခြေအနေတွင် မိဘမှသာ၍များပြား သောမုန့်၊ သာ၍ကြီးသော ကောင်းသောမုန့်ကိုပြ လျက် သူတစ်ပါးကို ပေးဝေမျှ မှုပြုတတ်စေရန် ပြုလုပ်နေခြင်းမျှသာ ဖြစ်သည်။ သမ္မာ တရားအား ဖြင့် အသက်ရှင်နေခြင်း၌ ဆယ်ဖို့တစ်ဖို့ကဲ့သို့ ပေးဝေခြင်းထက် ကျော်လွန် သောအသက်တာ မျိုးဖြစ်သည်။ ချစ်ခြင်းမေတ္တာဖြင့် သူငယ်ချင်း အချင်းချင်း၊ မိဘနှင့် သားသမီးကြား၊ ဆွေမျိုး မိသင်္ဂဟကြား ဝေမျှခြင်းမျိုးသို့ တိုးတက်အသက် ရှင်ရန် ဘုရားသခင်အလိုရှိပေသည်။

သမ္မာတရားဖြင့် အသက်ရှင်ခြင်းတွင် လုပ်ဆောင်မှု ကျန်သောနေ့စဉ်အသက်တာအတွင်း

များသည်လည်း ထိုအတူဖြစ်သည်။ အသင်းတော်အတွင်း (သို့) ယုံကြည်သူနှင့် လူနေမှုဝန်းကျင်အတွင်း၌အသက်ရှင်မှုသည် တံမျက်စည်းလှဲခြင်း (သို့) အမှိုက်တစ်စကောက်ခြင်းနှင့် အသင်းတော်အတွင်း တာဝန်ကြီးကြီးမားမားယူလျက် လုပ်ဆောင်နေခြင်း(သို့) ဝတ်ပြုကိုးကွယ်ခြင်း တစ်ခုကိုဦးဆောင်နေခြင်းတို့သည် ဘုရားသခင်ရှေ့တွင် သမ္မာတရားနည်းလမ်းအရ အတူတူဟုကောက်ချက်ချနိုင်သည်။ ၁ကော အခန်းကြီး ၁၃အရ အသက်ရှင်လုပ်ဆောင်မှုတိုင်း၏ အရင်းခံသည် အရေးကြီးပေသည်။ ချစ်ခြင်းမေတ္တာကို အရင်းမတည်ဘဲ မိမိကိုယ်ကျိုးစီးပွား၊ မိသားစုအသိုင်းအဝိုင်းအကျိုးနှင့် အခြားရည်ရွယ်ချက်များဖြင့် လုပ်ဆောင်မှုသည် သမ္မာတရားအားဖြင့် မည်သည့် သက် ရောက်မှုမှမရှိ။ မိမိလိုချင်သည့်ရလဒ်ကိုမူ ရနိုင်မည်ဖြစ်ပေသည်။ ဥပမာအားဖြင့် ဘောပင်တစ်ချောင်းဖြင့် စာမေးပွဲဖြေဆိုနေသော်လည်း ၎င်းဘောပင်တွင် မှင်မရှိသကဲ့သို့ဖြစ်သည်။ အဆုံးသတ်တွင် မည်သည့်မျှမကျန်ခဲ့တော့ပေ။

ဤအချက်ကို ရှင်ပေါလုက ၁ကော ၃း၁၂-၁၅တွင် မီးဖြင့်စစ်ကြောခံရခြင်းဥပမာဖြင့် ရှင်းလင်းခဲ့ပြီးဖြစ်သည်။ ရှိသမျှ ဥစ္စာကို လှူဒါန်းသည်ဖြစ်စေ၊ တစ်ကိုယ်လုံးကိုပုံအပ်လျက် အမှုတော်တွင် ပါဝင်သည်ဖြစ်စေ (၁ကော ၁၃း၃) တစ်နေ့စစ်ကြော ခံရသည့်အခါ (အပြစ်စီရင်ခြင်းမဟုတ် ချီးမြှင့်ရန်အလို့ငှာ)မည်သည့် အရင်းခံဖြင့် အသက်ရှင်ခဲ့သည်မှာ ထင်ရှားလိမ့်မည်ဖြစ်သည်။ မည်သည့်စိတ်ထား၊ ရည်ရွယ်ချက်ဖြင့် လှူဒါန်းမှုပြုနေသည်၊ ဆက်ကပ်မှုပြုနေသည်ကို တစ်နေ့အစစ်ခံရမည်ဖြစ်သည်။ မိမိဂုဏ်နှင့် ထင်ပေါ်ရန်လှူဒါန်းခဲ့ပါလျှင် ၎င်းသည်လောကအတွက်သာဖြစ်ပေမည်။ ကောင်းကြီးရလို၍လှူဒါန်းခဲ့ပါလျှင် ကောင်းကြီးအတွက် သာဖြစ်ပေမည်။ နာမည်ဂုဏ်ပကာသနနှင့် နေရာတစ်ခုရရှိရန် လုပ်ဆောင်ခဲ့ပါလျှင် အမှုတော်ဆောင်ခြင်းသည် ဤမျှသာဖြစ်ပါလိမ့်မည်။

"သမ္မာတရားသည် တစ်နေ့တွင် လူသူအသိအမှတ်ပြုချီးမြှင့်ခြင်းမခံရသော အသားမာတက်နေသည့် ဒူးများ (ဆုတောင်းခြင်း)၊ လက်များ (အစေခံခြင်း) ကိုထင်ရှားစွာ ချီးမြှောက်မည်ဖြစ်ပေသည်။"

## ဒုတိယကျေးဇူးတော်

ကယ်တင်ခြင်းသည် ဘုရားသခင်ပြုသောကျေးဇူးတော်ဟုနားလည်လက်ခံပါက သမ္မာတရားဖြင့် အသက်ရှင်ရခြင်းသည် ဒုတိယကျေးဇူးတော်ဟုလက်ခံဖွယ်ရှိပါသည်။ ကယ်တင်ခြင်းအတွက် ဘုရားသခင်သည် ခရစ်တော်အားဖြင့် လုပ်ဆောင်ပေးခဲ့မှုကိုလည်း လက်ခံယုံကြည်ရုံမှတပါး အခြားမရှိပေ။ ထိုနည်းတူ သမ္မာတရားအားဖြင့် အသက်ရှင်ရခြင်းလည်းဖြစ်သည်။ လူသည် ပင်ကိုယ်စရိုက်အားဖြင့် ကောင်းမြတ်သည့်အရာကို ရွေးချယ်ပြုလုပ်လိုသည်မှာ အမှန်ပင်ဖြစ်ပေသည်။ သို့သော် လုပ်ကောင်းမွန်သည်ဟု ထင်သည့်အရာများကို လုပ်ဆောင်နေရင်း ဆိုးရွားသည့်အရာများသို့ ဦးတည်လျက်သား ဖြစ်နေသည်။ ကမ္ဘာ ၃း၆။ ရောမ ၇း၁၄-၂၅။ ဤအရာသည် လူသားတို့ဖန်ဆင်းစကတည်းက မပြည့်စုံသေးမှု၊ တစ်နည်းဆိုရသော် ပြည့်စုံမှုကိုချဉ်းကပ်နေသည့် ဖြစ်စဉ် *Creation* Process ကိုဖော်ပြနေခြင်းဖြစ်သည်။ ဖန်ဆင်းခြင်းသည် ကမ္ဘာဦးကျမ်း အခန်းကြီး ၁ ၌သာပြီးသွားခြင်းမဟုတ် Ongoing အသွင်ဖြင့် ရှုမြင်ခဲ့သည်။ ဖန်ဆင်းခြင်း၌ သုံးသည့်စကားလုံး good ကောင်းသည်ဟူသောစကားသည် Perfect ပြီးပြည့်စုံခြင်းမဟုတ်သေးသည်ကိုလည်း သတိပြုမိသင့်သည်။





လူသား၏ ဘုရားသဏ္ဍာန်တော်နှင့်အညီဖန်ဆင်းခံရခြင်းဖြစ်စဉ်တွင် (ကမ္ဘာ ၁း၂၆) သမ္မာတရားဖြင့် အသက်ရှင်ခြင်း သည် ပြီးပြည့်စုံခြင်း ပန်းတိုင်သို့တွန်းပို့သည့်အရာဖြစ်ပေသည်။ ဧဒင်ဥယျာဉ်ထဲ၌ရှိနေသည့် အာဒံနှင့် ဧဝကဲ့သို့ပင် ယနေ့လူသား များကိုလည်း ဘုရားသခင်သည် သူ့သဏ္ဍာန်တော်နှင့်ညီလာစေရန် ပြုပြင်ခြင်းတွင် သမ္မာတရားဖြင့် အသက်ရှင်ခြင်းသည် ဒုတိယကျေးဇူးတော်ဟုသတ်မှတ်နိုင်သည်။ ဤအရာအတွက်သက်သေမှာ ကျွန်ုပ်တို့အထဲတွင်ထည့်သွင်းပေးထားသည့် သန့်ရှင်းသောဝိညာဉ်တော်ပင်ဖြစ်သည်။ ပထမဧဒင်တွင် လူသည်ဇီဝအသက်မှုတ်သွင်းခံရပြီး အသက်ရှင်သော သတ္တဝါအဖြစ်ရပ်တည်ခွင့်ရခဲ့သည်။ ယခုအခါတွင် သန့်ရှင်းသော ဝိညာဉ်တော်မှုတ်သွင်းခံရပြီး သမ္မာတရားကိုသိလျက် အသက်ရှင်ခွင့်ကို ရရှိစေသည်။ ဤအချက်သည် ဘုရားသခင်နှင့် သဏ္ဍာန်တူလာခြင်းဖြစ်စဉ်တွင် ကြီးမားသည့်အချိုးအကွေ့ တစ်ခုဖြစ်သည်။ လူသားတိုင်းရရှိစေရန်လည်း လမ်းဖွင့်ပေးထားလျက်ရှိသည်။

ထိုဝိညာဉ်တော်၏ ဖွင့်ပြမှုအားဖြင့် သမ္မာတရားဆိုသည်မှာ မည်သည့်နည်း။ မည်သို့အသက်ရှင်ရမည်ကို ရှင်းလင်းစွာ မြင်တွေ့ရစေသည်။ နေ့စဉ်အသက်တာအတွင်း သန့်ရှင်းသောဝိညာဉ်တော်အတူပါရှိခြင်းအားဖြင့် ပေါင်းသင်းဆက်ဆံမှုနယ်ပယ်၊ သင်ကြားလေ့လာနေရမှုနှင့် ဝမ်းစာရေးအတွက်ရှာဖွေရန် ရုန်းကန်နေရခြင်းများ၊ အောင်မြင်မှုနှင့် ကျရှုံးမှု၊ လက်လွတ်ဆုံးရှုံးရခြင်းနှင့် ပိုင်ဆိုင်ရခြင်းများ၌ပင် သမ္မာတရားအားဖြင့် မည်သို့အသက်ရှင်ရမည်ကို ဖြစ်တည်စေသည်။ မည်မျှကောင်းမြတ်ပါသနည်း။ ကျွန်ုပ်တို့ကိုဖန်ဆင်းသောအရှင်သည် ကျွန်ုပ်တို့ဝန်းကျင်ရှိ သူဖန်ဆင်းထားသောအရာများကို အသုံးပြုလျက် ကျွန်ုပ်တို့သူ့သဏ္ဍာန်နှင့်ညီလာစေရန် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် သမ္မာတရားအားဖြင့် အသက်ရှင်စေမှုသည် အံ့သြဖွယ်ပြင်ဆင် စီမံထားခြင်း (Predestination) ပင်ဖြစ်သည်။ ကမ္ဘာဦးမတိုင်မီကပင် ပြင်ဆင်နှင့်သော အရာပင်ဖြစ်သည်။ ကျွန်ုပ်တို့အတွက် ပြင်ဆင်ထားနှင့်သော ထိုကောင်းကြီးကို လောကရှိမည်သည့်အရာနှင့်မျှ လဲလှယ်ရန်မသင့်ပေ။သမ္မာတရားအားဖြင့် အသက်ရှင်ခွင့်ကျေးဇူးတော်သည် ယုံကြည်သူတိုင်းနှင့်သက်ဆိုင်သည့် ရပိုင်ခွင့် Human Right တစ်ခုဖြစ်သည်။

## နိဂုံး

သမ္မာတရားအားဖြင့် အသက်ရှင်ခြင်းသည် ကယ်တင်ခြင်းနည်းတူ ဘုရားသခင်မှ ပြင်ဆင်ထားနှင့်သော ကောင်းကြီးမင်္ဂလာဖြစ်သည်။ လူတိုင်းအတွက် ကမ်းလှမ်းနေသည့် အခွင့်အရေးဖြစ်သည်။ ကျေးဇူးတော်ဖြစ်သည်။ ဤနေရာတွင် ပညာရှိ၊ ပညာမဲ့ မရှိ။ ဆင်းရဲ၊ ချမ်းသာ မရှိ။ ကျား၊မ ခွဲခြားမှုမရှိ။ အသက်အရွယ်အပိုင်းအခြားမရှိ။ လူမျိုးခွဲခြားမှုမရှိ။ ရှေးမဆွကပင် လူတိုင်းအတွက်ပြင်ဆင်ထားနှင့်သော ထာဝရဆိုင်ရာဆုလာဘ်သရဖူဖြစ်သည်။ သင်၌ပိုင်ဆိုင်ခွင့်ရှိသည်။ လိုအပ်သည့်မစအထောက်အပင့်များကိုပြင်ဆင်ထားပေးပြီးဖြစ်သည်။

မှင်ပါသောဘောပင်ဖြင့် အသက်ရှင်ခြင်းဖြစ်ပါစေ။

ထွန်းကြယ်စင်



# ခရစ္စမတ်လက်ဆောင်

မောင်ကောင်းကြီး

အခန်း (၁)

အေးချမ်းလှတဲ့ ခရစ္စမတ်ရာသီနဲ့အတူ ပြည်မြို့ကလေးရဲ့ အဝေးပြေးကား ကားကိတ်ဟာ လူမျိုးပေါင်းစုံ၊ အသွင်ပေါင်းစုံနဲ့ စည်ကားလှပါ တယ်။ ရန်ကုန်သို့ ခရီးပြုမည့် ခရီးသည်တင် ကားကြီးတစ်စီးမှ ကားစက်နှိုးသံနဲ့အတူ . .

**ကားဆရာ** - ကဲ ဖိုးတုတ်ရေ အချိန်စေ့ပြီ သွားကြ မယ်ဟေ့ . . .

**စပယ်ယာ** - နေအုံး ကားဆရာ . . ခင်ဗျားကလဲဗျာ ဒီမှာ လူမပြည့်သေးဘူး။ မိုးလင်း ရင်တော့ ရန်ကုန်ကို မရောက်ချင်းလည်း ရောက် မှာပါ။

**ကားဆရာ** - စကားမများနဲ့ ဖိုးတုတ် . . ဟိုမှာ ခရီးသည်လာနေပြီ။

စပယ်ယာ သည် စက်ဘီးတစ်စီးကို ထမ်း ပြီး ယိုင်တိယိုင်တိုင်ရောက်လာသော ခရီးသည် တစ်ဦးအား

**စပယ်ယာ** - ဟောဗျာ ခင်ဗျားကလဲ . စက်ဘီးဆိုတာ စီးရတာ . ထမ်းဖို့မဟုတ်ဘူးဗျ





**စက်ဘီးပိုင်ရှင်** - ခင်ဗျားဘာမှမသိဘဲနဲ့ ဆရာကြီးလာလုပ်ပါနဲ့ဗျာ. ဒီစက်ဘီးက ကျုပ်အဖိုးစီးခဲ့တဲ့ စက်ဘီးဗျ။ ဒါကျုပ်အဖွားက ခရစ်စ္စမတ်လက်ဆောင်ပေးထားတာ။ ကျုပ်က စက်ဘီး မစီးတတ်သေးဘူးဗျ။ ရန်ကုန်ရောက်မှ သင်မလို့။

**စပယ်ယာ** - နေပါအုံး။ ဒါကြီးကို ကားထဲတင်မယ်။ ခင်ဗျားရူးနေလား။ ဒါခရီးသည်တင်ကားဗျ။ ကုန်တင်ကားမဟုတ်ဘူး။

**စက်ဘီးပိုင်ရှင်** - အော် . . ခင်ဗျားကလဲဗျာ။ ဒီစက်ဘီးအတွက်လည်း ပိုက်ဆံပေးမယ်ဗျ။ ကျုပ်က ဒီကားကို အမြဲစီးတဲ့ဖောက်သည်နော်။ ခင်ဗျားကျုပ်စက်ဘီးကို မတင်ဘူးဆိုရင် ဒီတသက် ခင်ဗျားကားကို မစီးတော့ဘူး။

**စပယ်ရာ** - ဟိုးဟိုး ဆရာ အဲလိုလုပ်နဲ့ဗျာ။ ကဲ ဒါဆိုလဲ ခင်ဗျားထိုင်မဲ့အနားမှာ တင်ပေးမယ်ဗျာ။

**စက်ဘီးပိုင်ရှင်** - အဲလိုလိမ္မာစမ်းပါ။

**ကားဆရာ** - ဟေး ဖိုးတုတ် ဟိုမှာ ခရီးသည်နောက်တစ်ယောက် လာပြန်ပြီ။ မြန်မြန်လုပ်

**အရက်သမား** - အတူတူပျော်လိုက်စမ်းပါ မြူမှုန်တွေရဲ့ကြား . . . မှိုင်တွေကာမနေနဲ့ကွာ ဒီလိုအချိန် မျိုးမှာ - ဒီလိုအချိန်မျိုးမှာ . . ဒီပြည်တခွင်လုံးမှာ ကြိုဆိုနေပြီပဲ ပျော်ရွှင်ညချမ်းခရစ်စမတ်မှာ . ဟဟဟ . . . ခုဆို ရန်ကုန်မှာ ချွေးတဒီးဒီးနဲ့ ကယ်ရယ်လိုက်ဆိုကြမှာ။ ကျုပ်က ပြည်မှာပဲ ခရစ်မတ်ပွဲကို ဆင်နွှဲချင်တာ။ အိမ်က မိန်းမက ပူညံပူညံနဲ့ အသုံးမကျတဲ့ကောင်၊ သုံးစားလို့မရတဲ့ကောင်ဆိုပြီး ခဏခဏကျိန်းမောင်းတာ ကျုပ်မခံနိုင်တော့လို့ ရန်ကုန်က အမျိုးတွေဆီ ခရစ်မတ်ပွဲနွှဲမလို့ထွက်လာတာ။ ဟေး စပယ်ယာ . . ဒီမှာကျုပ်လက်မှတ် . . ကျုပ်ထိုင်ခုံနေရာ ဘယ်မှာလဲကွ . .

**စပယ်ယာ** - ဒီမှာကိုယ့်ဆရာ။ ခင်ဗျားကလဲ မနိုင်မနင်းနဲ့ ခင်ဗျားပုလင်းကို ဒီမှာ ခနပေး။ ခင်ဗျားကျုပ်ကို ကိုင်ထားပေး မလို့။

**အရက်သမား** - အောင်မှာ . ဘာလို့ပေးရမလဲ . ကျုပ်ကို မူးနေပြီမျှားထင်နေလား။ ခင်ဗျားကျုပ်ကို တွဲမပေးရင်လဲ ကျုပ်ဘာသာတက်ထိုင်မှာ ဒါကိုတော့ ဘယ်သူ့ကိုမှ ပေးမကိုင်ဘူး။ ဘောပေါက်တယ်နော်. ဟွန်း . . . အရက်လောက် တောင် သစ္စာမရှိတဲ့သူတွေကများ -

**စပယ်ယာ** - အောင်မလေးဗျာ . . မလွယ်ပါလားနော် မလွယ်ပါလား. . .

(၃)

ခရီးဆောင်အိတ်အကြီးကြီးနဲ့ အဒေါ်ကြီးတစ်ယောက် ကော့တော့ကော့တော့ ရောက်လာသည်။

**အဒေါ်ကြီး** - ဒီမှာ ကားစပယ်ရာ. ကျွန်မကိုလာသယ်ကူပါအုံး။ ဟွန်း . . စပယ်ရာလုပ်ပြီးတော့ ငေးတိငေးတိုင်နဲ့ တခါတည်း မပြောချင်ပါဘူးတော် . . . ဒီအထုတ်တွေကို ကူပြီးမပေးပါဦး။

စပယ်ရာသည် မနိုင်မနင်းဖြင့် အထုတ်ကြီးကို ထမ်းလာရင်း . .

**စပယ်ယာ** - ခင်ဗျားအထုတ်ကြီးက လေးလိုက်တာဗျာ ဘာတွေဘာတုန်း

**အဒေါ်ကြီး** - ဒီမယ် ကျွန်မက ခရစ်မတ်ရာသီရောက်တိုင်း အပန်းဖြေခရီးထွက်နေကျ။ အခုလည်း ရန်ကုန်ကို ဆင်းပြီး မနက်ဖြန် ဟိုးလီးခရော့စ် မှာ လုပ်မယ့် ခရစ်မတ်ပွဲမှာ ဝင်နွဲပြီးရင် ချောင်းသာကို အပန်းဖြေခရီးထွက်မလို့။ ဒီအထုတ်က ဟိုးလီးခရော့စ်အသင်းတော်က ကလေးတွေကို လက်ဆောင်ပေးမလို့။ ရှင်က ယောကျ်ားဖြစ်ပြီးတော့ တော်တော့်ကို စပ်စုတာပဲ။

**စပယ်ယာ** - ဟုတ်ဟုတ် .. ကျွန်တော်မှားသွားပါတယ်။ အော်မလေး ငါ့နှယ်နော် . .

(၄)

**တရားဟောဆရာ** - အိုး . ကျေးဇူးတော်ပဲ နောက်ဆုံးကားကို မီလိုက်လို့။ ဖရော့စ်သလော့ ဟာလေလုယာ။ ဒီမှာ ကားဆရာ . . ကျေးဇူးတော်ဟာ ခရစ်တော်မွေးဖွား တော်မူခြင်းနဲ့အတူ ခင်ဗျားရဲ့ကားပေါ်မှာ သက်ရောက်နေပါပြီ. . .

ကားစပယ်ရာသည် ခေါင်းကုပ်ပြီး

**စပယ်ယာ** - လာပြန်ပြီးနောက်တမျိုး (ညည်းညူသံ)။ ကဲ ကားလက်မှတ်ပြထိုင်ခုံနံ ပါတ်ကြည့်ရအောင်

**တရားဟောဆရာ** - လက်မှတ်မဝယ်ထားမိပါဘူး .။

**စပယ်ယာ** - ခင်ဗျားက လက်မှတ်မဝယ်ထားတော့ အလယ်ခုံပဲရမယ်နော် . အဆင်ပြေလား

**တရားဟောဆရာ** - ဟောဗျာ . . . ခင်ဗျားကလဲ ခရစ်တော်တောင် နွားစာခွက်ထဲမှာ မွေးခဲ့တာပဲ။ ကျွန်တော်က အလည်ခုံပဲဖြစ်ဖြစ် ဟို့ကားဝမ်းဗိုက်ပိုင်းပဲဖြစ်ဖြစ်ရပါတယ်။ ခင်ဗျားကား အောက်ပိုင်းမှာ နေရာလွတ်ရှိသေးလား။ ကျုပ်အဲကနေ လိုက်မယ်လေ

**စပယ်ယာ** - ဟိုး ဟိုး . . . . . အဲလောက်ထိ မလိုပါဘူးဗျာ။ ခင်ဗျားအလည် ခုံကနေတဆင့် လိုက်လို့ရပါတယ်။ လာလာ ထိုင် ထိုင် ဒီမှာထိုင်။

**အဒေါ်ကြီး** - ဒီမှာ ဘုရားရှူး ဩော် ကန်တော့ .. ဟိုလူကြီး ရှင်ကျွန်မအနားမှာ လာထိုင်ဖို့ စိတ်မကူးနဲ့နော်. ကျမက နှစ်ယောက်စာ ဝယ်ထားတာရှင့်။

**တရားဟောဆရာ** - ဟုတ်ကဲ့ပါခင်ဗျား။ မထိုင်ပါဘူး။ ဘုရားသခင့်ငြိမ်သက်ခြင်း သင့်အသက် တာမှာ သက်ရောက်ပါစေ။

(၅)

ထိုအချိန်တွင် ဆင်းရဲသား သားအမိနှစ်ယောက်လည်း ရောက်လာပြီး

**မေမေ** - ကားဆရာရေ ကျမတို့သားအမိနှစ်ယောက်လည်း ကားခပိုသက်သာမယ်ဆိုရင်





အလည်ခုံနဲ့ လိုက်ချင်တယ်။

**စပယ်ရာ** - အိုကေအိုကေ . .. အဲဒါဆိုလဲ . တစ်ဝက်ဈေးပေးကွာ။ ဟိုမှာ - ဟိုလူကြီး အနားမှာ နေရာရှိမယ်။ တက်တက်။

**သမီး** - မေမေ ဖွားဖွားတို့ဆီကို ဘယ်တော့ရောက်မလဲဟင်

**မေမေ** - မနက်ဖြန် စောစောရောက်မှာပေါ့ သမီးရယ်။

**သမီး** - မနက်ဖြန်မှရောက်မှာလား .. သမီးဒီအတိုင်းမထိုင်ချင်ဘူး။ ဟိုမှာထိုင်ခုံရှိတာပဲ ထိုင်လို့မရဘူးလားမေမေ။

**အဒေါ်ကြီး** - အောင်မာ ဒီကလေးမ ငါ့ခုံကို လာပြီးမျက်စောင်းထိုးနေတယ်။ မရဘူး။ လွတ်လွတ်လပ်လပ်ထိုင်ချင်လို့ ပိုက်ဆံနဲ့ ဝယ်ထားတာ။ ကြားလား။ ဟွန်း . တခါထဲ။

**မေမေ** - တောင်းပန်ပါတယ် အမရယ်။

အခန်း (၆)

**စပယ်ယာ** - ကဲ ကားဆရာရေ မောင်းလို့ရပြီ ..

(ကားစက်နိုးသံ)

**အရက်မူးသမား** - အဲလိုမှပေါ့။ ကျုပ်စောင့်တာဖြင့် ဘယ်လောက်ကြာပြီမှတ်သလဲ။ ဟွန်း . အမူးတောင် ပြေတော့မယ်။

**အဒေါ်ကြီး** - ဟိုအမူးသမား . ဘာတွေပွစိပွစိလုပ်နေလဲ အေးဆေးနေစမ်း။ ဒီမှာ စိတ်တို နေတဲ့ကြားထဲ

**အမူးသမား** - ဟေး . . အပျိုကြီး . . ဘာတွေလာရောင်းနေတာလဲ။ ဒီမှာ ကျုပ်ဘာသာ အေးဆေးနေတာ။ လာပြီး မဖောနဲ့။

**အဒေါ်ကြီး** - အောင်မာအောင်မာ လူပါးဝလို့ ဒီမှာရှင့် ဒီမှာ . .

**တရားဟောဆရာ** - အိုး . . ချစ်သောမိတ်ဆွေအပေါင်းတို့ ခုလို ခရစ်တော်မွေးတဲ့ခရစ္စမတ်လမှာ ချစ်ခြင်းမေတ္တာ၊ ခွင့်လွှတ်ခြင်းတွေနဲ့ နေရမယ်လေ။ ဟုတ်တယ်မဟုတ်လား။ မိတ်ဆွေတို့ ဒီအတိုင်းပဲ ဆက်လုပ်နေမယ်ဆိုရင် သူငယ်တော်ယေရှု စိတ်ဘယ်ကောင်းတော့မလဲဗျာ။

**စက်ဘီးသမား** - ခင်ဗျားစကားပြောရင်ပြောကွာ . . ကျုပ်စက်ဘီးကိုတော့ နည်းနည်းမှ မထိနဲ့ဗျ။ ကျုပ်မကြိုက်ဘူး။ ကျုပ်စက်ဘီးကို ထိတဲ့သူ ကျုပ်ရန်သူပဲ။ မှတ်ထား။ ခင်ဗျားမညောင်းဘူးလား။ အေးဆေးထိုင်နေဗျာ။

**သမီး** - မေမေ . . . သမီးချမ်းလာပြီး။ အဲကွန်းကလဲ တချိန်လုံးဖွင့်ထားတာ။ သမီးမခံနိုင် တော့ဘူး။

**မေမေ** - ခဏနော်သမီး - ကားဆရာရှင့်။ အဲကွန်းနည်းနည်းလျှော့လို့မရဘူးလားရှင့်။ ဒီမှာ အရမ်းချမ်းနေလို့ပါရှင်။

**အဒေါ်ကြီး** - ဒီမှာ ကားဆရာ လုံးဝလျှော့စရာမလိုဘူး။ ဒီမှာ ကလေးအမေ . ကျွန်မက အဲကွန်းပါတဲ့ကားကို စီးချင်လို့ တမင်တကာ ဒီကားကိုရွေးခဲ့တာ။ ညည်းတို့လုပ်ခိုင်းချင်တိုင်း လုပ်လို့ရမယ်များမှတ်နေလား။

**မေမေ** - ဩော် . . ဟုတ်ကဲ့ပါရှင့် . . ကျွန်မမှားသွားပါတယ်။ သမီးရေ . ဒီမှာ မေမေ့အပေါ်အကျီကိုပဲ ထပ်ပြီးဝတ်နော်. . နည်းနည်းသီးခံပါနော်သမီး။

**တရားဟောဆရာ** - ဒီမှာမိတ်ဆွေ . . ခရစ္စမတ်ဆိုတာ တစ်ဦးနဲ့တစ်ဦး ကူညီသင့်တာကူညီရတယ်။ ဘုရားက လူတွေအတွက် သားတော်ကို လက်ဆောင်ပေးသလိုမျိုး မိတ်ဆွေတို့လည်း တစ်ဦးနှင့်တစ်ဦး တတ်နိုင်သလောက် ကူညီသင့်ပါတယ်။ ဒီမှာ ဒေါ်ဒေါ်

**အဒေါ်ကြီး** - ဘာ ဘာဒေါ်ဒေါ်လဲ

**တရားဟောဆရာ**- အော် မှားလို့ ညီမလေး - ညီမမှာ ဟိုးလီးခရေ့စ်က ကလေးတွေကို လက်ဆောင်ပေးဖို့ အနွေးထည်တွေအိတ်နဲ့ပါလာတယ်လို့ကြားလိုက်မိတယ်။ ဒီကလေးကို တစ်ထည်လောက် ပေးလိုက်ပါလား။

**အဒေါ်ကြီး** - အိုး . . ဘာလို့ပေးရမလဲ . . ကျမက ဟိုကကလေးတွေကိုပဲပေးမှာ . .

**မူးသမား** - ဒီမှာ အမကြီး .. ကျုပ်သိရသလောက် ဘုရားသခင်က ယေရှုခရစ်တော်ကို ခရစ်ယာန်တွေကိုပဲ ပေးတာမဟုတ်ဘူး။ လူသားအားလုံးကို လက်ဆောင်အဖြစ်ပေးတာဗျ။ ယေရှုလောက်တောင် တန်ဖိုးမရှိတဲ့ ခင်ဗျားရဲ့အနွေးထည်တွေကိုများ ကပ်စေးနဲနေသေးတယ် . . .

**အဒေါ်ကြီး** - အောင်မာ . . အောင်မာ . . ဒီမှာရှင့်ဒီမှာ. . .

**ကားဆရာ** - ဟိုး . . . ဟိုး. . . ဟိုး. . .။ အောင်မလေးဗျာ။ ကျုပ်နားငြီးလာပြီးဗျ။ ခင်ဗျားတို့အားလုံးကျေးဇူးပြုပြီး ငြိမ်ငြိမ်လေးနေပေးပါလားဗျာ။ ကျုပ်နားညီးလာပြီဗျ။

အခန်း (၇)

**ဓါးပြ** - ကဲ . . . တိတ်တိတ်နေကြစမ်း . . . ဘယ်သူမှ မလှုပ်နဲ့။ လှုပ်တဲ့လူ အသေသတ်ပစ်မယ်။

**စပယ်ယာ** - ဟေ့ကောင် . . မင်းက ဘယ်သူလဲ ဘယ်တုန်းက ကားထဲမှာ ရောက်နေတာလဲ။

**ဓါးပြ** - ဟဟဟဟ . . ကျုပ်က ခင်ဗျားသတိမထားမိတဲ့ အချိန်မှာ ကားထဲကို ခိုးပြီးဝင်လာခဲ့တာကွ။ ခင်ဗျားတို့အားလုံး ပါလာတဲ့ပစ္စည်းတွေ အကုန်ထုတ်ကြစမ်း။ ဒီမှာတွေ့တယ်နော် ဓါး။ သေသွားမယ်၊ ဘာမှတ်နေလဲ

**အမူးသမား** - အောင်မလေးဗျာ

**တရားဟောဆရာ** - မိတ်ဆွေ . . ခရစ္စမတ်ကာလမှာ ဒီလို မကောင်းတာမလုပ်သင့်ဘူးလေ။ ခရစ်တော်က

**ဓါးပြ** - တော်စမ်း . . ခင်ဗျားတို့ ကျုပ်ကို ဘာမှတ်နေသလဲ။





ဓါးပြသည် ဓါးကို ဟိုရမ်းဒီရမ်း လုပ်ပြရင်း ချော်လဲရာက မိမိကိုယ်မိမိ ထိုးမိသွား၍

**ဓါးပြ** - အွတ် . . . အား အမလေး။ ကျပ် . . . ကျုပ်ကို ကယ်ကြပါအုံးဗျာ ကျုပ်ကိုကူညီပါဗျာ. . . ကျုပ်မသေချင်သေးဘူးဗျ။ ကျုပ် . . ကိုယ့်ကိုယ်ကို ဓါးနဲ့ ပြန်ထိုးမိလို့ဗျ အား . . . ကျွတ်ကျွတ် . . .

**စပယ်ယာ** - ခင်ဗျားဘာဖြစ်သွားလဲ

**ဓါးပြ** - အို့ . . အွတ်. . . အွတ်. . အား . . . . . ဟီးဟီး . . ကျုပ်ကို သနားကြပါဗျာ။ တကယ်တော့ ကျုပ်က ဒီလိုမလုပ်ချင်ဘူးဗျ။ ခရစ်မတ်မှာ ကျုပ်သားသမီးတွေကို လက်ဆောင်ဝယ်ပေးချင်လို့ ပိုက်ဆံလိုတာဗျ။ သူများတွေလို အပန်းဖြေခရီးတို့ဘာတို့ ထွက်ချင်လို့ပါ။ အဲဒါကြောင့် ဒီလိုလုပ်တာပါ။

**စပယ်ယာ** - အို့ သွေးတွေအများကြီးပဲ . . . ကားဆရာရေ မြန်မြန်မောင်း . ဒီမှာ သွေးအရမ်းထွက်နေတယ်

ထိုစဉ် ကားသည် ရုတ်တရက် စက်ပျက်သွားကာ ထိုးရပ်သွားသည်

**ကားဆရာ** - ဟာ . . . သွားပြီ . . ကားပျက်သွားပြီ။ ညကြီးမင်းကြီး လမ်းခုလတ်မှာ ဘယ်လိုလုပ်မလဲ။ ကျုပ်လည်း ကားပဲမောင်းတတ်တာ မပြင်တတ်ဘူး။

**စပယ်ယာ** - ဟောဗျာ . . သေလိုက်ပါတော့ဗျာ . . ကျုပ်လဲမလုပ်တတ်ဘူးဗျ။ ခုတော့သွားပြီ ဘယ်လိုလုပ်မလဲ။ ဒီမှာလဲအရေးပေါ်လူနာနဲ့။

**စက်ဘီးသမား** - ဒီမှာ ကားဆရာ ခင်ဗျားစက်ဘီးစီးတတ်လား။ လူနာအတွက် ကျုပ်စက်ဘီးကို သုံးပြီး အနီးဆုံးနေရာက ဆရာဝန်တစ်ယောက်ကို သွားခေါ်ပေးပါလားဗျာ။

**တရားဟောဆရာ** - ကျွန်တော်စီးတတ်တယ်။ ကျွန်တော်သွားခေါ်ပေးမယ်ဗျာ။ ဟိုက အစ်ကိုကြီး အားမငယ်နဲ့နော် ကျုပ်မြန်မြန်ပြန်လာခဲ့မယ်။

**စပယ်ယာ** - သူ့ဒဏ်ရာက သွေးအရမ်းထွက်တယ်ဗျ. . အဝတ်တွေနဲ့ ပတ်ထားဖို့လိုတယ်။ ဘယ်သူမှာ အဝတ်အပိုပါသလဲဗျ။ လုပ်ကြပါအုံး။

**သမီးလေး** - ဒီမှာ ဦးဦး ရော့ . . သမီးခြုံထားတဲ့ အကျီနဲ့ ဒဏ်ရာကို ပတ်ထားနော်။ သမီးက ချမ်းပဲချမ်းတာ။ ဦးဦးရဲ့ ဒဏ်ရာ သက်သာဖို့က ပိုအရေးကြီးတယ်။

ဒီအချိန်မှာ အဒေါ်ကြီးသည် မိမိအိတ်အထုတ်ထဲက အကျီအနွေးထည်သုံးထည်ကို ထုတ်ယူလျက်

**အဒေါ်ကြီး** - ဒီမှာရှင့် . . ကျွန်မလက်ဆောင်ပေးမယ့် ဒီအဝတ်တွေထဲက တစ်ခုကို ယူသုံးလိုက်ပါရှင်။ ခရစ်စမတ်လက်ဆောင်အနေနဲ့ပေါ့။ ဩော် အစ်မရေ . . ဒါအစ်မနဲ့ ဒီက တူမလေးအတွက် ကျွန်မရဲ့ခရစ်မတ်လက်ဆောင်လို့ သဘောထားလိုက်နော်။ အရမ်းအေးလို့ ဝတ်ထားလိုက်နော်။ ဒါက ဦးလေး သားသမီးတွေကို ပေးဖို့ ခရစ်စမတ်လက်ဆောင်ပါ။

**မေမေ** - ကျေးဇူးတင်ပါတယ်ရှင်။

**သမီး** - ကျေးဇူးပဲ အန်တီ

**ဓါးပြ** - ကျေးဇူးပဲ အစ်မရေ။ ကျွန်တော်လည်း နောင်တရပြီ။ နောက်ဆို ဒီလိုမမိုက်တော့ပါဘူး။

**အရက်သမား** - ဟေ့ ကားဆရာ ခင်ဗျားကားက ဘာဖြစ်တာလဲဗျ။ ကျုပ်ပြင်ကြည့်ပေးမယ်။ ကျုပ်မိန်းမက ကျုပ်ကို အသုံးမကျဘူးလို့ပြောပေမဲ့ ကျုပ်က ကားနည်းနည်းပါးပါးပြင်တတ်ပါတယ်။

**တရားဟောဆရာ** - ဗျို့ကားဆရာ ကျေးဇူးတော်ကြောင့် ကျွန်တော်ပြန်ရောက်ပြီဗျ . . သူက ဟိုဘက်ရွာကို သွားမည့် သူနာပြုဆရာပါ။ လမ်းမှာ သူနဲ့တွေ့လို့ ကျေးဇူးတော်ပါပဲ။ သူက ဘုရားသခင်လွှတ်လိုက်တဲ့ ကောင်းကင်တမန်လို့ ဆိုရမယ်။

**သူနာပြု** - အိုး ခင်ဗျားဒဏ်ရာက တော်တော်နက်တာပဲ။ တော်သေးလို့ သွေးထွက်မလွန်အောင် အဝတ်နဲ့ ပတ်ထားလို့။

**ဓါးပြ** - ကျေးဇူးပါပဲ ဆရာရယ်။

**သူနာပြု** - ရပါတယ်ဗျာ။ ဒီလိုကူညီခွင့်ရလို့ ဒီနှစ်ခရစ်စမတ်မှာ ဝမ်းမြောက်မိပါတယ်။

**မူးသမား** - ကဲ ကားဆရာရေ ဒီလောက်ဆို အဆင်ပြေပြီထင်တယ်။ ကဲ မောင်းကြည့်ပါအုံး

(ကားစက်နိုးသံ)

**အားလုံး** - ဝိုး . . ကားပြန်ကောင်းသွားပြီကွ။

**ကားဆရာ** - ခင်ဗျားမိန်းမက ခင်ဗျားကို အသုံးမကျဘူးလို့ ပြောပေမဲ့ ခင်ဗျားက တော်တော်တော်တာပဲ။

**တရားဟောဆရာ** -ကဲ ဒီမှာ ကြည့်ကြပါအုံး ဒီအစ်မက အဝတ်လက်ဆောင်ပေးသလို၊ ဒီညီလေးက စက်ဘီးကို ပေးစီးတယ်။ ဟိုအကိုက ကားပျက်နေတာကို ပြင်ပေးသလို ဒီသူနာပြုက လူနာကို ကြည့်ပေးတယ်။ ကဲ ခုဆိုရင် တစ်ကားလုံးမှာရှိတဲ့မိတ်ဆွေအားလုံးက ဒီနှစ်ခရစ္စမတ်မှာ လိုအပ်တဲ့သူကို အကောင်းဆုံးလက်ဆောင်တွေ ကိုယ်စီပေးခဲ့ကြပြီ။ ဒီမှာရှိတဲ့ ပရိတ်သတ်တွေကော . . ဘယ်သူ့ကို ဘာလက်ဆောင်ကို ပေးကြမလဲ. . . ။ ❐





# ကျေးဇူးတင်လွှာ

ရှေ့ဦးစွာ အသက်ရှင်တော်မူသော ဘုရားသခင်၏ ကျေးဇူးတော်အပေါင်းကို ချီးမွမ်းထော
ပနာပြုပါသည်။ ကျော်လွန်သွားသော ၂၀၁၄-၁၅ ပညာသင်နှစ်ကို တစ်ဖန်ပြန်ကြည့်မည်ဆိုလျှင် ကျေးဇူး
တော်ကြောင့်သာ ကျောင်းသားကျောင်းသူများတို့သည် အခက်အခဲအမျိုးမျိုးကြားမှ လုပ်ဆောင်ရမည့်
တာဝန်အသီးသီးကို အတတ်နိုင်ဆုံးကျေပွန်စွာ ထမ်းဆောင်နိုင်ခဲ့ကြသည်။ ထိုများထဲမှ တစ်ချို့ကို
ပြန်လည်ဖော်ပြရမည်ဆိုလျှင် ကျောင်း၏လှုပ်ရှားမှုများဖြစ်သော Eccumenical fellowship (HCTC,
MIT, CMS) ကိုကောင်းမွန်စွာပြုလုပ်နိုင်ခဲ့ကြပါသည်။ ထိုနည်းတူ အင်္ဂလီကန်လူငယ်များတို့၏ ဓမ္မပြ
ဇာတ်တွင်လည်း ပါဝင်ကပြခြင်းများပြုလုပ်နိုင်ခဲ့ပေသည်။ လှည်းကူးရှိ အဘွားရိပ်သာသို့လည်း ခရစ္စမတ်
သတင်းကောင်းကို အဘွားများနှင့်မျှဝေရင်း မိတ်သဟာယဖွဲ့ဆင်နွှဲနိုင်ခဲ့ကြပါသည်။ အခြားသောလုပ်
ဆောင်မှုများတို့မှာ လုပ်အားပေးခြင်းများနှင့် ရန်ကုန်ဒေသန္တရရှိ ဘုရားကျောင်းများမှ လူငယ်များတို့နှင့်
မိဿဟာရ ဘောလုံးပွဲများ ကစားခြင်းများတို့လည်း ပြုလုပ်နိုင်ခဲ့ကြပါသည်။ ခရစ္စမတ်ခရီးစဉ်ကာလ
တွင်မူ မန္တလေးသာသနာပိုင်နယ်ရှိ ပင်လုံ၊ တောင်ကြီးများသို့လည်းကောင်း၊ ပြည်ဂိုဏ်းထောက်နယ်
နှင့် မြစ်ဝကျွန်းပေါ်ဂိုဏ်းထောက်နယ်များသို့လည်းကောင်း၊ ရန်ကုန်မြို့ပေါ်ရှိအချို့သော အသင်းတော်
များသို့လည်းကောင်း အတူတကွပါဝင်ခြင်းများ ပြုလုပ်နိုင်ခဲ့ပါသည်။

နွေရာသီကျောင်းပိတ်ရက်ကာလများတွင်မူ နှစ်စဉ်နှစ်တိုင်းသွားရောက်လေ့ရှိသည့် သာသနာ
ပြုခြင်း ခရီးစဉ်များတို့ကိုလည်း အတန်းလိုက်အောင်မြင်စွာ သွားရောက်လုပ်ကိုင်နိုင်ခဲ့ကြပါသည်။
ပထမနှစ်ကျောင်းသူ၊ကျောင်းသားများတို့သည် ရန်ကုန်သာသနာပိုင်နယ်အတွင်းရှိ (ယခုပြည် ဂိုဏ်း
ထောက်နယ်) ကြာအင်း ဘုန်းကြီးပိုင်နယ်နှင့် ဒိုးနွယ်ဗတ္တိဇံဆရာရှင်ယောဟန်ဘုန်းကြီးပိုင်နယ်သို့
လည်းကောင်း၊ ဒုတိယနှစ်ကျောင်းသား၊ကျောင်းသူများတို့သည် တောင်ငူသာသနာပိုင်နယ်၊ အနောက်
တောင် ဘုန်းကြီးပိုင်နယ်သို့ လည်းကောင်း ၊ တတိယနှစ်ကျောင်းသားကျောင်းသူများတို့သည် တောင်ငူ
သာသနာပိုင်နယ်၊ ရှင်ပေါလုအသင်းတော်ရှိ ဒံယေလစိုက်ပျိုးရေးသင်တန်းသို့ သွားရောက်နိုင်ခဲ့ကြပါ
သည်။ ကျောင်းသားကျောင်း သူများတို့၏ နွေရာသီခရီးစဉ်အတွက် လက်ခံပေးသောဘုန်းကြီးပိုင်နယ်ရှိ
ဘုန်းတော်ကြီးများသော် လည်းကောင်း၊ အသင်းသူ၊ အသင်းသားများသော်လည်းကောင်း အထူးပင်
ကျေးဇူးတင်ပါသည်။ ထိုအပြင် နွေရာသီခရီးစဉ်များအတွက် ပါဝင်လှူဒါန်းကြသော ပြည်တွင်းပြည်ပ
အလှူရှင်အသီးသီးတို့ကိုလည်း အထူးပင်ကျေးဇူးတင်ပါသည်။

တစ်နှစ်တာလုံးကိုပြန်လည်ခြုံကြည့်မည်ဆိုပါက ဘုရားသခင်နှင့်အတူ အခြားကျေးဇူးတင်ရမည့်
သူများလည်း မြောက်များစွာ ရှိနေပါသည်။ အကြောင်းမှာ တစ်နှစ်တာလုံး ကျောင်းသားကျောင်းသူများ
ပညာသင်ကြားရာတွင် လိုအပ်မှုများ မြောက်မြားစွာ ရှိနေပါသည်။ ပညာသင်နှစ်အတွက် ငွေကြေးမှအစ
လိုအပ်သောအရာများတို့ကို စေတနာထားကာ လှူဒါန်းမှုပြုကြကုန်သော အလှူရှင်အသီးသီးတို့အား
လည်း အထူးပင်ကျေးဇူးတင်ကြောင်း ရှာလုမ်မှတစ်ဆင့် ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။ ထိုအပြင်
အခါအားလျော်စွာ အစားအသောက်များအားဖြင့် လာရောက်လှူဒါန်းကြကုန်သော အလှူရှင်အသီး
သီးများတို့ကိုလည်းကောင်း ၊ ငွေကြေးအားဖြင့်မဟုတ်လဲ ဆုတောင်းခြင်းအားဖြင့် သော်လည်းကောင်း၊
အခြားသောအကူအညီများတို့ဖြင့် ကူညီကြကုန်သော ခရစ်ယာန်ညီအစ်ကိုမောင်နှမအားလုံးတို့အပေါ်
တွင် ဘုရားသခင်သည် အစဉ်သဖြင့်ကောင်းချီးပေးတော်မူပါမည့်အကြောင်း ဆုတောင်းပေးသည့်နည်းတူ
ရှာလုမ်မဂ္ဂဇင်းမှတဆင့် ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

ကျောင်းသားအမှုဆောင်အဖွဲ့.




# တတိယနှစ် ကျောင်းသူ၊ ကျောင်းသား များ

## တို့၏ Internship

ရှေးဦးစွာ အချိန်တိုင်း၊ နာရီတိုင်း၊ စက္ကန့်တိုင်းတွင် ပို့ဆောင်ပေးခဲ့သော အသက်ရှင်တော်မူသော
ဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်းပါသည်။ ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် ကျွန်ုပ်တို့ တတိယ
နှစ်ကျောင်းသူ၊သားများသည် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်၊ နွေရာသီ ခရီးစဉ်အား ကောင်းမွန်ချောမော
စွာ သွားရောက်နိုင်ခဲ့ပါသည်။

သွားရောက်ခဲ့သည့်ခရီးစဉ်နှင့် ပတ်သက်၍ ငွေကြေးအားဖြင့် ပါဝင်လှူဒါန်းကြသော အလှူရှင်
များသော်လည်းကောင်း၊ ဆုတောင်းခြင်းအားဖြင့် သတိရဆုတောင်းပေးခဲ့ကြသော ညီအစ်ကိုမောင်နှမ
များ အားလုံးသော်လည်းကောင်း၊ ခရီးစဉ်သွားရောက်ရန်အတွက် စီစဉ်ပေးသော ကျောင်းတော်ကြီးမှ
ကျောင်းအုပ်ကြီးနှင့်တကွ ဆရာ၊ ဆရာမနှင့် စီမံအုပ်ချုပ်သူများအားလုံးကိုလည်းကောင်း၊ သွားရောက်
ခဲ့သည့် နယ်နှင့်ပတ်သက်၍လည်း နွေးထွေးစွာ ကြိုဆိုလက်ခံပေးပါသော နယ်စီးဘုန်းတော်ကြီးနှင့်တကွ
အသင်းသူ၊သားများ အားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

သွားရောက်ခဲ့သည့်နယ်မှာ တောင်ငူသာသနာပိုင်နယ်ရှိ၊ လွိုင်ကော်၊ ရှင်ပေါလုဘုန်းကြီးပိုင်
နယ်ဖြစ်ပြီး သွားရောက်နေထိုင်သည့် အချိန်ကာလမှာ တစ်လကျော်ပင်ဖြစ်ပါသည်။ သွားရောက်
ရခြင်း၏အကြောင်းအရင်းမှာ ဒံယေလစိုက်ပျိုးရေးသင်တန်းတက်ရောက်ရန်ဖြစ်သည်။ ထိုသင်တန်း၌
စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာပညာရပ်များကို အထူးသင်ယူခွင့်ရရှိခဲ့ပါသည်။ သင်ကြားပေးပါသော
ဆရာများမှာ ဘားအံသာသနာပိုင်ကြီး စောစတိုင်လို အပါအဝင်၊ ကယားပြည်နယ် စိုက်ပျိုးမွေးမြူ
ရေးဌာနမှ တာဝန်ရှိသူများ၊ အာမိုခါတ်မြေဩဇာမှ တာဝန်ရှိသူများပါဝင်ပါသည်။





သင်တန်းကာလအတွင်း၌ စာတွေ့သာမက၊ လက်တွေ့ပိုင်းဆိုင်ရာနှင့် ပတ်သက်၍ ကယားပြည်
နယ် စိုက်ပျိုးမွေးမြူရေးဌာန၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ လက်တွေ့လုပ်ဆောင်နေမှုများတို့ကို
သွားရောက်လေ့လာခွင့် ရခဲ့ပါသည်။ သင်တန်း၏အချိန်ကာလသည် မနက် (၉း၀၀) မှ ညနေ (၃း၀၀)
အထိ ဖြစ်ပါသည်။ ညနေပိုင်းတွင်မူ ဝါတွင်းကာလဖြစ်သည့်အားလျော်စွာ လွိုင်ကော် ရှင်ပေါလုအသင်း
တော်ရှိ အသင်းသူ၊သားများ၏ နေအိမ်များသို့ လှည့်လည်ကာ ဝါတွင်းဝတ်ပြုခြင်းများကို ပြုလုပ်ခြင်း
အားဖြင့် မိတ်သဟာရဖွဲ့ခွင့်ရခဲ့ပါသည်။

ထို့အပြင် နယ်စီးဘုန်းတော်ကြီး ဆရာခရစ္စတိုဖာသိန်းထိုက်၏ စီစဉ်ပေးခြင်းအားဖြင့်
ခရစ်ယာန်မဟုတ်သောသူများ နေထိုင်သည့် ကျေးရွာများသို့လည်း သွားရောက် မိတ်သဟာရပြုခွင့်
ရခဲ့ပါသည်။ ထိုနည်းတူ တောအထပ်ထပ်၊ တောင်အသွယ်သွယ်များဖြင့် ဝန်းရံလျက်ရှိသော မော်ချီး
ဒေသရှိ ယုံကြည်သူ အသင်းသူ၊ သားများထံသို့လည်း သွားရောက်မိတ်သဟာရပြုနိုင်ခဲ့ သည်သာမက
၄င်းတို့ လုပ်ကိုင်လျက်ရှိသတ္တုတွင်း များသို့လည်း သွားရောက်လေ့လာခွင့်ရခဲ့ပါသည်။ ထို့ကြောင့် လက်ခံ
ပေးပါသော မော်ချီး နယ်စီး ဘုန်း/ကြီးနှင့်တကွ အသင်းသူ၊သားများအားလုံးကို အထူးပင်ကျေးဇူး
တင်ပါသည်။ သင်္ကြန်ကာလသို့ ရောက်သောအခါတွင် သန့်ရှင်းသောကားတိုင် အသင်းတော်မှ နွေရာသီ
မိသားစုသင်တန်းကို လွိုင်ကော်၌ လာရောက်ပြုလုပ်သောအခါတွင်လည်း အတူတကွ ပါဝင်ဆင်နွှဲခွင့်
ရခဲ့ပါသည်။

### ခရီးစဉ်ကိုပြန်လည်သုံးသပ်ခြင်း

သွားရောက်ခဲ့သည့် ခရီးစဉ်တစ်လျှောက်လုံးကို ပြန်လည်သုံးသပ်ကြည့်မည်ဆိုပါက စိုက်ပျိုး
မွေးမြူရေး သင်တန်း၌ ပို့ချခဲ့သောအရာ များတို့သည် မိမိတို့၏ အမှုတော်ဆောင်ခြင်းအသက်တာတွင်
တစ်ထောင့်တစ်နေရာ၌ အလွန်ပင် အသုံးဝင်သောအရာများဖြစ်ပါသည်။ သင်တန်းမှ ရရှိခဲ့သော
အရာများတို့သည် မိမိကိုယ်တိုင် မလုပ်ဆောင်နိုင်သည့်တိုင် မိမိတို့၏ အသင်းသူ၊သားများတို့အား
ပြန်လည်ဝေမျှခြင်းများ ပြုလုပ်နိုင်မည်ဖြစ်သည်။ ထို့အပြင် သင်တန်း၌ စိုက်ပျိုးမွေးမြူရေးသာမက
အသင်းတော်၏ အုပ်ချုပ်ရေး၊ ဝိညာဉ်ရေး၊ အစရှိသောအရာများတို့ကို အတိုင်းအတာတစ်ခုအထိ လေ့
လာသင်ယူခွင့် ရရှိခဲ့ပါသည်။ ထို့ကြောင့် ခရီးစဉ်တစ်လျှောက်၌ သင်ယူခဲ့ရသောအရာများတို့သည်
မိမိတို့၏ လက်တွေ့အမှုတော်ဆောင်ခြင်းတွင် တန်ဖိုးမဖြတ်နိုင်သည့် သင်ခန်းစာများ ရရှိခဲ့ကြောင်း
သုံးသပ်မိပါသည်။

မှတ်တမ်းရေးမှူး

-စောဖိုးကျော်မြ
-စောကပေါ်စိုး
-စောဉာဏ်စိုးထက်



# ဘုရားသခင်ကျေးဇူးတော်၏ တန်ဖိုး

ဆလိုင်းကျော်ရဲ (ဗွမြောင်)

ကျွန်တော်တို့ခရစ်ယာန်ယုံကြည်သူများအနေဖြင့် သခင်ယေရှုခရစ်တော်ကိုယုံကြည်သော အားဖြင့် ဘုရားသခင်အခမဲ့ ပေးသော ထာဝရအသက်ဆုကျေးဇူးကိုရပြီး ယေရှုခရစ်တော်ပြန်ကြွလာ ခြင်းနှင့် နောက်ဆုံးအပြစ်စီရင်ခြင်းရှိမည်ကို လက်ခံကြသည်မှာ အမှန်ပင်ဖြစ်ပါသည်။ ကျေးဇူးတော် ဆိုသည်မှာ ကယ်တင်ခြင်းအမှုနှင့် မထိုက်တန်သော်လည်း ဘုရားသခင်သည်သူ၏ အချုပ်အခြာအာဏာ ဖြင့် ရွေးချယ်သော သူတို့ကိုပေးသည့်အရာဖြစ်သည်။ ဘုရားသခင်သည်အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်တို့ တွင် အစဉ်မပြောင်းလဲသောဘုရား ဖြစ်ပါသည်။ သူဖန်ဆင်းသော စကြာဝဠာကြီးနှင့်တကွ လူ့သမိုင်း တစ်လျှောက်တွင် အစဉ်ပါဝင်ပတ်သက်ခဲ့ပြီး ပတ်သက်နေပြီး ဆက်လက်ပတ်သက်နေအုံးမှာဖြစ်ပေမယ့် ကိုယ်တိုင်ကတော့ ဘယ်သောအခါမှမပြောင်းမလဲ၊ ပြီးပြည့်စုံသောအရှင်ဖြစ်ပါသည်။ ဘုရားသခင်သည် စကြာဝဠာနှင့် လူ့သမိုင်းကိုထိန်းချုပ်သော အရှင်ဖြစ်သော်လည်း ဩဇာအာဏာနှင့်ထိန်းချုပ်ခြင်း မဟုတ်ပေ။ သူ၏ထိန်းချုပ်မှုမှာ သဘာဝတရား၏ နိယာမများကို ချိုးဖောက်ခြင်းများ မပါဝင်သကဲ့သို့ လွတ်လပ်စွာရွေးချယ်ခြင်းခွင့်ကိုလည်း ပေးထားသောအရှင် ဖြစ်ပါသည်။ အရှင်သခင်နှင့်ကျွန်များ၊ ဆင်းရဲသူနှင့် ချမ်းသာသူအားလုံးတို့သည် ဘုရားသခင်အတွက် တတန်းတစား တည်း ဖြစ်ပါသည်။ ဘုရားသခင်၏ကျေးဇူးတော်သည် ချမ်းသာသူ၊ ဆင်းရဲသူအားလုံးအတွက် လုံလောက်ပေသည်။ ကျွန်ုပ်တို့ အသက်တာကဏ္ဍတိုင်းသည် ဘုရားသခင်အတွက် အရေးပါပြီး ထိုကဏ္ဍတစ်ခုစီအတွက် ဘုရားသခင်က





အသေးစိတ် စီစဉ်ထားပါသည်။ အချို့ခရစ်ယာန်ယုံကြည်သူများသည် ယခုခေတ်အချိန်အခါကို ကျေးဇူးတော်ကာလခေတ်ဟူ၍ပင် ခေါ်ဆိုကြပါသည်။ကျွန်ုပ်တို့ခရစ်ယာန်ယုံကြည်သူများသည် အခြားသော ဘာသာဝင်များနှင့် မတူသည့်အချက်မှာ ထိုကျေးဇူးတော်ကြောင့်ပင် ဖြစ်ပါသည်။ ခရစ်ယာန်ယုံကြည်သူများ လိုက်လျှောက်ရမည့်ပညတ်ချက်သည် အချုပ်အားဖြင့် နှစ်ချက်သာရှိပြီး ဘုရားသခင်ကို စိတ်နှလုံးအကြွင်းမဲ့ချစ်ရန်နှင့် ကိုယ်နှင့် စပ်ဆိုင်သူကိုကိုယ်နှင့်အမျှချစ်ရန် ဖြစ်ပါသည်။ လူတို့၏ ကိုယ်တိုင် ကြိုးစား အားထုတ်မှု၊ အကျင့်သီလနှင့်အရည်အချင်းတို့သည် ဘုရားသခင် ရှေ့တော်မှောက်တွင် အချည်းနှီးပင်ဖြစ်ပါသည်။ ဘုရားသခင်၏ကျေးဇူးတော်သည် အလွန်ပင်အံ့ဩဖွယ်ရာကောင်းပါသည်။ ကောင်းသောအလုပ်သည် ကျွန်တော်တို့ ကို မကယ်တင်နိုင်သော်လည်း ကောင်းသောအမှုကိုပြုခြင်း အားဖြင့် ကယ်တင်ခြင်းရပြီးသောသူဖြစ်ကြောင်းကို ပြသနိုင်ပါသည်။သို့သော် ကယ်တင်ခြင်းမရရှိဘဲ လုပ်ဆောင်သောကောင်းမှုတို့သည် ဘုရားသခင်လက်မခံသည့်အပြင် အဝတ်အစုတ်ကဲ့သို့ပင် ဖြစ်ပါသည်။

ကယ်တင်ခြင်းရပြီးနောက်ပြုသော ကောင်းသောအမှုသည် ဘုရားသခင်၏ရှေ့တော်တွင် ကောင်းသည်ဟု အသိအမှတ်ပြုပါသည်။ ကျေးဇူးတော်အားဖြင့် ကယ်တင်ခြင်းရရှိပြီးသည့်နောက် ထို ကျေးဇူးတော်သည် အစဉ်အမြဲစီးဆင်းနေသော ကြောင့် ဘုရားသခင်၏အလိုတော်ကိုလုပ်ဆောင်နိုင်ရန် အခွင့်အာဏာတန်ခိုးနှင့် ပြည့်စုံစေပါသည်။ ကျွန်ုပ်တို့ခရစ်ယာန်ယုံကြည် သူများသည် ဘုရားသခင်၏ အလိုတော်နှင့်အညီ မိမိကိုယ်ကိုဘုရားသခင်ထံ အပ်နှံကြရမည် ဖြစ်သည်။ အချို့သောခရစ်ယာန် ယုံကြည်သူများသည် ကျေးဇူးတော်ကာလဟုပြောဆိုကြပြီး ဘုရားသခင်ပေးထားသော ပညတ်တရား များသည် အရေးမပါတော့ဟု ထင်ပြီး အသက်ရှင်နေထိုင်သူများလည်း ရှိကောင်းရှိမည်ဖြစ်သည်။ ကျွန်ုပ် တို့ခရစ်ယာန်ယုံကြည်သူများသည် ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် အပြစ်တရားနှင့် ပညတ်တော် များမှ လွတ်လပ်သောသူများ ဖြစ်ကြပါသည်။ သို့သော် လွတ်လပ်ခြင်းဆိုသည်မှာ လုပ်လိုသမျှကို လုပ်ကိုင်ခွင့်ရရှိထားခြင်းမဟုတ်ဘဲ ယေရှုခရစ်အားဖြင့် အလုံးစုံ၌ ပေါ့ပါးလွတ်လပ်ခွင့်ရှိနေခြင်းဖြစ်ပါ သည်။ ထိုနောက် ပြည့်စုံအောင်ဖြည့်ဆည်းပေးသောအရာလည်း ဖြစ်ပါသည်။ ဘုရားသခင်သည် သမ္မာကျမ်းစာတွင်ရှိသော ပညတ်တော်အားလုံးကို ယုံကြည်သူများအား လိုက်လျှောက်စေလိုသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အားခေါ်ယူရာ၌ အလုပ်တစ်မျိုးတည်း (သို့မဟုတ်) တူညီသောဆုကျေးဇူးနှင့် တူညီသော အမှုတော်လုပ်ငန်းကို လုပ်ဆောင်ရန်မဟုတ် ကျွန်ုပ်တို့အတွက် ဘုရားသခင်၏ အလို တော်သည် သီးသန့်လက်ရာဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ခရစ်ယာန် ယုံကြည်သူများအနေဖြင့် ဘုရားသခင်၏ကျေးဇူးတော်သည် လူသားတို့အပေါ်တွင် မည်မျှပင်ကြီး မားလှကြောင်းကိုနားလည်ပြီး ထိုကျေးဇူးတော်၏တန်ဖိုးရှိမှုကိုလည်း နားလည်သဘောပေါက်၍ ထိုကဲ့သို့တန်ဖိုးရှိသည့်အတိုင်းပင် ထိုတန်ဖိုးနှင့် ကိုက်ညီသောအသက်တာကို တည်ဆောက်ရမည်ဖြစ်သည်။ ☐



# ဖိနပ်ချုပ်သမားရဲ့ ဆန္ဒ

ကိုမျိုး (မြစ်ညာ)

မြေလတ်မြို့ကလေး၏ နွေဦးရာသီသည် ပူပြင်းခြောက်သွေ့မှုများအကြား အသက်မဲ့နေသယောင်ယောင်ဖြစ်သည်။ ဗာဒံပင်မြင့်ထက်ဆီမှ ကြွေကျလာသော နီညိုရင့်ရောင်ရွက်ခြောက်များနှင့်အတူ ဥသြငှက်သံသည်လည်း မြေယံဆီသို့ဝဲပျံဆင်းကျလာသည်။ လမ်းဆုံဒေါင့်ရှိ လက်ဖက်ရည်ဆိုင်တွင် ထိုင်နေသော သူ့စားပွဲပေါ်၌လည်း ဗာဒံရွက်ကြွေများဟိုတစ်ရွက်၊ ဒီတစ်ရွက်။ စားပွဲထိုးလေးက "မှာတော့မလား"ဟုမေးလာသည်ကို ခေါင်းခါပြရင်း ရေနွေးကြမ်းတစ်ခွက်ကို ငှဲ့လိုက်သည်။ လမ်းမထက်ဆီက တံလျှပ်များနှင့်အပြိုင် ရေနွေးငွေ့များက လေထဲသို့ဝဲပျံလျက်ရှိသည်။ ကိုသန်းအောင်လာမည်ကို စောင့်စားရင်း သူ့အတွေးများလည်း ဟိုတစ်စ၊ သည်တစ်စ ပျံ့လွင့်နေသည်။

"ကြာပြီလား။ ကိုမျိုး။" စက်ဘီးပေါ်မှ ဆင်းရင်း မေးလာသည့်စကားကို "သိပ်မကြာသေးပါဘူး။ လာလေ ကိုသန်းအောင်။ " ဟုတုန့်ပြန်လိုက်သည်။ လက်ဖက်ရည်ဆိုင်ရှေ့တွင် စက်ဘီးကို ဒေါက်ထောက်ရပ်ထားပြီး ကိုသန်းအောင်သည် ခွေးခြေခုံတစ်ခုကို ဆွဲ၍စားပွဲ၌ထိုင်လိုက်သည်။

"ရာသီဥတုက ပူတယ်ကွာ။ နေ့လည်နေ့ခင်း အပြင်ထွက်ဖို့မကောင်းဘူး။ အိမ်မှာပဲအိပ်နေဖို့ကောင်းတယ်။"

"ဟုတ်တယ်။ ဘာသောက်မလဲ။ မှာလိုက်မယ်လေ။"

"ထုံးစံအတိုင်း ပေါ့ကျပေါ့ကွာ။" စားပွဲထိုးလေးကို လက်ဖက်ရည်မှာရင်း ကိုသန်းအောင်က စကားစလာသည်။

ကိုသန်းအောင်သည် အသင်းတော်လူကြီးတစ်ဦးဖြစ်သည့်အပြင် အမှုတော်ဆောင်များကိုလည်း အားပေးထောက်ပံ့ နေသူတစ်ဦးလည်းဖြစ်



SHALOM MAGAZINE

သည်။ အသင်းတော်လုပ်ငန်းများတွင်လည်း တက်တက်ကြွကြွပါဝင်ဦးဆောင်နေသူလည်းဖြစ်သည်။ ပြောစရာတစ်ခုကတော့ မည်သူကိုမှ မငဲ့ကွက်ဘဲ သူ၏ဝသီအတိုင်း ဘွင်းဘွင်းကြီးပြောတတ်ခြင်းပင်ဖြစ်သည်။ ထို့ကြောင့်ပင် အသင်းတော်စည်းဝေးများ၌ အခြားသူများနှင့် စကားများရသည့် အခြေအနေများလည်း ရှိနေခဲ့ပါသည်။ ပြောစရာရှိသည်ကိုပြောပြီး အမှတ်အတေးမထားဘဲ လုပ်စရာရှိသည်ကိုလည်း လုပ်တတ်သူတစ်ဦးဖြစ်ပါသည်။

"ဒီလို ကိုမျိုးရ" ဟုအစချီကာ အသင်းတော်၏ ရှေ့အနာဂတ်ကို မည်သို့ပုံဖော်ရမည့် အကြောင်းများကို ပြောလာပါသည်။ သူ၏အားသာချက်တစ်ခုမှာ ဆုံးဖြတ်ထားပြီးသော ရှေ့လုပ်ငန်းစဉ်များကို အောင်မြင်အောင် အကောင်အထည်ဖော်တတ်ခြင်းပင်ဖြစ်သည်။ ကုန်ကျမည့်ငွေကြေးများအတွက် စဉ်းစားတုန့်ဆိုင်း မနေတတ်ဘဲ လုပ်တတ်သောကြောင့်ပင် အသင်းတော်လုပ်ငန်းများ အောင်မြင်ခဲ့ရသည်ဖြစ်သည်။

အမှုတော်ဆောင်များကိုလည်း အားမလိုအားမရဖြစ်လျှင် ပွင့်ပွင့်လင်းလင်းပြောတတ်သည်။ ထို့ကြောင့် အချို့အမှုတော်ဆောင်များက သူ့စကားများအတွက် အခံရခက်သော်လည်း သူ့စေတနာအပေါ်တွင် အသိအမှတ်ပြုကြပါသည်။ သိက္ခာမရသေးသော အမှုတော်ဆောင်များအတွက်လည်း သာသနာပိုင်များထံသွား၍ တွန်းတွန်းတိုက်တိုက် လုပ်တတ်သည်မှာလည်း သူ့စရိုက်တစ်ခုပင်ဖြစ်သည်။

"ငါက အမှုတော်ဆောင်ဖြစ်ချင်ခဲ့ တာပါ" ဟု၍ ကိုသန်းအောင်က ပြောလာပါသည်။

" ဘာဖြစ်လို့ ကျမ်းစာကျောင်းမတက်ခဲ့တာလဲ။" ထိုမေးခွန်းအတွက် အတန်ငယ်တုန့်ဆိုင်း စဉ်းစားနေရင်း တွေးတွေး ဆဆ ဖြေလာပါသည်။

"ငါက အိမ်မှာ သားအကြီးဆုံးလေ။ ညီမတွေကလည်းရှိသေးတယ်။ အိမ်ကိုဦးဆောင်ပြီး လုပ်ကျွေးရဦးမယ်လေ။ ညီမတွေ ပညာရေးနဲ့ သူတို့ကိုငဲ့ညှာခဲ့တာလည်း ပါပါတယ်။ ဒါကြောင့် အမှုတော်ဆောင်မဖြစ်ခဲ့ပေမဲ့ အမှုတော်ဆောင်တွေကို အားပေးတိုက်တွန်းနေတာပေါ့။ သူတို့လိုဖြစ်ချင်ပေမဲ့ မဖြစ်ခဲ့ရဘူးမဟုတ်လား။ ဖိနပ်ချုပ်သမား ပုံပြင်ကို မင်းကြားဖူးလား ကိုမျိုး။"

"ဟင့်အင်း။ မကြားဖူးဘူး။"

"ဒီလိုကွ။ ဖိနပ်ချုပ်သမားတစ်ယောက် ရှိတယ်။ သူ့လက်ရာတွေက ကောင်းလွန်းတော့ ရွာကလူဂုဏ်ထံတွေရော၊ သာမန်လူတွေကပါ သူ့ဆီမှာအပ်ကြတယ်။ သူက ပျက်စီးသွားတဲ့ဖိနပ်တွေကို ချုပ်ပေးတဲ့နေရာမှာ လက်ရာသေသပ် ကောင်းမွန်ရုံမကဘူး၊ ဖိနပ်အသစ်တွေကိုလည်း ကိုယ်တိုင်ချုပ်ပေးတတ်တယ်။ ကိုယ်ကတော့ လိုချင်တဲ့ဖိနပ်ပုံစံ ပြောရတာပေါ့။"

"သူနဲ့ရင်းနှီးနေတဲ့ ရွာထဲက လူငယ်လေးတစ်ယောက်ရှိတယ်။ အဲဒီလူငယ်လေးက ကျမ်းစာကျောင်းတက်နေတာပေါ့။ သူတို့ကတော့ ကက်သလစ်တွေဆိုတော့ ဘရာသာကျောင်းပေါ့ကွာ။ မိုင်နာကျောင်းကိုအရင်တက်ရတာပေါ့။ နောက်တော့ မေဂျာကျောင်းကိုဆက်တက်ရတယ်။"

"ဒီလိုနဲ့ တစ်နေ့မှာ လူငယ်လေးက ကျောင်းပြီးသွားတယ်ဆိုပါတော့ကွာ။ နှစ်စဉ်ကျောင်းပိတ်ချိန်တွေမှာ ပြန်လာရင်လည်း အဲဒီဖိနပ်ချုပ်သမားနဲ့ လူငယ်လေးဟာ စကားတွေပြောဖြစ်ကြတာပေါ့ကွာ။ ဒါက သူတို့နှစ်ယောက်ရဲ့ရင်းနှီးမှုကိုပြောချင် လို့ပါ။"

"လူငယ်လေး ကျမ်းစာကျောင်းပြီးသွားတဲ့ အခါတော့ သူတို့တွေမတွေ့ဖြစ်ကြတော့ဘူး။ လူငယ်လေးလည်း အခြားမြို့တွေမှာ တာဝန်ကျ

တယ်ထင်ပါတယ်။ တစ်နေ့တော့ အဲဒီလူငယ်လေး သိက္ခာခံရတော့မယ်ဆိုတဲ့ သတင်းကို သူ့မိဘတွေ ဆီကတစ်ဆင့် ဖိနပ်ချုပ်သမားက ကြားသိခဲ့ရ တယ်။ ဒါနဲ့ပဲ လူငယ်လေးအတွက် ဖိနပ်တစ်ရံကို နေ့မအား၊ ညမအား ချုပ်တော့တာပဲ။"

"သိက္ခာခံတဲ့နေ့မှာတော့ ဖိနပ်ချုပ်သမား ဟာ လူငယ်လေးရဲ့မိဘတွေနဲ့အတူ မြို့ကိုလိုက်သွား ခဲ့တယ်။ သိက္ခာခံယူရတဲ့ ဘုရားကျောင်းက အကြီး ကြီးဆိုပဲ။ ဖိနပ်ချုပ်သမားလည်း ဘုရားကျောင်းကြီး ကို ရင်သပ်ရှုမောစွာနဲ့ကြည့်ပြီး အထဲကိုဝင်လာခဲ့ တယ်။ အစီအစဉ်မစခင် လူငယ်လေးကိုလိုက်ရှာ တယ်။ တွေ့တဲ့အခါမှာတော့ သူချုပ်ထားတဲ့ဖိနပ် တစ်ရံကို လူငယ်လေးလက်ထဲ ထည့်ပေးလိုက်ရင်း သူအလွန်ပြောချင်နေတဲ့ စကားတစ်ခွန်းကိုလည်း ပြောလိုက်တယ်။ အဲဒီစကားက ဒီလိုကွ။"

"ဆရာတော် ဒီဖိနပ်ကိုစီးတဲ့အခါ တပည့် တော်ကိုသတိရပေးပါ။ ဆရာတော် တရားဟောတဲ့ အခါတိုင်း၊ အမှုတော် ဆောင်တဲ့အခါတိုင်း ဒီဖိနပ် ကိုစီးပြီး တရာဟောပေးပါ။ အမှုဆောင်ပေးပါ။ တပည့်တော်ဟာ တစ်ချိန်က အမှုတော်ဆောင်ဖြစ် ချင်ခဲ့သူပါ။ ဒါပေမယ့် အခြေအနေအရ ဖိနပ်ချုပ် သမားဖြစ်နေသူပါ။ ဒီဖိနပ်ကိုစီးပြီး တရားဟောတဲ့ အခါတိုင်း၊ အမှုတော်ဆောင်တဲ့အခါတိုင်း တပည့် တော်လည်း တရားဟောနေတယ်၊ အမှုတော် ဆောင်နေတယ်တယ်ဆိုတာကို သတိရစေချင်ပါ တယ်။ တပည့်တော်လည်း ထိုအတိုင်းခံစားနေပါ တယ်။"

"ငါလည်း ဒီသဘောအတိုင်းပါပဲကွာ။ ကိုယ်တိုင် အမှုတော်ဆောင်မဖြစ်ပေမယ့် အမှုတော်ဆောင် တွေကို ပေါင်းသင်းပြီးကူညီပြီးနေရတာ ကိုယ်တိုင် အမှုတော်ဆောင်ဖြစ်နေရသလိုပါပဲကွာ။"

လက်ဖက်ရည်ဆိုင်ထဲမှ စားပွဲထိုးကလေး၏ လက်ဖက်ရည်မှာသံက ပူပြင်းခြောက်သွေ့သော နွေနေ့လည်ခင်းကိုဖြတ်၍ ထွက်ပေါ်လာသည်။ စားပွဲပေါ်မှ လက်ဖက်ရည်ပေါ့ကျနှစ်ခွက်သည် လည်း လူနှစ်ယောက်အထဲသို့ စီးမျောပျောက်ကွယ် သွားခဲ့သည်။ ရေနွေးကြမ်းအိုးသည် အနှစ်မဲ့အေး စက်စွာ ရပ်တည်နေသည်။ အသံမဲ့သွားသော လူ နှစ်ယောက်၏အတွေးများသည်လည်း ရွက်ကြွေ များနှင့်အတူ လွင့်မျောလျက်ရှိသည်။ ဖိနပ်ချုပ် သမား၏ ဆန္ဒတွေကို သူဖြည့်ဆည်းပေးခဲ့ပါ သလား။ ဖိနပ်ချုပ်သမား သည်လည်း သူ့ဆန္ဒ တွေပြည့်ဝခဲ့ပါသလား။ သူ မစဉ်းစားတတ်တော့။

❒

ကိုမျိုး (ပြည်)

ခရစ်တော်၌ အိပ်ပျော်သွားပြီဖြစ်သော ကိုသန်းအောင် အား သတိရလျက်








# ကျွန်ုပ်တို့အတွက် ဘုရားသခင့် ငြိမ်သက်ခြင်း

ဆရာအိုက်ငေနာကာ

ယနေ့ နေရာအနှံ့အပြားတို့၌ အဖွဲ့အစည်းတစ်ခုနှင့်တစ်ခုအကြား စစ်ပွဲများဖြစ် နေကြသည်ကို သတိပြုမိကြမည်ဖြစ်သည်၊ ကမ္ဘာ၌ သော်လည်း ကောင်း၊ မြန်မာနိုင်ငံ၌သော်လည်းကောင်း တိုင်းရင်းသား လက်နက်ကိုင်များနှင့် အစိုးရများတို့ကြား စစ်ပွဲများ မကြာခဏ ဖြစ်နေကြခြင်းကိုလည်း သတိထားမိကြမည်ဖြစ်သည်။ ဤကဲ့သို့ စစ်ပွဲများ ဖြစ်ပွားရခြင်းကြောင့် အကျိုးရလဒ်ကိုမူ နှစ်ဘက်လုံးရှိလူများ ခံစားကြရသည်သာမက အပြစ်မရှိသော ကြားခံပြည်သူ/သားများလည်း ယင်းစစ်ပွဲ၏ ဆိုးကျိုးများကို ခံစားကြရသည်ကို သိကြမည်ဖြစ်သည်။ ထို့ကြောင့် အမှန်ပင်စစ်ပွဲများသည်

လူသား အချင်းချင်း(သို့)လူသားများကြား အမုန်းတရားကို တိုးပွားစေခြင်းသာဖြစ်သည်ကို တွေ့ရပါသည်။ ထို့ပြင် အပြန်အလှန်ရန်ငြိုး ထားလာကြသည်ကို လည်း တွေမြင်ရမည်ဖြစ်သည်။ ဤကဲ့သို့ စစ်ပွဲဖြစ်ရခြင်းမှာ တစ်ဦးတစ်ယောက်စီ၌ သော်လည်း ကောင်း၊ အဖွဲ့အစည်း၌သော်လည်းကောင်း၊ ကမ္ဘာ၌သော် နိုင်ငံတစ်ခု၌သော်လည်းကောင်း၊ "ငြိမ်သက်ခြင်း(သို့)ငြိမ်းချမ်းရေး" လည်းကောင်း မရှိကြ ခြင်းကြောင့်သာဖြစ်ပေသည်။

ထို့ကြောင့် ယနေ့ကမ္ဘာလောကကြီးတစ်ခုလုံး၏ အလိုအပ်ဆုံးသောအရာတစ်ခုမှာ "ငြိမ်သက်ခြင်း(သို့) ငြိမ်းချမ်းရေး (Peace) "ပင်

ဖြစ်ပေသည်။ "ယင်းငြိမ်သက်ခြင်း (သို့) ငြိမ်းချမ်းရေး" မရရှိကြသည့်အတွက် ကမ္ဘာလောကကြီး၌ စစ်ပွဲဖြစ်နေရခြင်း၊ စိတ်ပူပင်သောကရောက်နေခြင်းဖြစ်သည်။ ငြိမ်သက်ခြင်း(သို့) ငြိမ်းချမ်းရေးအား အသက်တာ၌ ပိုင်ဆိုင်မရရှိကြသည့် အတွက် ကျွန်ုပ်တို့နေထိုင်သည့် အသိုင်းအဝန်းအတွင်း အမုန်းတရားကို ပွားစေခြင်း၊ အပြန်အလှန်ရန် ငြိုးထားခြင်းများ ဖြစ်လာခြင်း ဖြစ်ပေသည်။ ထို့ ကြောင့် ငြိမ်သက်ခြင်း(သို့)ငြိမ်းချမ်းရေးအား အသက်တာ၌ ပိုင်ဆိုင်ရရှိကြမှသာလျှင် အမုန်းတရားကင်းမဲ့လျက် မေတ္တာတရား ပွားများကာ ငြိမ်းချမ်းသောလူ့ဘောင်သစ်ကို ရရှိပိုင်ဆိုင်ကြမည်ဖြစ်သည်။ ထို့ကြောင့် ယနေ့ ကျွန်ုပ်တို့ တစ်ဦးစီ၌ သော်လည်းကောင်း၊ အသင်းအဖွဲ့ အစည်းအဝေးအတွင်း၌သော်လည်းကောင်း၊ နိုင်ငံအတွင်း၌သော် လည်းကောင်း ၎င်းငြိမ်သက်ခြင်း (သို့) ငြိမ်းချမ်းရေးအား ပိုင်ဆိုင်ရရှိ ကြရန် အလွန်ပင် အရေးကြီး ခြင်းဖြစ်ပါသည်။

ဤကဲ့သို့ လူသားများအား အမုန်းတရားကို တိုးပွားစေသည့် စစ်ပွဲများအား ပြစ်တင်ရှုပ်ချသည့်အနေဖြင့်လည်းကောင်း၊ အမုန်းတရားကင်းမဲ့ပြီး ငြိမ်းချမ်းသောလူ့ဘောင်သစ်တည်ဆောက်သည့်အနေဖြင့်လည်းကောင်း၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ၊ အပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲများကို ဒေသန္တရအဆင့်အနေဖြင့်သော်လည်းကောင်း၊ နိုင်ငံတကာအဆင့်အနေဖြင့်သော်လည်းကောင်း အာရုံစိုက်လုပ်ဆောင်နေကြသည်ကိုလည်း ယနေ့ခေတ်၌ မြင်တွေ့ကြရမည်ဟု မျှော်လင့်ပါသည်။ ထို့ပြင် ဤဆွေးနွေးမှုများမှ ခေါင်းဆောင်များသည် အပစ်အခတ်ရပ်စဲရေးနှင့် ပတ်သက်၍ အပြန်အလှန်သဘောတူလက်မှတ်ရေးထိုးနိုင်ကြသည့်အဆင့်ထိလည်း ရောက်နိုင်ခဲ့ကြသည်ကို တွေ့ရမည်ဖြစ်သည်။ သို့သော် ဤကဲ့သို့ အပြန်အလှန်သဘောတူ လက်မှတ်ရေး ထိုးနိုင်ခဲ့သော်လည်း ငြိမ်သက်ခြင်း(သို့) ငြိမ်းချမ်းရေးမရှိကြသည်သာမက အပြန်အလှန် ပြန်လည်စစ်ပွဲများ ဆက်လက်ဖြစ် နေကြသည်များ ကိုလည်း စိတ်မကောင်းစွာဖြင့် ပြန်မြင်တွေ့နေရ ပါသည်။

ယနေ့ လူသားတစ်ဦးချင်းမှသော်လည်းကောင်း၊ အသင်းတော်များမှသော်လည်းကောင်း၊ ကမ္ဘာမှသော်လည်းကောင်း အလိုအပ်ဆုံးနှင့် အလိုချင်ဆုံးမှာမူ "ငြိမ်သက်ခြင်း (သို့) ငြိမ်းချမ်းရေး" ပင်ဖြစ်သည်ကို သတိပြုမိကြမည်ဟု မျှော်လင့်ပါသည်။ ချမ်းသာကြွယ်ဝမှုများနှင့် အောင်မြင်ကျော်ကြားမှုများထက် ငြိမ်သက်ခြင်း(သို့) ငြိမ်းချမ်းရေးသည် အလိုအပ်ဆုံးနှင့် အလိုချင်ဆုံးသောအရာဖြစ်ပေသည်။ မြန်မာစကား "ငြိမ်သက်ခြင်း (သို့)ငြိမ်းချမ်းရေး" ဟူသည့်စကား လုံး မှာ ဟေဗြဲစကားလုံး၌မူ " Shalom (ရှာလုမ်)" ဖြစ်ပြီး အင်္ဂလိပ်စကားလုံးအားဖြင့် " Peace " ဖြစ်ပါသည်။ ငြိမ်သက်ခြင်း(သို့) ငြိမ်းချမ်းရေး ဟူသည့်စကားလုံးအား ဟေဗြဲစကားလုံးအားဖြင့် ဖော်ပြသော "Shalom (ရှာလုမ်)"စကားလုံး၌ ကြွယ်ဝသောအနက်အဓိပ္ပါယ်များ ရှိသည်ကို တွေ့ရပါသည်။ " Shalom (ရှာလုမ်)" ဟူသည့် စကားလုံးအား "ငြိမ်သက်ခြင်း(သို့) ငြိမ်းချမ်းခြင်း" ဟု ဘာသာပြန်ဆိုသောလည်း စစ်ကင်းမဲ့ခြင်း (absence of war)၊အဓိကရုဏ်းများမှ လွတ် မြောက်ခြင်း(Freedom from conflicts)၊ စိတ်သဘောထားညီညွတ်ခြင်း(သို့) သဟဇာ တဖြစ်ခြင်း (Harmony)၊ ကြွယ်ဝချမ်းသာခြင်း (Prosperity)နှင့် ကောင်းစားခြင်း(Well being) စသည့် အဓိပ္ပါယ်များလည်းပါဝင်သည်ကို သတိပြုရန် လိုအပ်ပါသည်။[၁]





ကျွန်ုပ်တို့အသက်တာအတွက် အလွန်အရေးပါသော၊အလိုအပ်ဆုံးသောအရာဖြစ်သည့် ငြိမ်သက်ခြင်း(သို့) ငြိမ်းချမ်းရေးအား ကျွန်ုပ်တို့ မည်သည့်နေရာမှနှင့် မည်သူ့ထံမှ ရရှိကြမည်နည်း။ ထို့အပြင် ၎င်းငြိမ်သက်ခြင်းအားရရှိရန် မည်ကဲ့သို့ လုပ်ဆောင်ရမည်နည်း။ ငြိမ်သက်ခြင်း(သို့) ငြိမ်းချမ်းရေးကို ကျွန်ုပ်တို့၏ကယ်တင်ရှင်ဖြစ်သော သခင်ခရစ်တော်၌သာလျှင်ရရှိမည်ဖြစ်သည်။ အကြောင်းမှာ သခင်ခရစ်တော်ကိုယ်တော်တိုင်သည် ငြိမ်သက်ခြင်း၏ အရင်းမူလဖြစ်တော်မူသောကြောင့်ဖြစ်သည်။ သို့သော် ယင်းငြိမ်သက်ခြင်းကို ကျွန်ုပ်တို့အား သခင်ခရစ်တော်မှပေးထားခဲ့ပြီးဖြစ်ပါသည်။"ငြိမ်သက်ခြင်းကိုသင်တို့၌ ငါထားခဲ့၏။ငါ၏ငြိမ် သက်ခြင်းကိုသင်တို့အားငါပေး၏။ လောကီသားတို့ပေးသကဲ့သို့ငါပေးသည်မဟုတ်၊ သင်တို့ စိတ်နှလုံးပူပန်ခြင်း၊ စိုးရိမ်တုန်လှုပ်ခြင်း မရှိစေနှင့် (ယောဟန် ၁၄:၂၇)"[၂] ဟုဖော်ပြထားပါသည်။ သခင်ခရစ်တော် မှ ပေးသောငြိမ်သက်ခြင်းမှာ ကျွန်ုပ်တို့လောကသား များ အချင်းချင်း ပေးနိုင်သည့် ငြိမ်သက်ခြင်း မျိုးမဟုတ်ပေ။ သခင်ခရစ်တော် ပေးသည့် ငြိမ် သက်ခြင်းမှာမူ လူသားများ၏ဉာဏ်ပညာအားဖြင့် ကြံစည်၍ မရနိုင်သော၊ နားမလည်နိုင်သောအရာ ဖြစ်ပေသည်။

သခင်ခရစ်တော်မှ ကျွန်ုပ်တို့အားငြိမ်သက်ခြင်းကို ပေးထားခဲ့ပြီးပြီဆိုပါက ယနေ့ကျွန်ုပ်တို့၏အသက်တာ၌သော်လည်းကောင်း၊ အဖွဲ့အစည်း၌သော်လည်းကောင်း၊ နိုင်ငံ၌သော်လည်းကောင်း၊ အဘယ်ကြောင့် ငြိမ်သက်ခြင်းမရှိရသနည်း။ ငြိမ်သက်ခြင်းသည် သခင်ခရစ်တော်ပေးတော်မူခဲ့သောအရာဖြစ်သောကြောင့် သခင်ခရစ်တော်အား ကျွန်ုပ်တို့၏အသက်တာ၌ မရရှိပါက ၎င်းငြိမ်သက်ခြင်းကို ရရှိခံစားကြရမည်မဟုတ်ပေ။ သခင်ခရစ်တော်အား အသက်တာ၌မရရှိပါက အသက်တာ၌ငြိမ်သက်ခြင်းကိုလည်း ရရှိပိုင်ဆိုင်ကြမည်မဟုတ်ပါ။ ထို့ပြင် ခရစ်ယာန်မဟုတ်သူများသည် ခရစ်ယာန်များ (သို့)အသင်းတော်များအားဖြင့် သခင်ခရစ်တော်အား မြင်တွေ့စေရန်ဖြစ်ပါသည်။ ငြိမ်သက်ခြင်းကိုပိုင်ဆိုင်ရရှိကြသည့် ခရစ်ယာန်များအားဖြင့် တစ်ပါးသူများ ဘုရားသခင့်ဘုန်းတော်ထင်ရှားခြင်းအား မြင်တွေ့စေရမည်ဖြစ်ပေသည်။ ယနေ့ ကျွန်ုပ်တို့၏အသက်တာတွင် ငြိမ်သက်ခြင်းမရှိပါက အချင်းချင်း မတည့်ခြင်း၊ အမုန်းတရားပွားများခြင်း၊ တစ်ဦးအပေါ် တစ် ဦးမနာလိုဝန်တိုမှုဖြစ်ခြင်း၊ အိမ်နီးချင်းအပေါ်၌ပင် စကားမပြောနိုင်ခြင်းများ ဆက်ဖြစ်နေအုံးမည်ဖြစ်ပေသည်။

ယနေ့ ကျွန်ုပ်တို့လိုအပ်ဆုံးဖြစ်သည့် ငြိမ်သက်ခြင်း(သို့)ငြိမ်းချမ်းရေးသည် သခင်ခရစ်တော်မှ ကျွန်ုပ်တို့အားပေးနှင့်ထားခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းငြိမ်သက်ခြင်း (သို့) ငြိမ်း ချမ်းရေး၏အရှင်ဖြစ်တော်မူသောသခင်ခရစ်တော်အားအသက်တာ၌ အမှန်တကယ်ရရှိပိုင်ဆိုင်ရန် လိုအပ်ပေသည်။ ကျွန်ုပ်တို့တစ်ဦး တစ်ယောက်စီတိုင်းသည် ကယ်တင်ပိုင်ရှင်သခင်ခရစ်တော်အား အသက်တာ၌ အမှန်တကယ်ရရှိပိုင်ဆိုင်ပါက ၎င်း ငြိမ်သက်ခြင်း(သို့)ငြိမ်းချမ်းရေးသည် ကျွန်ုပ်တို့တစ်ဦးစီတိုင်း၏အသက်တာ၌သာမက ကျွန်ုပ်တို့နိုင်ငံ၌သော်လည်းကောင်း၊ အသင်းအဖွဲ့အစည်း၌သော်လည်းကောင်း၊ ကမ္ဘာ၌သော်လည်းကောင်း ငြိမ်သက်ခြင်း (သို့)ငြိမ်းချမ်းရေးကို ရရှိခံစားကြရမည်ဖြစ်မည်မှာ ဧကန်အမှန်ပင်ဖြစ်ပေသည်။

ထို့ကြောင့် ယနေ့ယုံကြည်သူ ခရစ်ယာန်များအားလုံး၏ အသက်တာ၌ ငြိမ်သက်ခြင်းအရှင်

ဖြစ်တော်မူသော သခင်ခရစ်တော်အား အသက်တာ၌ပိုင်ဆိုင်ရရှိပြီး သခင်ခရစ်တော်မှ ပေးအပ်ထားခဲ့သည့် ၄င်းငြိမ်သက်ခြင်းကိုလည်း တစ်ပါးသူများရှေ့၌ ပြသနိုင်သည့်သူများဖြစ်ကြပါစေကြောင်း ဝေမျှလိုက်ရပါသည်။

## End Note

၁။ David F. Hinson, " The books of the Old Testament: Old Testament Introduction 2, " Revised Edition, (London: SPCK, 2001), p-17.

၂။ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော် (အင်္ဂလိကန်)၊ "နံနက်ဝတ်၊ ငြိမ်သက်ခြင်းအဘို့ ပဌနာ-ဆုတောင်းစာအုပ်"၊ (ရန်ကုန်၊ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းဌာန၊ အောက်တိုဘာလ၊ ၂၀၁၄)၊ စာ - ၃၇။

၃။ အထက်ဖော်ပြပါ ကျမ်းပိုဒ်သည် ယုဒသန်မှုဖြစ်ပါသည်။ ❐

## စမ်းသပ်တာပါ

တစ်နေ့တွင် ကျောင်းသားတစ်ဦးအား ကျောင်းအုပ်ကြီးမှ ခေါ်ယူသတိပေးပါသည်။

ဆရာတစ်ဦး ။ ။ ဆရာ. . အခုဆရာ အွန်လိုင်းမှာ တွေ့သမျှကောင်မလေးတွေကို ရည်းစားစကား ပြောနေတယ်လို့ လာတိုင်ကြတယ်။

ကျောင်းသား ။ ။ ဟုတ်ပါတယ်ဆရာ . . . ဗေဒင်ဟောတဲ့ လူတစ်ယောက်က ကျွန်တော့်ကို ဆရာမှာ ရည်းစားမရှိတာ၊ ဆရာကြိုက်တဲ့သူရှိပေမယ့် ဆရာကမသိလို့ဖြစ်နေတာတဲ့။ ဒါနဲ့ ကျွန်တော်လဲ. . ကျွန်တော့်ကို ဘယ်သူကြိုက်မှန်းမသိလို့ . . . လိုက်မေးရင်း စမ်းသပ်တာပါဆရာကြီးခင်ဗျာ. . . တဲ့။

ဒီဒေး






# ဘုရားရှင်၏ ရူပါရုံ

နောင်တော်ကြီး

နိုးကြားရှင်သန်နေတဲ့ အသင်းတော်ဖြစ်ဖို့ ဘုရားရှင်မှာ ကြီးမားတဲ့ ရူပါရုံတစ်ခုရှိနေပါတယ်။ အချက် (၃)ချက်နဲ့ စဉ်းစားသုံးသပ်ကြည့်ရအောင်။

၁။ အသင်းဝင်သူတိုင်း၊ အသင်းတော်ကို တာဝန်ခံရပါမယ်။

ခရစ်ယာန်ဖြစ်နေရုံနဲ့ မလုံလောက်ပါဘူး။ ခရစ်တော်ကို ဝန်ခံနေခြင်းသာမက၊ ခရစ်တော်ရဲ့ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း နားလည်သဘောပေါက်ရပါမယ်။ ဗတ္တိဇံခံစဉ်က ခရစ်တော်ရဲ့ကိုယ်အင်္ဂါဖြစ်ကြောင်း မထိုက်တန်တဲ့ဆုကို ရခဲ့ကြတယ်မဟုတ်ပေဘူးလား။

အသင်းတော်ဟာ ထာဝရအသက်ကို အသင်းဝင်တိုင်းရဖို့ရန်အတွက် ဦးဆောင်လမ်းညွှန်ပေးရပါမယ်။ ဒါဟာ ဘုရားရှင်ရဲ့ အကြီးမားဆုံးသော ရူပါရုံပါ။ နောက်မှရလာတဲ့စိတ်ကူး၊ မတော်တဆတိုက်ဆိုင်မှုမဟုတ်ပါ။ ဘုရားရဲ့ သားသမီးတွေ မပျက်စီးဘဲ ထာဝရအသက်ကို လက်ဆုပ်လက်ကိုင် ပိုင်ဆိုင်နိုင်ဖို့ သမိုင်းကြောင်းတစ်ခုလုံးကို ပုံဖော်ခဲ့ပါတယ်။ အဲ့ဒီဆုလာဘ်ကြီးကို အမွေဆက်ခံရခဲ့တဲ့ အသင်းတော်၊ ထိုအသင်းတော်မှာ ပါဝင်ကြတဲ့ အသင်းဝင်များအနေနဲ့ ဘုရားရှင်ပြင်ဆင်ပေးတဲ့ အကြီးမားဆုံးသောဆုကို မမေ့လျော့ကြဖို့ဖြစ်ပါတယ်။

၂။ အသင်းဝင်သူတိုင်းဟာ အသင်းတော်ရဲ့သာသနာတော်ကြီးမှာ တာဝန်ခံကြရပါမယ်။

အသင်းတော်နဲ့ အသင်းဝင်သူတိုင်းဟာ (၂) ဖက်ပြယုဂ်ရှိပါတယ်။ ကမ္ဘာလောကထဲမှာ ဘုရားရှင်ရဲ့ ပိုင်ဆိုင်ရာတွေဖြစ်ပြီး၊ သက်သေခံကြဖို့နဲ့ အစေခံကြဖို့ ကမ္ဘာလောကကြီးထဲကို စေလွှတ်ခံသူများပါ။ သာသနာပြုခြင်း လုပ်ငန်းတွေ လုပ်ဆောင်ရာမှာ နည်းလမ်းမျိုးစုံ ရှိနိုင်မှာဖြစ်သလို၊ အခြေခံအားဖြင့် ခရစ်တော်ရဲ့ စံနမူနာအပေါ်မှာသာ အခြေပြုရပါမယ်။

ဘုရားရှင်ရဲ့သာသနာက တစ်ပါးတည်းသောသားတော်ယေရှုခရစ်တော်ကို လူ့ဇာတိခံယူစေခြင်းဖြင့် ရွေးနှုတ်ကယ်တင်ခြင်းအမှုပြုခြင်းပါပဲ။

၃။ အသင်းဝင်တိုင်း အသင်းတော်ကြီးရှင်သန်နိုးကြားဖို့ တာဝန်ခံကြရပါမယ်။

အသင်းတော်အတော်များများအရှိန်အဟုန်နဲ့ ကြီးထွားလာနေပါတယ်။ ဖွံ့ဖြိုးတိုးတက်မှုလွန်ကဲသောနိုင်ငံများရှိ အသင်းတော်တွေအနေနဲ့ အသင်းတော်ကြီး နိုးကြားခြင်း၊ နိုးမကြားခြင်းကို စိတ်ဝင်စားမှုမရှိကြတော့ပေ။ အရွယ်အစား ကြီးထွားခြင်းထက်၊ နက်ရှိုင်းမှုရှိဖို့ရန် အရေးကြီးတဲ့အတွက် အသင်းဝင်သူတစ်ဦးချင်းအလိုက် ယေရှုခရစ်တော်ရဲ့ တပည့်တော်များဖြစ်ဖို့လိုပါတယ်။

အသင်းတော်လို့ပြောရင် ကနဦးအသင်းတော်ဖြစ်တဲ့ ယေရုရှလင်မှာရှိခဲ့တဲ့ အသင်းတော်ကို ပြန်ပြောင်း မီးမောင်းထိုးကြည့်ဖို့ လိုပါလိမ့်မယ်။ (တမန် ၂) ပင်တေကုတ္တေပွဲနေ့မှာ ခံယူခဲ့တဲ့ သန့်ရှင်းသောဝိညာဉ်တော်နဲ့ ပြည့်ဝတဲ့ အသင်းတော်ဖြစ်ပါတယ်။ တမန်တော်တွေရဲ့ သွန်သင်မှုကိုခံယူခဲ့တဲ့ အသင်းတော်ဖြစ်ပါတယ်။ မိမိတို့ရဲ့ပိုင်ဆိုင်မှုတွေကို ခွဲဝေပြီး တစ်ဦးနဲ့တစ်ဦး ဂရုစိုက်ခဲ့ကြတယ်။ မိဿဟာ ရဖွဲ့ခဲ့ကြတယ်။ အစဉ်မပြတ်ဂုဏ်တော်ချီးမွမ်းပြီး ဘုရားကိုဝတ်ပြုကိုးကွယ်ခဲ့ကြတဲ့ ဘုရားရှင်ရဲ့ သာသနာတော်အတွက် စွန့်လွှတ်စွန့်စားပြီး ဧဝံဂေလိလုပ်ဆောင်ခဲ့ကြတဲ့အသင်းတော်ဖြစ်ပါတယ်။

ရှင်သန်နိုးကြားတဲ့အသင်းတော်ဖြစ်ဖို့ ဘုရားရှင်ရဲ့ ကြီးမားတဲ့ ရူပါရုံပြည့်စုံဖို့၊ ဘုရားကို ဘေးဖယ်ချန်ထားလို့ မရပါဘူး။ အမှန်တကယ်ပဲ ဘုရားကိုဖိတ်ခေါ်မှသာ စစ်မှန်ရှင်သန်နိုးကြားတဲ့ အသင်းတော်ကြီးဖြစ်မှာပါ။ ❒

## လှယ်ပါတယ်

ကျောင်းသားသစ်တစ်ဦးသည် မိမိအခက်အခဲကို အတန်းကြီးကျောင်းသားအား ယခုကဲ့သို့ တိုင်ပင်ပါသည်။

ကျောင်းသားသစ် ။ ။ အစ်ကိုရာ. . ကျွန်တော့်ဆီမှာ ငွေပြတ်သွားလို့ ဆပ်ပြာတို့၊ သွားတိုက်ဆေးတို့ ဝယ်ဖို့ ငွေလိုနေတယ်ဗျာ. . အဲ့ဒါ။

ကျောင်းသားကြီး ။ ။ အာ . . . ညီလေးရာလွယ်ပါတယ်၊ ဝယ်မနေနဲ့ မနက်မိုးလင်းရင် အခန်းတစ်ခန်းကို သွားတိုက်တံလေး ကိုင်သွားပြီး သွားတိုက်ဆေး တစ်တို့လောက်တောင်းလိုက်။ နောက်တစ်ခန်းမှာ ခေါင်းလျှော်ရည်လေး လက်ခုပ်လေးနဲ့ တောင်းပြီး ခေါင်းပေါ်တင်လာခဲ့။ ရေချိုးခန်းမှာ ရေချိုးတဲ့လူရောက်လာရင် သူ့ဆီက ဆပ်ပြာခဏဆိုပြီးငှားသုံး၊ အစ်ကိုဆို အဲ့လို လုပ်လာတာ နှစ်နဲ့ချီနေပြီ . . . . .

ကျောင်းသားသစ် ။ ။ ကောင်းလိုက်တဲ့အကြံဗျာ . . . တဲ့။

ဒီဒေး



# ပုံနှိပ်မှတ်တမ်း

တာဝန်ခံစာတည်း
စောဘုန်းကျော်လင်း

မျက်နှာဖုံးပန်းချီ
ဘုန်းတော်ကြီး ဂျပ်ဆင်ဝင်းနန္ဒာထွန်း (နောင်တော်ကြီး)


မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်း
စောခလေးစော (မောင်ကောင်းကြီး)

ပုံနှိပ်တိုက်
ကိုမျိုးသန်း

ခုနှစ်
၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ

သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်၊ ရန်ကုန်။

အုပ်ရေ – ၅၀၀



မျက်နှာဖုံးပန်းချီ − နောင်ယော်ကြီး
ဒီဇိုင်း − မောင်ကောင်းကြီး

# ''ဝိညာဉ်တော်ဘုရား ထ၍တည့်ဒေါက်စေပါ''

ယောဟန် ၄း၂၄၊ နေဟမိ ၂း၁၈

သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်
အမှတ် (၁၀၄)၊ အင်းယားလမ်း၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်။

အသင်းတော်တွင်းကန့်သတ်